# ငြိမ်းချမ်းရေးဝန်ဆောင် ရဟန်းတော်များ

ဝဝဝဝဝ

## ရေးသားပြုစုသူ

## ဘုန်းနွယ် (ရေစကြို)

အရှင်ဇောတိက (ဘုန်းနွယ်)
စာပေရောင်ခြည်ကျောင်း
အောင်မြေသာယာသူဌေးတိုက်
ရေ စ ကြို မြို့ ။

မာတိကာ


| | |
|---|---|
| ၁။ ဇွယ်ရှင် ပုံ့သကူမထေရ် | ၃ |
| ၂။ ရှင်ဒိသာပါမောက္ခ | ၉ |
| ၃။ စကြိုသူမြတ် ရှင်ဇောတယန္တ | ၁၄ |
| ၄။ စာဆိုတော် ရှင်တေဇောသာရ | ၁၉ |
| ၅။ ရခိုင်ဆရာတော်များ | ၂၄ |
| ၆။ စံကျောင်းဆရာတော် | ၂၉ |
| ၇။ ဟံသာဝတီဆရာတော်များ | ၃၄ |
| ၈။ ရှစ်ထောင့်ကျောင်းဆရာတော် | ၃၉ |
| ၉။ ဘကြီးတော်လက်ထက် ဆရာတော်များ | ၄၄ |
| ၁၀။ ဗားကရာဆရာတော်နှင့် အဖွဲ့ | ၅၅ |

# ငစွယ်ရှင် ပုံ့သကူမထေရ်

ပုံ့သကူမထေရ်သည် ပုဂံခေတ် အလောင်းစည်သူ၊ နရသူ၊ မင်းယဉ်နရသိခ်၊ နရပတိစည်သူဟူသော မင်းလေးဆက်အတွင်း ထင်ရှားခဲ့သော မထေရ်တစ်ပါးဖြစ်သည်။ ပုံ့သကူမထေရ်၏ ဘွဲ့မည်ကို ရှင်သီလဝံ့မိဟု ခေါ်သည်။ မထေရ်၏ အကျင့်အမူကို အစွဲပြု၍ ပုံ့သကူမထေရ်ဟု ခေါ်တွင်လာခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုမထေရ်သည် လူတို့ လှူဒါန်းသော ကထိန်သင်္ကန်း စသည်တို့ကို ဘယ်တော့မျှ မဝတ်။ သုသာန်တစပြင်မှရသော လူသေလွှမ်းသည့် အဝတ်များကို ကောက်ယူစုဆောင်း၍ ချုပ်ဆိုးပြီးလျှင် ပုံ့သကူသင်္ကန်းအဖြစ် ဝတ်ဆင်လေ့ရှိသည်။ ထို့ကြောင့်ပင် ပုံ့သကူမထေရ်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

## တစ်မျိုးခေါ်တွင် ငစွယ်ရှင်

နောက်ပိုင်းတွင် ' ငစွယ်ရှင် ' ဟုလည်း ခေါ်တွင်လာခဲ့သည်။ ထိုနာမည်ကို ရရှိလာခြင်းနှင့် ပတ်သက်၍လည်း ဇာတ်လမ်းက ခပ်ဆန်းဆန်းပင်။ ဖြစ်ရပ်ကား ဤသို့တည်း။

ပုံ့သကူမထေရ်သည် မည်သူလှူဒါန်းသော သင်္ကန်းကိုမျှ လက်မခံ။ ဝတ်ဆင်လေ့မရှိ။ ဤအခြေအနေကို သိသော နွားကျောင်းသား လူငယ်အချို့က မထေရ်မြတ်အား သင်္ကန်းလှူဒါန်းရန် ကြံစည်ကြ၏။ ထိုအထဲတွင် ငစွယ်ငယ်ဆိုသူက ဦးဆောင်သည်။

ငစွယ်ငယ်က အခြားနွားကျောင်းဖော်များကို ဤသို့ အကြံပြု၏။

*“သူငယ်ချင်းတို့၊ နင်တို့လည်း ကုသိုလ်ရ၊ ငါလည်း ကုသိုလ်ရအောင် လုပ်ကြမည်၊ ငါက သေချင်ဟန်ဆောင်မည်၊ ငါ့ကိုယ်ပေါ်ကို နင်တို့အဝတ်တွေ လွှမ်းထား၊ ပြီးတော့ ပုံ့သကူမထေရ်ကို သွားပင့်ကြ၊ ငါပေးသည့်အကြံ မကောင်းဘူလား၊ ”*

အခြား နွားကျောင်းဖော်များက ငစွယ်ငယ်၏ အကြံပြုချက်ကို လက်ခံကြသည်။ ထို့နောက် ငစွယ်ငယ်သည် သုသာန်တစပြင်၌ သေသူကဲ့သို့ နေ၏။ ကိုယ်ပေါ်၌ အဝတ်ပုဆိုးတို့ကို ဖုံးလွှမ်းထား၏။

အခြား နွားကျောင်းသားတို့က ပုံ့သကူမထေရ်အား သွားရောက် လျှောက်ထားကြသည်။ မထေရ်မြတ်လည်း သုသာန်သို့ ကြွရောက်လာပြီး သူသေလွှမ်းသော အဝတ်တို့ကို ကောက်ယူ၍ ကျောင်းသို့ ပြန်သွားသည်။

လူသေဟန်ဆောင်သော ငစွယ်ငယ်သည် မထေရ်မြတ် ပြန်ကြွသွားသော်လည်း မထတော့။ ခေါ်လို့လည်း မရ။ တကယ့်လူသေကဲ့သို့ ဖြစ်နေတော့၏။ ထိုအကြောင်းကို ငစွယ်ငယ်၏ မိဘများထံ ပြေး၍ ပြောပြကြသည်။

မိဘဆွေမျိုးတို့ကလည်း အကျိုးအကြောင်းကို ပုံ့သကူမထေရ်မြတ်ထံ သွားရောက်လျှောက်ထားကြသည်။ ပုံ့သကူမထေရ်လည်း ငစွယ်ငယ်ထံ ကြွရောက်လာပြီး မေတ္တာရေဖြင့် ပက်ဖျန်းရာမှ ငစွယ်ငယ် သတိရလာသည်။ မထေရ်မြတ်ကို ထ၍ ရှိခိုးဦးတင်ပြသည်။

မိဘတို့သည် ငစွယ်ငယ်ကို ပုံ့သကူမထေရ်မြတ်အား အပြီးအပိုင်လှူဒါန်းလိုက်သည်။ ထိုအချိန်မှစ၍ ပုံ့သကူမထေရ်အား ' ငစွယ်ရှင် ' ဟုလည်း ခေါ်တွင်လာကြသည်။

ပုံ့သကူမထေရ်သည် အလောင်းစည်သူခေါ် မဏိစည်သူနှင့် နရသူမင်းတို့ ထီးနန်းအပြောင်းအလဲ ကာလတွင် ဓား မကျိုး၊ လှံမကျိုးစေရ၊ သွေးထွက်သံယို မရှိစေရဘဲ ငြိမ်းချမ်းမှုကို ဖော်ဆောင်ပေးခဲ့သော မထေရ်တစ်ပါး ဖြစ်ပါသည်။ သို့ရာတွင် ဤငြိမ်းချမ်းရေးမှာ မထေရ်မြတ်စိတ်တိုင်းကျကား မဖြစ်ခဲ့ပါ။ မည်သို့ရှိစေ၊ မထေရ်မြတ်၏ ဆောင်ရွက်ချက်ကြောင့်

လူသားများစွာ သေဆုံးရမည့် အန္တရာယ်မှ ကာကွယ်နိုင်ခဲ့ပါသည်။

ဤဖြစ်ရပ်ဇာတ်ကြောင်းကို ပြန်ပြောင်း လေ့လာမည်ဆိုပါက အလောင်းစည်သူမင်း နန်းစံစဉ်ကာလမှစ၍ ဖော်ပြရပေမည်။

## သမိုင်းနောက်ခံ ဇာတ်ကြောင်းပြန်

ရတနာပုံသည် အလောင်းစည်သူမင်း၏ မိဖုရားကြီး တစ်ပါးဖြစ်၏။ ရတနာပုံမိဖုရားမှ သားတော် မင်းရှင်စောကို မွေးဖွားသည်။ မင်းရှင်စောသည် မိဖုရားကြီးက မွေးမြင်သော သားတော်ကြီးဖြစ်၍ ထီးညွန့်နန်းလျာ မင်းသားတစ်ပါးဖြစ်သည်။

မင်းရှင်စောသည် နန်းလျာမင်းသားကြီး ဖြစ်သည့်အလျောက် ရာဇမာန်ကြီးသည်။ ထီးနန်းဉပဒေကို ရိုသေလေးစားသည်။ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြသည်။ မျိုးချစ်စိတ်ဓာတ် ခိုင်မာသည်။ ဤစိတ်ဓာတ်သည် ခမည်းတော် အလောင်းစည်သူမင်းနှင့် မပြေလည်မှုကို ဖြစ်စေခဲ့လေသည်။

တစ်ရံရောအခါ ပဋိက္ကရားမင်းက သမီးတော်တစ်ပါး ဆက်သလာ၏။ အလောင်းစည်သူမင်းသည် ကုလားမင်း၏ သမီးကို ' ပဘာဝတီ ' အမည်ဖြင့် ကိုယ်လုပ်မောင်းမများစွာ ပေး၍ မြှောက်စားထားသည်။ ပဘာဝတီသည် အလောင်းစည်သူမင်းအား အပြတ်လုပ်ကျွေးနေရလေသည်။

တစ်နေ့သော် သားတော်ကြီး မင်းရှင်စောသည် ခမည်းတော်ကို ခစားရန် တက်လာ၏။ ထိုအချိန်တွင် ပဘာဝတီသည် မင်းကြီးနှင့်အတူ သလွန်ထက်၌ နေနှင့်သည်။ မင်းရှင်စောသည် ခမည်းတော်နှင့်အတူ ယှဉ်တွဲနေသော ပဘာဝတီကို မကျေနပ်ပေ။ ပဘာဝတီကလည်း သလွန်ထက်က ဆင်းမပေး။ နေမြဲတိုင်း နေသည်။

မင်းရှင်စောသည် "*ငါကဲ့သို့ သားတော်ကြီး ရှိပါလျက် မိဖုရားငယ်ကို သလွန်ထက်မှာ ထားရသလော*" ဟု ခမည်းတော်ကို မခစားဘဲ မျက်နှာလွှဲနေ၏။ အကယ်၍ အရိုအသေပေးကာ ခစားမည်ဆိုလျှင် မိဖုရားငယ်ကိုပါ ခစားရာ ရောက်သွားနိုင်ပေသည်။ ထို့ကြောင့် ခဏကြာလျှင် ကိုယ်လက်မကျန်းမအီ ဖြစ်သည်ဟုဆိုကာ နန်းရင်ပြင်မှ ထွက်ခွာခဲ့သည်။ ဤလုပ်ရပ်ကို ခမည်းတော်က ကျေနပ်ခြင်း မရှိပေ။

## ထပ်ဆင့်ပြဿနာ ကြုံပြန်ရာ

တစ်ခါသော် အလောင်းစည်သူသည် အထိန်းတော်သား အနန္တသူရိယကို ဒယင်အခြေတပ်သော ဝတ်လုံကို ပေးသနားတော်မူသည်။ ထိုဝတ်လုံသည် မင်းညီမင်းသားတို့သာ ဝတ်ဆင်ရသော အဝတ်အစားမျိုးဖြစ်သည်။

အနန္တသူရိယသည် မင်းပွဲသဘင်ရှိလျှင် ထိုဝတ်လုံကို ဝတ်ဆင်၍ တက်ရောက်လေ့ရှိသည်။ ဤကိစ္စကို စည်းကမ်းကြီးသော မင်းရှင်စောက တွေ့မြင်သွားသည်။

ထိုအခါ မင်းရှင်စောက "*ဒီဝတ်လုံဟာ မင်းထိန်းမင်းယတို့ ဝတ်ဆင်ရသော အဝတ်မျိုး မဟုတ်ဘူး၊ နန်းဓလေ့ထုံးစံအရ မင်းညီမင်းသားတို့သာ ဝတ်ဆင်ရသည်၊ နန်းဓလေ့စည်းကမ်းကို မလိုက်နာဘဲ အရောရောအနှောနှော မဝတ်စေနှင့်၊* " ဟုဆိုကာ အနန္တသူရိယအား ဝတ်လုံကို ချွတ်စေသည်။ ထို့နောက် အထိန်းအယတို့ ဝတ်သော အဝတ်ကို အစားထိုးပေးလိုက်လေသည်။

ထိုအကြောင်းကို အလောင်းစည်သူမင်း ကြားလျှင် ဒေါသကြီးစွာ ဖြစ်သွား၏။ "*ငါပေးတော်မူလို့ ဝတ်သည်ကို ငါမသေမီကပင် ဤကဲ့သို့ ကျင့်ကြံနေသည်၊ ငါမရှိသည့်နောက်*

*မင်းဖြစ်မည်ဆိုလျှင် ငါ့သားတော် သမီးတော် မျုးတော် မတ်တော်တို့ကို နှိပ်စက် ညှဉ်းပန်းတော့မည်၊ "* ဟု ယူဆသည်။

ဤကိစ္စအတွက် မင်းရှင်စောအား စားကျေး စားလက်နှင့်တကွ အခြွေအရံ ရွှေငွေတို့ကိုပါ ရုပ်သိမ်း၍ နှောင်အိမ်သွင်းကာ အကျဉ်းချထားလေသည်။

## သားတော်အတွက် ရတက်ဗျာပွေ

အလောင်းစည်သူသည် မိမိ၏ နန်းဓလေ့စည်းကမ်း ဖောက်ဖျက်မှုကို မသုံးသပ်ဘဲ မိမိအလိုကျ မဖြစ်မှုကို တစ်ဖက်သတ် အစွဲကြီးကာ အရေးယူလိုက်ခြင်း ဖြစ်သည်။ ဤသို့ ပြုမူဆောင်ရွက်လိုက်ခြင်းမှာ မိမိဘဝ ပျက်စီးဖို့အတွက် အစပျိုးလိုက်ခြင်းဖြစ်ကြောင်း အလောင်းစည်သူကိုယ်တိုင် မရိပ်စားမိခဲ့ချေ။

မည်သို့ရှိစေ၊ နန်းဓလေ့စည်းကမ်းကို အလေးထားသော မင်းရှင်စောမှာ အကျဉ်းသားဘဝသို့ ရောက်ရှိနေရပြီ။ ဤကိစ္စအတွက် ရတက်ဗျာပွေ သောကဝေနေရသူမှာ မိဖုရားကြီး ရတနာပုံဖြစ်သည်။

ရတနာပုံမိဖုရားကြီးသည် သားတော် အကျဉ်းသားဘဝမှ လွတ်မြောက်ရေးကို နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းရသည်။ မိမိတစ်ဦးတည်း ကြိုးစားမှုကို အလောင်းစည်သူက အလေးမထားခဲ့ပေ။ ထို့ကြောင့် နန်းတွင်းသူ မိဖုရားများနှင့် မျုးမတ်တို့ကို ဝိုင်းဝန်း၍ လျှောက်တင်ခိုင်းရသည်။

အလောင်းစည်သူသည် တစ်နန်းတော်လုံးက ဝိုင်း၍ လျှောက်တင်ကြသဖြင့် တစ်ထစ်လျှော့၍ နှောင်အိမ်မှ ထုတ်ပေးသည်။ သို့သော် ပုဂံပြည်မှာ မနေစေရဘဲ အခြွေအရံများနှင့်အတူ နယ်နှင်ဒဏ် ပေးလိုက်သည်။ ဤပြုမူချက်သည်လည်း အလောင်းစည်သူမင်း၏ ထပ်ဆင့်မှားယွင်းချက်ပင် ဖြစ်ပေသည်။

## ပုဂံနန်းတွင်း အရေး

အလောင်းစည်သူမင်းသည် ကိုယ်လုပ်တော်တစ်ဦးက မွေးဖွားသော သားတော် နရသူကို လုပ်ရည်ကြံရည် ရှိသည်ဟုဆိုကာ ပြည်ထဲရေးကိစ္စများကို လွှဲအပ်ထားသည်။ နရသူသည် မင်းရှင်စောကဲ့သို့ သားတော်ကြီးများ မရှိသဖြင့် နန်းတော်တွင်းဝယ် ခြယ်လှယ်ခွင့် ရရှိသွားတော့သည်။

နောက်ပိုင်းတွင် နရသူသည် ပုဂံထီးနန်းကို စိုးမိုးအုပ်ချုပ်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် အလောင်းစည်သူမင်းလည်း နာမကျန်းဖြစ်လာသည်။ မင်းကြီး သတိလစ်နေချိန်တွင် နရသူသည် ခမည်းတော်မင်းအား နန်းချ၍ ရွှေဂူကြီးဘုရားအတွင်းသို့ ပို့ထားလိုက်သည်။

အလောင်းစည်သူမင်းသည် သတိရ၍ ကြည့်လိုက်သောအခါ " *ငါ့နန်းတော် မဟုတ်ပါလား၊* "ဟု ပြောသည်။

ကိုယ်လုပ်တော်တို့က "*အရှင့်နန်းတော် မဟုတ်ပါ၊ ကောင်းမှုတော် ရွှေဂူကြီးဘုရားဖြစ်ပါသည်၊* "ဟု လျှောက်တင်ကြသည်။

ဘုရင်သည် ဒေါသကြီးစွာ " *ဒါ ဘယ်သူ့အတတ်နည်း၊* "ဟု အော်ဟစ်မေး၏။

"*သားတော် နရသူရဲ့အတတ် ဖြစ်ပါသည်၊* "လျှောက်ကြ၏။

အလောင်းစည်သူသည် သားတော် နရသူအား ကောက်ကျစ်သူမှန်း သိသွားပြီ။ နရသူကို ယုံကြည်ခဲ့သည်မှာ မှားယွင်းခဲ့ပြီ။ နရသူအပေါ် ဒေါသကြီးစွာ ဖြစ်ရသည်။ သို့သော်

လည်း ယခုအချိန်တွင် မိမိဘာမျှ မတတ်နိုင်တော့ပြီ။

နရသူသည် မင်းကြီးသတိပြန်ရလာကြောင်း သိရှိသွားသည်။ မင်းကြီးကျန်းမာလာလျှင် မိမိဒုက္ခရောက်တော့မည်ဟု သိရှိလိုက်၏။ ထို့ကြောင့် အားအင်ကုန်ခန်းနေသော မင်းကြီးကို အဝတ်တို့ဖြင့် ဖိ၍ မွန်းကျပ်စေသည်။ နောက်ဆုံးတွင် အသက်မရှူနိုင်တော့ဘဲ ကံတော်ကုန်ခဲ့ရလေသည်။

အလောင်းစည်သူသည် ထီးနန်းတွင် စည်းကမ်းရှိသော သားတော်ကြီးကို အထင်လွဲခဲ့သည်။ အလောင်းစည်သူသည် မြန်မာ့သမိုင်းတွင် ထင်ရှားသော မင်းတစ်ပါး ဖြစ်သော်လည်း ထီးနန်းအရေး စီမံခန့်ခွဲမှုမှာ အလွန်လွဲမှားခဲ့သူ ဖြစ်လေသည်။

## မင်းရှင်စော ပြဿနာ

နရသူသည် ခမည်းတော် မရှိတော့သော်လည်း ထီးနန်းကို အကြည်အသာ မရနိုင်သေး။ အကြောင်းမှာ မိမိထက် အရိုန်အဝါကြီးသော သားတော်ကြီး မင်းရှင်စော ရှိနေသေးသောကြောင့်ပင်တည်း။

မင်းရှင်စောသည် ခမည်းတော်က နယ်နှင်ဒဏ် ပေးလိုက်သဖြင့် ထွန်တုံးပူတက် အရပ်မှာ မြို့ရွာတည်ထောင်၍ နေသည်။ ယခုမန္တလေးအရပ်ရှိ အောင်ပင်လယ်ကန်ကြီးကို ဆည်သည်။ တမုတ်ဆိုးကန်ကို ဆည်သည်။ ပယ်ပေါင်း သုံးသောင်းခန့်ရှိသော လယ်များကို တည်ထောင်သည်။

မင်းရှင်စော တည်ထောင်သော မြို့ရွာများမှာ ဖွံ့ဖြိုးလှသောကြောင့် တစ်နေ့တခြား စည်ပင်ဝပြောလာသည်။ ဆင်မြင်းဗိုလ်ပါတို့လည်း များပြားလှသည်။

သားတော်ကြီး မင်းရှင်စောသည် ခမည်းတော် နတ်ရွာလားပြီဟု ကြားလျှင် ထီးနန်းသိမ်းပိုက်ရန်အတွက် ရေတပ်၊ ကြည်းတပ် အလုံးအရင်းဖြင့် ပုဂံပြည်သို့ ချီတက်ရန် ပြင်ဆင်လေတော့သည်။

ဤသတင်းကို ကြားသိရသောအခါ နရသူသည် များစွာ စိတ်သောက ပွားရသည်။ မင်းရှင်စောသည် မိမိထက် ဂုဏ်ဝါကြီးမြင့်သူ ဖြစ်သည်။ ဗိုလ်ပါအင်အားလည်း တောင့်တင်းသည်။ အကယ်၍ ဘက်ပြိုင်တိုက်ခိုက်ရမည်ဆိုပါက မိမိအတွက်သာ နစ်နာနိုင်စရာ ရှိပေသည်။

ထို့ကြောင့် စစ်မတိုက်ဘဲ မိမိအကြံအစည် အောင်မြင်ရန် အလေးအနက်ထား၍ သုံးသပ်သည်။ ထိုအခါ ပုဂံပြည်သူတို့ ယုံကြည်လေးစားနေသော ပံ့သကူမထေရ်ကို ပြေး၍ သတိရလိုက်လေသည်။

## ပံ့သကူမထေရ်၏ ငြိမ်းချမ်းရေး

နရသူမင်းသားသည် ပံ့သကူမထေရ်ထံ သွားရောက်၍ မိမိအစီအစဉ်ကို လျှောက်ထားသည်။

" *ပံ့သကူမထေရ်ဘုရား၊ နောင်တော် မင်းရှင်စောသည် ရေအား၊ ကြည်းအား အလုံးအရင်းနှင့် ပုဂံကို စုန်ဆင်းပြီး မင်းပြုလာမည်ဟု ကြားသိရပါသည်၊ ဒီလို စစ်သည်အင်အား သုံးလာမည်ဆိုလျှင် ပြည်ထဲရေးလည်း ချောက်ချားစရာ ဖြစ်ပါမည်၊ အလုံးအရင်းနှင့် ချီတက်လာဖို့ မလိုပါ၊ နောင်တော် တစ်ဦးတည်းသာ ဓားတစ်စင်း၊ မြင်းတစ်စီးနှင့် လာစေလိုပါသည်၊ ပုဂံပြည်ရောက်လျှင် ထီးနန်းကို အပ်ပါမည်၊ ဒီကိစ္စကို ပံ့သကူအရှင်မြတ် ကြွရောက်ပြီးဆောင်ရွက်ပေးစေလိုပါသည်၊* "

ပံ့သကူမထေရ်က “ *ငါခေါ်၍ ရောက်လာသည့်အခါ နန်းမတင်ဘဲနေလျှင် ငါ ရဟန်းတရားနှင့် မလျော်ဖြစ်တော့မှာပ၊* ” ဟု ပြောသည်။

“ *စိတ်ချပါ အရှင်၊ နောင်တော်ရောက်လာလျှင် နောင်တော်ရဲ့ဓားကို တပည့်တော်ကိုယ်တိုင် ထမ်းပြီး နန်းအပ်ပေးပါမည်၊* ” ဟု သစ္စာပြု၍ ပြောသည်။

ပံ့သကူမထေရ်သည် နရသူ၏ ကတိစကားအရ ပုဂံပြည်သူတို့ ငြိမ်းချမ်းရေးအကျိုးငှာ မင်းရှင်စောရှိရာသို့ ကိုယ်တိုင်ကြွသွားသည်။ အကျိုးအကြောင်းကို ပြောကြားပြီး ပုဂံနေပြည်တော်သို့ အပါခေါ်ဆောင်လာခဲ့သည်။

မင်းရှင်စောသည် ပံ့သကူမထေရ်၏ စကားအရ ဗိုလ်ပါဆင်မြင်းတို့ကို မခေါ်ယူတော့ဘဲ လှော်ကားတစ်စင်းဖြင့်သာ ပံ့သကူမထေရ်နှင့်အတူ ပုဂံပြည်သို့ စုန်ဆင်းခဲ့လေသည်။

နရသူသည် ပုဂံဆိပ်ကမ်းမှ ကြိုဆိုသည်။ မိမိပေးသော ကတိစကားအတိုင်း နောင်တော်၏ ဓားကိုထမ်းကာ ပုဂံထီးနန်းကို အဘိသိက်သွန်း၍ တင်မြှောက်သည်။ ထိုနန်းတင်သော နေ့မှာပင် နရသူသည် မိမိအကြံအစည်အတိုင်း ပွဲတော်အုပ်ထဲသို့ အဆိပ်များ ခတ်ထည့်လိုက်သည်။ နောင်တော်မင်းရှင်စောသည် ထိုအဆိပ်ပွဲတော်စာကို စားသုံးမိသောကြောင့် အနိစ္စရောက်ရသည်။ မင်းရှင်စော၏ နန်းသက်ကား တစ်ရက်မျှသာ အသက်ရှည်လေသည်။

ပံ့သကူမထေရ်သည် ထိုသတင်းကို ကြားလျှင် ကြားချင်း ပုဂံနန်းသို့ ကြွရောက်သည်။ နရသူမင်းအား “ *နရသူ၊ သင်ဟာမင်းဆိုး မင်းညစ်ပဲ၊ တစ်ခဏမျှ လောကီစည်းစိမ်ကို ကြည့်ပြီး သံသရာကို မကြောက်၊ ငါ့မျက်နှာကိုလည်း မထောက်၊* ” ဟု ပြောသည်။

“ *အရှင့်ထံမှာ သစ္စာခံသည့်အတိုင်း နောင်တော့်ဓားကို ထမ်းပြီး နန်းအပ်ခဲ့ပါသည်၊ သစ္စာ မဖောက်ပါ၊* ” ဟု ပြန်ပြောသည်။

ပံ့သကူမထေရ်သည် နရသူ၏ လျှောက်လဲချက်စကားကို လက်မခံပါ။ မကျေနပ်နိုင်ပါ။

“ *သင့်လို မင်းဆိုးမင်းညစ် အုပ်ချုပ်သည့် နိုင်ငံမှာ ငါမနေဘူး၊ သင့်အုပ်ချုပ်မှုနှင့် လွတ်ရာကို ငါသွားမည်၊* ”

ထို့နောက် ပံ့သကူမထေရ်သည် သီဟိုဠ် (သီရီလင်္ကာ) ပြည်သို့ ကြွသွားတော်မူခဲ့လေသည်။

ပံ့သကူမထေရ်၏ ဆောင်ရွက်ချက်သည် ရာနှုန်းပြည့် အောင်မြင်သည်မဟုတ်ပါ။ သို့ရာတွင် အသက်ပေါင်းများစွာ သေဆုံးရမည့် အန္တရာယ်ကိုမူ ကျော်လွှားစေနိုင်ခဲ့ပါသည်။ ဤစစ်ပွဲအန္တရာယ်မှ ကာကွယ်ပေးခဲ့သော ပံ့သကူမထေရ်၏ ငြိမ်းချမ်းရေး ဝန်ဆောင်မှုသည် မြန်မာဂန္ထဝင် သမိုင်းစဉ်၌ အမှတ်ထင်ထင် ရှိနေခဲ့လေသည်။

## နရပတိစည်သူနှင့် ပံ့သကူမထေရ်

ပံ့သကူမထေရ်သည် နရသူမင်း လက်ထက်တွင် သီဟိုဠ်သို့ ကြွရောက်သီတင်းသုံးနေခဲ့သည်။ မည်သည့်အချိန်တွင် မြန်မာပြည်သို့ ပြန်ရောက်သည်ဟု အမှတ်အသား မတွေ့ရပေ။ မင်းယဉ်နရသိင်္ခ နန်းတက်ချိန်လောက်တွင် ပြန်ရောက်လာသည်ဟု ထင်ရသည်။

သက္ကရာဇ် ၅၃၆–ခုတွင် နန်းတက်သော နရပတိစည်သူမင်း လက်ထက်တွင်မူ မြန်မာပြည်၌ ရှိနေပြီ။ ထိုမင်းနှင့် ပံ့သကူမထေရ်တို့သည် ဘုရားတည်သည့် ကိစ္စနှင့် ပတ်သက်၍ ပြဿနာဖြစ်ကြရသည်။

နရပတိစည်သူမင်းသည် တူရွင်းတောင်မှ တောကစားအပြန်တွင် စူဠာမဏိဘုရားတည်မည့်နေရာ အရောက်တွင် ချောက်ကြီးထဲက ပတ္တမြားကဲ့သို့ အရောင်တောက်နေသည်ကို

တွေ့မြင်ရသည်။ ဘုရင့်စိတ်ထဲတွင် ဤနေရာ၌ ဘုရားတည်စေလိုသဖြင့် နတ်တို့က နိမိတ်ပြသည်ဟု အထင်ရှိသွားသည်။

ထို့ကြောင့် ဘုရားတည်ရန်အတွက် ချောက်ကြီးကို မြေနှင့်အညီဖြစ်အောင် ဖို့ကြရသည်။ ချောက်ကြီးက ကြီးကျယ်လှသဖြင့် မြေဖို့ရသည်မှာ မသက်သာကြ။ ပြည်သူပြည်သားများမှာ နေ့စဉ် မြေတူး၊ မြေသယ်၊ မြေဖို့ အလုပ်နှင့်ပင် အချိန်ကုန်နေကြရသည်။ မိမိတို့ အလုပ်ကို မလုပ်ကြရ။ များစွာပင်ပန်းနေကြလေသည်။

ဤအဖြစ်ကို မြင်တွေ့နေရသော ပုံ့သကူမထေရ်ကြီးက ပြည်သူပြည်သားတို့ ဒုက္ခကို မရှုရက်သဖြင့် "*မင်းတရား ကောင်းမှုပြုတာဟာ ကောင်းမှုမဖြစ်ဘဲ မကောင်းမှုဖြစ်နေသည်၊ ဘုရားတည်မည့် ချောက်ကြီးကလည်း ကုသိုလ်ချောက်မဟုတ်၊ ငရဲချောက်ကြီးဖြစ်နေပေပြီ*"ဟု မိန့်တော်မူသည်။

ထို့မျှမက မထေရ်ကြီးက " *ပြည်သူလူထုကို ညှဉ်းပန်းသော မင်းရဲ့ဆွမ်းကိုလည်း မခံယူလို* "ဟုဆိုကာ မင်းလှူမည့်ဆွမ်းကို ငြင်းပယ်တော်မူသည်။

ထိုအကြောင်းကို နရပတိစည်သူမင်းကြားလျှင် " *ငါ့ဆွမ်းကို မခံယူလိုလျှင် ငါ့ပြည်မှာ မနေမှလွတ်မည်၊ ပြည်သူတို့လှူသော ဆွမ်းလည်း ငါ့ဆွမ်းပင်မဟုတ်ပါလား* "ဟု ဆို၏။

ထိုစကားကြောင့် ပုံ့သကူမထေရ်သည် သီဟိုဠ်သို့ ကြွသွားရန် စွယ်ကြိုဆိပ်ကမ်းသို့ ထွက်လာခဲ့၏။ ဇရပ်ကြီးပေါ်၌ နေ၍ ရက်စောင့်နေခဲ့၏။

ပံသကူမထေရ်ကြီး ပြည်ပထွက်ခွာမည့် ကိစ္စကို နန်းမြို့စောင့် ဝန်ထမ်းတို့ မကျေနပ်ကြ။ ဘုရင်နှင့် ထိပ်တိုက်တွေ့၍ ဆန္ဒပြကြသည်။ ထိုအခါမှ နရပတိစည်သူသည် မိမိအမှားကို ဝန်ချ၍ မထေရ်ကြီးအား ပြန်လည်ပင့်ဆောင်ရလေသည်။

ဧစွယ်ရှင် ပုံ့သကူမထေရ်ကြီးသည် ပြည်သူလူထု ငြိမ်းချမ်းမှုကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားသော ငြိမ်းချမ်းရေးဝန်ဆောင် ရဟန်းတော်ကြီးတစ်ပါး ဖြစ်လေသည်။

ဘုန်းနွယ် (ရေစကြို)

**ကိုးကားစာစု** ။ ။ (၁) မဟာရာဇဝင်ကြီး (ပထမအုပ်)၊
(၂) တွင်းသင်းမြန်မာရာဇဝင်သစ်၊
(၃) မြန်မာရာဇဝင် သံခိပ်ကျမ်း၊
(၄) ရာဇဝံသဇာလိနီကျမ်း၊

(၁၉၉၆–ခု၊ ဒီဇင်ဘာလထုတ် ဓမ္မရပ်စုံမဂ္ဂဇင်းမှ)

# ရှင်ဒိသာပါမောက္ခ

## မွန်ဂိုအင်ပါယာ

မွန်ဂိုလူမျိုးတို့ကား ၁၃–ရာစု အစပိုင်းလောက်မှစ၍ အာရှတိုက် အလယ်ပိုင်းတွင် တန်ခိုးကြီးထွားသူများ ဖြစ်သည်။ မွန်ဂိုဧကရာဇ် ဂျင်ဂစ္စခန် ( Genghiskhan ) လက်ထက်၌ မြောက်ဘက်တွင် ဗိုက်ကယ်ရေအိုင်ကြီး ( Lake Baikal )၊ တောင်ဘက်တွင် အိန္ဒိယနိုင်ငံရှိ အိန္ဒုမြစ်၊ အရှေ့ဘက်တွင် တရုတ်ပြည် ဝှန်ဟိုခေါ် မြစ်ဝါမြစ်၊ အနောက်ဘက်တွင် ဥရောပတိုက် အလယ်ပိုင်းကို ဖြတ်သန်းစီးဆင်းသော နီပါမြစ်အတွင်း မွန်ဂိုတို့ကို ခုခံနိုင်စွမ်းရှိသူ မပေါ်ချေ။

မွန်ဂိုစစ်တပ်ကြီးသည် တရုတ်ပြည်မြောက်ပိုင်း၊ အနောက်ဘက်တွင် အာဖဂန်နစ္စတန်၊ ပါရှား၊ ကရိုင်းမီးယားတို့အထိ ချီတက် တိုက်ခိုက်ပြီးလျှင် ပါရှား၊ ရုရှား၊ ဟန်ဂေရီနိုင်ငံတို့ကို သိမ်းပိုက်ခဲ့သည်။

ဂျင်ဂစ္စခန်သည် အေဒီ ၁၂၂၇–ခုနှစ်တွင် အနိစ္စရောက်ပြီးနောက်လည်း ဆက်လက် ကျူးကျော်တိုက်ခိုက်ခဲ့ရာ ဒမတ်စကား၊ ပါလက်စတိုင်းတို့ကိုပါ သိမ်းပိုက်နိုင်ခဲ့ပြန်သည်။ ထိုစဉ်က မွန်ဂိုတို့၏ အုပ်ချုပ်မှုအင်ပါယာမှာ ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးသော စစ်အင်ပါယာကြီး ဖြစ်လေသည်။

## မြန်မာပြည် မွန်ဂိုကျူးကျော်မှု

အေဒီ ၁၂၅၇–ခုနှစ်တွင် ဧကရာဇ်ဂျင်ဂစ္စခန်၏ မြေးဖြစ်သူ ကူဗလိုင်ခန် ( Kubali-khan ) သည် တရုတ်နိုင်ငံ၌ ဆုင် ( Sung ) မင်းဆက်ကို အောင်နိုင်၍ ယွဲန်း ( y-uan ) ခေါ် မွန်ဂိုမင်းဆက်ကို ထူထောင်လေသည်။

မွန်ဂိုမင်း ကူဗလိုင်ခန်သည် မိမိတို့ သြဇာခံဖြစ်သော အရှေ့တောင်အာရှဘက်သို့ စစ်အင်အားကို ဖြန့်ကြက်ခဲ့သည်။ ဂျပန်နှင့် ဂျာဗားကျွန်းများသို့ လေ့တပ်များကို စေလွှတ်သည်။ ဤသို့ စစ်အာဏာစက် ဖြန့်ရာတွင် မြန်မာနိုင်ငံလည်း ပါဝင်လာလေသည်။

အေဒီ ၁၂၇၁–တွင် မွန်ဂိုဘုရင် ကူဗလိုင်ခန်၏ ညွှန်ကြားချက်အရ ယူနန်ဘုရင်ခံသည် ပုဂံနေပြည်တော်သို့ သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်သည်။ ပုဂံကို သူတို့၏ လက်အောက်ခံနိုင်ငံ အဖြစ် သတ်မှတ်ကာ သံအဖွဲ့က အခွန်ပဏ္ဏာ တောင်းခံလေသည်။

ထိုအချိန်၌ ပုဂံပြည်တွင် နရသီဟပတေ့မင်း နန်းစံလျက်ရှိသည်။ နရသီဟပတေ့မင်း သည် မွန်ဂိုသံတို့ကို အတွေ့မခံဘဲ လက်အောက်လည်း မခံခဲ့ချေ။

ထိုနောက် ၁၂၇၃–ခုနှစ်တွင် မွန်ဂိုသံများသည် ပုဂံသို့ ထပ်မံရောက်ရှိလာကြပြန်သည်။ သို့သော်လည်း ပုဂံဧကရာဇ်သည် မွန်ဂိုတို့ထံ အညံ့မခံခဲ့။ ထိုအတောအတွင်း နယ်စပ်တွင် တိုက်ပွဲငယ်များ စတင်ဖြစ်ပွားလာသည်။ ပုဂံစစ်တပ်များကို မြောက်ဘက်ဒေသ၌ အင်အား ဖြည့်တင်းထားခဲ့ရသည်။

၁၂၇၇–ခုနှစ်တွင် မွန်ဂိုတပ်များနှင့် ပုဂံစစ်သည်တို့သည် အရှိန်အဟုန်မြင့်၍ တိုက်ပွဲဝင်ကြတော့သည်။ မွန်ဂိုတို့သည် စစ်အင်အားအလုံးအရင်းဖြင့် ကျူးကျော်စစ်ပွဲကို ဆင်နွှဲလာကြလေသည်။

## မြန်မာ့စခန်း ငဆောင်ချမ်း

၁၂၇၈–ခုနှစ်တွင် နရသီဟပတေ့မင်းသည် မွန်ဂိုတို့ ရန်ကို တားဆီးပိတ်ပင်နိုင်

ရန်အတွက် အမတ်စစ်သူကြီး အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့ကို ငဆောင်ချမ်းသို့ အလုံးအရင်းဖြင့် ပို့လွှတ်လိုက်သည်။ နရသီဟပတေ့မင်းသည် ပြည်တွင်း၌လည်း ခံမြို့များကို တည်ဆောက်၍ ပြင်ဆင်ထားရှိလေသည်။

ပုဂံစစ်သည်တို့သည် ငဆောင်ချမ်းကို အခိုင်အမာပြု၍ တပ်စွဲထားကြသည်။ ခံတပ်ကြီးကို တည်ဆောက်၍ ရန်သူမွန်ဂိုတို့ကို ပိတ်ဆို့ထားကြသည်။

၁၂၈၃–ခုနှစ် ဒီဇင်ဘာလ (၃) ရက်တွင် မွန်ဂိုတို့သည် ငဆောင်ချမ်းစစ်စခန်းကြီးကို အပိုင်စီးရေးအတွက် ထိုးစစ်ကြီး ဆင်လာလေသည်။ ပုဂံစစ်သည်တို့လည်း မွန်ဂိုစစ်တပ်ကို အပြင်းအထန် ခုခံကာကွယ်ကြသည်။ တိုက်ပွဲကြီးများ အကြီးအကျယ် ဖြစ်ပွားကြသည်။ စစ်ပွဲတွင် စစ်ရေးနည်းဗျူဟာချင်း မတူသဖြင့် ပုဂံစစ်တပ်များမှာ အရေးမလှ ဖြစ်နေရသည်။

စစ်ပွဲတွင် မွန်ဂိုတို့က မြင်းတပ်နှင့် လေးသည်ကျော်တို့ကို အားကိုးတိုက်ခိုက်သည်။ ပုဂံစစ်သည်တို့က ဆင်တပ်ကို အားကိုးတိုက်ခိုက်သည်။ မွန်ဂိုတို့သည် ပုဂံစစ်ဆင်များ လန့်ပြေးစေရန် ဗျောက်အိုးများကို ပစ်ဖောက်ကြသည်။ ဗျောက်အိုးသံကြီးများကို လန့်၍ စစ်ဆင်ကြီးများ ထွက်ပြေးကုန်ကြသည်။

ဤသို့ဖြင့် ခုနစ်ရက်မြောက်ဖြစ်သော ဒီဇင်ဘာလ (၉) ရက်နေ့တွင် ငဆောင်ချမ်းစစ်စခန်းကြီး ကျဆုံးသွားရလေသည်။

## ထွက်တော်မူ နန်းကခွာပြီ

နရသီဟပတေ့မင်းသည် ငဆောင်ချမ်းပျက်ကြောင်း သတင်းရလျှင် များစွာ တုန်လှုပ်သွားရပြီ။ ငဆောင်ချမ်းသည် မိမိအားထားသော စခန်းကြီးဖြစ်သည်။ ဤစခန်းကြီးပျက်လျှင် အခြားစခန်းများလည်း ခံနိုင်ရည်ရှိတော့မည် မဟုတ်ပေ။ ပုဂံပြည်သည်လည်း စိတ်မချရတော့။ ထို့ကြောင့် နေပြည်တော်မှ ထွက်ခွာရန် ပြင်ဆင်ကြရတော့သည်။

နရသီဟပတေ့သည် ရေကြောင်းမှ အောက်ပြည်သို့ စုန်ဆင်းရန် ဆုံးဖြတ်သည်။ သို့အတွက် လှေတော်များကို အပူတပြင်းစုစည်းသည်။ တိုက်လှေတစ်ထောင်၌ ရွှေငွေအသုံးအဆောင် ဘဏ္ဍာတို့ကို တင်ဆောင်သည်။ ကုန်လှေတစ်ထောင်ပေါ်၌ စပါးဆန်စသော စားနပ်ရိက္ခာတို့ကို တင်ဆောင်သည်။ လှောကားကြော့တစ်ထောင်တို့၌ မှူးတော် မတ်တော်တို့ကို တင်ဆောင်သည်။ ရွှေလှော်ကားတစ်ထောင်၌ မောင်းမမိဿံ မင်းထိန်း မင်းယတို့ကို တင်ဆောင်သည်။

ထိုနောက် နရသီဟပတေ့မင်းသည် ရွှေဖောင်တော်ကို စီး၍ ပုဂံနေပြည်တော်ကြီးမှ ထွက်ခွာခဲ့လေသည်။ မင်းကြီးသည် အေဒီ ၁၂၈၅–ခုတွင် ပြည်မြို့အနောက်ဘက် လှည်းကျအရပ်၌ စခန်းချနေခဲ့သည်။ နောက်ပိုင်းတွင် ပုသိမ်အထိ ဆုတ်ခွာသည်ဟု မြန်မာရာဇဝင်တို့က ရေးသားခဲ့ကြလေသည်။

## ငြိမ်းချမ်းစေရန် စေတမန်

ထိုအတောအတွင်း မွန်ဂိုတို့သည် မြန်မာပြည် အထက်ပိုင်းကို သိမ်းပိုက်လာခဲ့ရာ တကောင်းမြို့အထိ ရောက်ရှိလာလေသည်။ မွန်ဂိုဘုရင် ကူဗလိုင်ခန်သည် မြန်မာနိုင်ငံ အလယ်ပိုင်းဟု အဓိပ္ပာယ်ရသော မိယဲ့န်ကျုံ ( Mien - chung ) နယ်ကို အစီအစဉ်ပြုလုပ်၍ သုသုတ္တကီ (ဆုဆုတေကိန်) မင်းသားအား မိယဲ့န်ကျုံနယ် ဘုရင်ခံအဖြစ် ခန့်အပ်ကြောင်း ၁၂၈၆–ခု၊ မတ်လ (၃) ရက်နေ့တွင် ကြေညာလေသည်။

ဘုရင်ခံဖြစ်သော သုသုတ္တကီမင်းသားသည် စစ်သည် ၂၀၀၀၀–နှင့်အတူ တကောင်း

မြို့၌ တပ်စွဲနေခဲ့လေသည်။

မွန်ဂိုဧကရာဇ်သည် နယ်မြေကျူးကျော် အုပ်ချုပ်ပြီးလျှင် သာသနာပြန့်ပွားရေးကိုပါ ရည်ရွယ်လျက် ပုညဓမ္မိကာမထေရ်နှင့် သိရိဓမ္မိကာမထေရ်ဦးဆောင်သော သံဃာတို့ကိုပါ ထည့်သွင်းပေးလိုက်၏။ ဤသံဃာတို့မှာ တိဗက်မဟာယာနဝါဒီ ရဟန်းများ ဖြစ်နိုင်ပေသည်။ ကူဗလိုင်ခန်သည် မဟာယာနသာသနာ ပြန့်ပွားရေးကိုပါ စစ်ရေးနှင့်အတူ ဆောင်ရွက်လိုက်ခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။

ဤကျူးကျော်စစ် ရပ်ဆိုင်းရေးနှင့် ပတ်သက်၍ နရသီဟပတေ့မင်းသည် အနန္တပစ္စည်းနှင့် မဟာပိုအမတ်တို့ကို ငြိမ်းချမ်းရေး ဆွေးနွေးရန် နယ်စပ်ဒေသသို့ စေလွှတ်ခဲ့သည်။ အမတ်တို့သည် နယ်စပ်ဒေသဆွေးနွေးပွဲမှ ပြန်လာပြီးနောက် အဆင့်မြင့်သံအဖွဲ့ကို စေလွှတ်ပြီးလျှင် ကူဗလိုင်ခန်ဘုရင်နှင့် တွေ့ဆုံဆွေးနွေးရန် အကြံပြု လျှောက်တင်ကြသည်။

အမတ်နှစ်ဦးသည် ဘုရင်နှင့် ညှိနှိုင်းရာတွင် ယခုကိစ္စမှာ စစ်ရေးကိစ္စသာမကဘဲ သာသနာရေးကိစ္စပါ ရောစွက်နေသဖြင့် သာသနာ့ဝန်ထမ်း တစ်ပါးကို ထည့်သွင်းမှ သင့်တော်မည့်အကြောင်း လျှောက်တင်ကြသည်။

ဤသို့ဖြင့် မင်းဆရာ ဒိသာပါမောက္ခမထေရ်ကို သံတမန်အဖွဲ့၏ ဦးဆောင်ပုဂ္ဂိုလ်အဖြစ်တာဝန်ပေးအပ်လိုက်သည်။ ဆရာတော်နှင့် ငြိမ်းချမ်းရေး အဖွဲ့သည် ၁၂၈၆–ခု၊ မိုးဦးကျချိန်လောက်တွင် နရသီဟပတေ့ နေထိုင်ရာ လှည်းကျအရပ်မှ မွန်ဂိုဧကရာဇ်တံသို့ ထွက်ခွာခဲ့ကြလေသည်။

## ငြိမ်းချမ်းရေး ခရီးစဉ်

ဆရာတော်နှင့် အဖွဲ့သည် သစ်ဆိမ့် ဟန်လင်းလမ်းအတိုင်း ထွက်ခွာလာပြီးနောက် မွန်ဂိုတို့ စစ်စခန်းကြီးရှိရာ တကောင်းသို့ ကြွရောက်ကြသည်။ ဆရာတော်သည် တကောင်းရှိ မွန်ဂိုရဟန်းတို့နှင့် တွေ့ဆုံ၍ ညှိနှိုင်းရသည်။

မွန်ဂိုရဟန်းတို့သည် ဆရာတော်ရှင်ဒိသာပါမောက္ခကို တွေ့ဆုံရသဖြင့် အလွန်ဝမ်းသာကြသည်။ ဆရာတော်အား လျှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်ကြသည်။ ပြီးနောက် မိမိတိုဘဝအခြေအနေတွေကို တင်ပြလျှောက်ထားကြသည်။

မွန်ဂိုတို့ စေလွှတ်လိုက်သော ပုညဓမ္မိကာနှင့် ရဟန်းတို့မှာ မြန်မာပြည်သို့ မလာရောက်ချင်ကြပေ။ အထူးသဖြင့် ပုဂံသို့ မစုန်ဆင်းလိုကြပေ။ သူတို့သည် အပူလှိုင်းဒဏ်ကို ကြောက်ရွံ့ကြသည်။ ငှက်ဖျားရောဂါကိုလည်း ကြောက်ရွံ့ကြသည်။ ဖြစ်နိုင်လျှင် မိမိတို့ ရပ်ဌာန်ကိုသာ ပြန်လိုကြသည်။ ထို့ကြောင့် ဆရာတော်ရှင်ဒိသာပါမောက္ခအား အထူးပန်ကြား လျှောက်ထားကြသည်။

*" အရှင်ဘုရား၊ ကုဗလိုင်ခန်မင်းကြီးနှင့် တွေ့ဆုံသည့်အခါ တပည့်တော်တို့ကို ပုဂံသို့ စေလွှတ်ခြင်း မပြုအောင် ပောပြတော်မူပါ၊ "*

ဆရာတော်နှင့် အဖွဲ့သည် ထိုမှတစ်ဆင့် နယ်စပ်ဒေသကို ဖြတ်ကျော်လာခဲ့ရာ ယဆည် (ယခု ယူနန်နယ် မြို့တော်) သို့ ရောက်ရှိလာကြသည်။ ဆရာတော်တို့သည် ယဆည်သို့ ရောက်ချိန်တွင် ဝါဆိုရန်အချိန် ရောက်နေပြီ။ ခရီးဆက်၍ မဖြစ်တော့။ ထို့ကြောင့် ယဆည်မြို့မှပင် ၃–လကြာမျှ ဝါဆိုဝါကပ်နေရလေသည်။

ဆရာတော်တို့ အဖွဲ့သည် တန်ဆောင်မုန်းလတွင် ယဆည်မှ ထွက်ခွာ၍ ခရီးဆက်လာကြရာ ပြာသိုလ (ခရစ်နှစ် ၁၂၈၆–ခု၊ ဒီဇင်ဘာလနှင့် ၁၂၈၇–ခု၊ ဇန်နဝါရီလအတွင်း) တွင် တယ်တူ (ဘေဂျင်း)သို့ ရောက်တော်မူလေသည်။

## ငြိမ်းချမ်းရေးဒေသနာ ဟောပြရာ

ကူဗလိုင်ခန်မင်းကြီးသည် ဆရာတော်ရှင်ဒိသာပါမောက္ခနှင့် အဖွဲ့အား ပဋိသန္ထာရ စကားဖြင့် ကောင်းမွန်စွာ ကြိုဆိုဧည့်ခံသည်။

ဆရာတော်သည် မင်းကြီးအား ဓမ္မကြောင်းကို အဓိကထား၍ ဟောပြရသည်။ ထို့နောင်မှ ပြည်ထဲရေးကိစ္စများကို ဆွေးနွေးဖြစ်ကြသည်။ ထိုအခါ ကူဗလိုင်ခန်မင်းကြီးက –

"*အရှင်ပဏ္ဍိတ်၊ စစ်သူရဲ နှစ်သောင်းနှင့် သံဃာထေရ်အဖွဲ့ကို သာသနာပြုဖို့ရန် အလို့ငှာ ကျွန်ုပ်စေလွှတ်လိုက်ခြင်း ဖြစ်ပါသည်၊* "ဟု အကြောင်းပြစကား ဆို၏။

ဆရာတော်သည် ကူဗလိုင်ခန်မင်း၏ စကားကို အခြေခံထား၍ ငြိမ်းချမ်းရေး ဒေသနာ တရားကို ဤသို့ ဟောကြားတော်မူသည်။

"*ဒကာတော် မဟာရာဇ်၊ မင်းကြီးလွှတ်သော စစ်သည်နှင့် သံဃာတို့ဟာ ဆန်စပါး စားရမှသာလျှင် အသက်ရှင်နေနိုင်ကြပါမည်၊ ဆန်စပါးဆိုတာ တိုင်းပြည်ရဲ့ စည်ပင်သာယာရေး အရင်းအမြစ် မဟုတ်ပါလား ဒကာတော်မင်းကြီး၊ သို့ပေမယ့် ယခုအခါမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ရဟန်းသံဃာအများပင် နေပြည်တော်ကို စွန့်ခွာနေကြရပါပြီ၊ ကောက်ပဲသီးနှံ စိုက်ပျိုးသူတို့ လည်း မရှိကြတော့သဖြင့် ဆန်စပါးလည်း မရှိတော့ပါ၊ စစ်သူရဲတွေဟာ ဆန်မစားရဘဲ ထန်းကိုသာ စားနေရပါလျှင် ဝမ်းနာပြီး သေကြေကုန်ကြပါမည်၊ စစ်သူရဲတွေ သေကုန်လျှင် မင်းကြီးလွှတ်သော သံဃာတို့ဟာလည်း နေပြည်တော်ထဲ မဝင်ဝံ့ဘဲ ပြေးရင်းလွှားရင်းပင် ပျံလွန်တော်မူကြရပါလိမ့် မည်၊ ဒီလိုဖြစ်လာလျှင် မင်းကြီးရဲ့ ရည်မှန်းချက်လည်း ပြည့်ဝတော့မည် မဟုတ်ပါ၊ သတိပြုသင့် လှပါသည် မင်းကြီး၊* "

မင်းကြီးသည် ဆရာတော်၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေ၏။ မည်သို့မျှ စကားမပြန်သေး။ ဆရာတော်ကပင် ဆက်၍ ဟောပြပြန်သည်။

" *မင်းကြီး၊ ဥယျဉ်စိုက်သည့် ယောကျ်ားဟာ အပင်ကို ကြီးထွားအောင် ရေသွန်း လောင်းပါသည်၊ အညွန့်ကို မဆိတ်ကြပါ၊ သစ်ပင် သီးသောအခါ အသီးကိုစားရန် မျှော်မှန်းကြ ပါသည်၊ တမ္ပဒီပ (တံပြတိတ်) လို့ ခေါ်သည့် ပုဂံကို ရေသွန်းလောင်းပါဦး၊ တိုင်းပြည်ဟာ ငယ်ပင် ငယ်သော်လည်း ပုဂံပြည်ရဲ့ သာသနာက မြင့်မြတ်လှပါသည်၊ မင်းကြီးဟာလည်း ဘုရားဆုကို တောင်းသော သူတော်ကောင်းတစ်ဦး မဟုတ်ပါလား၊ အဘဂေါတမ သာသနာကို မပျက်စီး စေသင့်ပါ ၊–*

"*မင်းကြီး တိုက်ခိုက်အောင်မြင်ခဲ့သော တိုင်းပြည်များဟာ များလည်း များပါပြီ၊ ကြီး လည်း ကြီးလှပါပြီ၊ ပုဂံပြည်ဟာ ပြည်ငယ်တစ်ခုသာ ဖြစ်ပါသည်၊ သာသနာထွန်းကားနေသော ကြောင့် ဘုရားလောင်းတို့က မြတ်နိုးကြပါသည်၊ မင်းကြီးရဲ့ စစ်သည်တွေကို မစေလွှတ်ပါနှင့်၊ ငါတို့ ကောက်ပဲသီးနှံကို စိုက်ပျိုးကြပါဦးမည်၊ ကောက်ပဲသီးနှံ စိုက်ပျိုး ဖြစ်ထွန်းသောအခါမှ ဝင်လာပါ၊* "ဟု ပြောကြားသည်။

ကူဗလိုင်ခန်မင်းကြီးသည် ဆရာတော်၏ စကားကို ကြားနာရသဖြင့် စိတ်ပြောင်းလဲ သွားသည်။ သို့ဖြစ်၍ ဆရာတော်၏ အလိုဆန္ဒကို လိုက်လျောကာ ဤသို့ လျှောက်ထားသည်။

" *အရှင်ပဏ္ဍိတ် အမိန့်ရှိသည့် စကားထဲမှာ တပည့်တော်အကျိုးအတွက်လည်း ပါဝင်ပါသည်၊ အရှင်ပဏ္ဍိတ် ပြန်ကြွတော်မူပါ၊ ထွက်ပြေးသူတွေကိုလည်း ပြန်ခေါ်တော်မူပါ၊ သီးနှံ တွေကို စိုက်ပျိုးကြပါ၊ ပြီးစီးသော အခါမှသာ တပည့်တော်တို့ထံ လူလွှတ်၍ အကြောင်းကြား စေချင်ပါသည်၊* "

ဆရာတော်၏ ဓမ္မဒေသနာကြောင့် ကူဗလိုင်ခန် အမြင်မှန်ရသွားပြီ။ ဆရာတော်တို့အဖွဲ့ လာရကျိုးနပ်ပေပြီ။ ပုဂံပြည်၏ ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ခဲ့ပြီ။ မြန်မာအမျိုးသားတို့၏

အကျိုးကို ဆောင်ရွက်နိုင်ခဲ့လေပြီတည်း။

## ပုဂံရပ်ဌာန် ပြည်တော်ပြန်

ဆရာတော်နှင့် အဖွဲ့သည် လေးလမျှကြာအောင် ခရီးနှင်ခဲ့ရသည်။ အပြန်ခရီးလည်း လေးလမျှပင်ကြာအောင် လာခဲ့ရသည်။ မြန်မာပြည်သို့ ပြန်ရောက်လျှင် နရသီဟပတေ့မင်းအား ငြိမ်းချမ်းရေး အခြေအနေကို တင်ပြခဲ့သည်။ နရသီဟပတေ့သည် ဆရာတော်အား အထူးကျေးဇူးတင်လှသဖြင့် ဟန်လင်းမှ သန်လယ် (မိုးကောင်းလယ်) ပယ်ပေါင်း ၄၀၀၊ ကြံတူ (အနိမ့် အမြင့်) အရပ်မှ လယ်ပယ် ၄၀၀၊ စုစုပေါင်း ပယ် ၈၀၀–နှင့် ကျွန်နွားများကို ဆရာတော်အား လှူဒါန်းလေသည်။

ဆရာတော်သည် မိမိအားလှူဒါန်းသော လယ်ပယ်နှင့် ကျွန်နွားတို့ကို ပုဂံမြို့တော် တောင်ဘက်၊ ပန်ပွတ်အရပ်ရှိ မင်္ဂလာစေတီအား ထပ်မံ၍ လှူဒါန်းခဲ့ပါသည်။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် ကျောက်စာတစ်ချပ် ရေးထိုး၍ စိုက်ထူထားခဲ့သည်။ ထိုကျောက်စာကို ရှင်ဒိသာပါမောက်ကျောက်စာဟုပင် ခေါ်တွင်လျက် ရှိလေသည်။

ရှင်ဒိသာပါမောက်ကျောက်စာကြီးသည် ဆရာတော်၏ ဘဝနှင့် ဆောင်ရွက်ချက်တို့ကို ထင်ဟပ်ဖော်ပြနေသော မြန်မာ့သမိုင်းဝင် ကျောက်စာကြီးအဖြစ် ယနေ့တိုင် ခိုင်ခံ့စွာ တည်ရှိနေလေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း ၊
(၂) မဟာရာဇဝင်ကြီး (ပထမအုပ်) ၊
(၃) နိုင်ငံသမိုင်းသုတေသနစာစောင် (၁) ၊
(၄) ရှင်ဒိသာပါမောက်ကျောက်စာ ၊

# စကြိုသူမြတ် ရှင်ဇောတယန္တ

စကြိုသူမြတ်သည် မြန်မာ့သမိုင်းတွင် မှတ်တမ်းဝင်မည့် စစ်ပွဲကြီးကို တားဆီးပေးနိုင်ခဲ့သဖြင့် ထင်ပေါ်ကျော်ကြားနေသော ဆရာတော်ဖြစ်သည်။ ဆရာတော်၏ ဆောင်ရွက်မှုကို မြန်မာရာဇဝင်ကျမ်းများက ခမ်းနားစွာ ဖော်ပြကြ၏။ သို့ရာတွင် ဆရာတော်၏ ဘဝဖြစ်ရပ်ထေရုပ္ပတ်နှင့်ပတ်သက်၍မူ မှေးမှိန်မှိန် ရှိလှသည်။

## စကြိုသူမြတ် ထေရုပ္ပတ်

ဆရာတော်၏ မွေးသက္ကရာဇ်ကို ဆရာတော်ရေးသော မေတ္တာစာအရ ကောက်ယူရာတွင် ၇၃၅–ခုနှစ်၌ မွေးဖွားသူဟု သိရှိရ၏။ စကြိုသူမြတ်၏ အတ္ထုပ္ပတ်ကို ရာဇဝင်ကျမ်းတို့၌ ဤသို့ ဖော်ပြထားကြသည်။

*“စကြိုသူမြတ်အကြောင်းကား မင်းကြီးစွာစော်ကဲလက်ထက် စလေမြို့ ရှင်မဟာယသ၏တပည့်၊ ရှင်ပင်စွယ်ကြိုကျောင်းနေ ရှင်ဇောတယန္တတည်း။ မြို့လုစားပင့်ခဲ့၍ အဝသို့ရောက်လျှင် မြို့လုစားကို အပ်တော်မူ၍ ဆရာမူရသည်။ မင်းခေါင်ကြီး ရွှေနန်းတက်သည့်နောက် ဥဿာပဲခူးမင်းရေဝန်းတွင် တပ်နှင့်နေသောအခါ အဝတစ်မြို့လုံး တံခါးပိတ်၍ နေသည်တွင် စကြိုရှင်ဇောတယန္တထွက်၍ ပြောရသည်။ စကားတတ်၊ ကျမ်းတတ်တည်း ဟူ၍ အာစရိယဝံသစာဟောင်းတွင်ဆိုသည်။ စကားကျောင်းမသမိုင်းတွင်လည်း အမတ်ရာဇသင်္ကြန်သည် ရွှေစည်းခုံဘုရားရှင်တွင်ကဿပဟု သမုတ်၍ တည်လျှင် အထက်ကျောင်းခေါ်ဝေါ်၍ စလေစကြိုက ပင့်ရောက်သောပုဂ္ဂိုလ် ပဍ္စင်းကျော်ကို တင်လှူကြောင့်နှင့် ထွက်ဆိုသည်။ ”*

(မှန်နန်းရာဇဝင်၊ ပထမ ၊ စာ– ၄၉၉ )

*“ ပုဂံအောက် စကြိုအရပ်က ပင်းယမှာ စာပေသင်လာ၍ ပင်းယတွင် မင်းခေါင်ကြီးအမတ် ရာဇနန္ဒသင်္ကြန်က ရွှေစည်းခုံဘုရားအနီး ဆောက်လုပ်သော အထက်ကျောင်း၌ နေသောကြောင့် ပင်းယစကြိုသူမြတ်ဟု ထင်ရှားသည်။ မိုးညှင်းမင်းလက်ထက် သက္ကရာဇ်ဖြိုသင့်ကြောင်း စကြိုသူမြတ်၊ မင်းကျောင်းသူမြတ်တို့က လျှောက်သည်ဆိုသော စကားတွင်လည်း ထိုပုဂ္ဂိုလ်ပင်ဖြစ်သည်။ ”*

(သာသနာလင်္ကာရစာတမ်း၊ စာ– ၁၄၂ )

ဖော်ပြပါတို့မှာ စကြိုသူမြတ်နှင့် ပတ်သက်၍ ရှေးဟောင်းမှတ်တမ်းတို့မှ တွေ့သိရချက်များဖြစ်သည်။ သက္ကရာဇ် ၇၉၉–ခုနှစ်တွင် စကြိုသူမြတ်နှင့် မင်းကျောင်းသူမြတ်တို့က “ *သက္ကရာဇ်ဖြိုကိန်းရောက်ပြီ၊ မဖြိုသော် မသင့်၊* ”ဟု မိန့်တော်မူကြသည်။ မိုးညှင်းမင်းသည် ဆရာတော်တို့၏ စကားအရ သက္ကရာဇ် ၈၀၀–ပြည့်နှစ်တွင် ‘ဗဿျူဆိဒြမုနိ’ ကိန်းဖြင့် ဖြိုသည်။

ထိုသက္ကရာဇ်ဖြိုသော နှစ်တွင် စကြိုသူမြတ် သက်တော်သည် ၆၅–နှစ် ရှိနေပြီ။ ထိုမှနောက်ပိုင်းတွင် ဆရာတော်နှင့် ပတ်သက်၍ မှတ်သားချက်များ မတွေ့ရတော့ချေ။

## စကြိုသူမြတ် လုပ်ရပ်လုပ်ရည်

ဆရာတော်သည် မိမိဇာတိဒေသဖြစ်သော စွယ်ကြိုကို အကြောင်းပြု၍ ‘စကြိုသူမြတ်’

ဟု ခေါ်တွင်လာခဲ့ခြင်းဖြစ်သည်။ စွယ်ကြိုမှ အသံပြောင်းကာ စကြိုဟု ဖြစ်လာခဲ့သည်။

စကြိုသူမြတ်သည် ပိဋကတ်တော်ကို တတ်ကျွမ်းသည်။ ရှေးခေတ်သင်ကြားမှု ဓလေ့အရ ဗေဒင်ကျမ်းများကိုလည်း တတ်ကျွမ်းသူဖြစ်သည်။ ဆရာတော်သည် အသိပညာများကို တတ်မြောက်ရုံသာ မဟုတ်။ အသုံးချတတ်သူ၊ အသုံးချရဲသူလည်းဖြစ်သည်။ သတ္တိရော ဗျတ္တိပါ ပြည့်စုံသူဟု ဆိုရပါမည်။ ထို့ကြောင့်လည်း နိုင်ငံတော်အတွက် ငြိမ်းချမ်းရေးတာဝန်ကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ ဆောင်ရွက်ချက်သည် မြန်မာဂန္ထဝင် သမိုင်းစဉ်၌ အသက်ဝင်လှုပ်ရှားနေပေသည်။

ဖြစ်စဉ်ကား ဤသို့တည်း။

## နန်းရင်ပြင်၌ ကြုံးဝါးသူ

သက္ကရာဇ် ၇၆၆–ခုနှစ်တွင် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်သည် ကတ္တူ၊ လွန်းကြင်၊ ကူရှပ်၊ တက်ရပ် အစင်းသုံးထောင်၊ စစ်သူရဲ တစ်သိန်းခြောက်သောင်းနှင့် အတူ ရေကြောင်းမှ ချီတက်လာပြီး စစ်ကိုင်းမြို့၊ ရေဝန်းအရပ်၌ တပ်ချနေလေသည်။

မကြာမီ အင်းဝနေပြည်တော်ကို အလုံးအရင်းဖြင့် တိုက်ခိုက်ကြတော့မည်။ ဘုရင်မင်းခေါင်သည် ရာဇာဓိရာဇ်ရန်ကို ကာကွယ်ရန်အတွက် မြို့တော်တံခါးများကို ပိတ်ဆို့ထားရသည်။ လုံခြုံရေး အစောင့်တပ်များကို ထူထပ်စွာ ချထားရသည်။ စစ်ပွဲကြီးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၍ အင်းဝတစ်မြို့လုံး ကြီးလန့်စာစား ဖြစ်နေကြရပြီ။

ဘုရင်မင်းခေါင်သည် ဤကိစ္စအတွက် ရဟန်းပညာရှိ၊ လူပညာရှိတို့ကို နန်းတော်သို့ ခေါ်၍ တိုင်ပင်နေရသည်။ ပင့်ဖိတ်ထားသော ရဟန်းများထဲတွင် အသက်ငယ်ရွယ်သူ ရဟန်းတစ်ပါးလည်း ပါဝင်သည်။ ထိုပုဂ္ဂိုလ်ကား ပင်းယစကြိုသူမြတ် ရှင်ဇောတယန္တပင်တည်း။ စကြိုသူမြတ်သည် အသက်ငယ်သော ရဟန်းဖြစ်၍ အခြားဆရာတော်ကြီးများ နောက်မှ ရှိနေပေသည်။

ဘုရင်မင်းခေါင်က "*ယခု ရာဇာဓိရာဇ်ချီလာသည့် ကိစ္စကို နှုတ်ရေးဖြင့်လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း ပြန်သွားအောင် ဘယ်လို စီစဉ်မည်နည်း၊* "ဟု မေးမြန်းသည်။

ဘုရင်မင်းခေါင်၏ စကားကို မည်သူမျှ ပြန်၍ မလျှောက်တင်ကြ။ နန်းရင်ပြင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ အကြံပေးနိုင်သူ မပေါ်သေး။ ခဏကြာလျှင် ရဟန်းတော် စကြိုသူမြတ်က ထ၍ ပြောသည်။

"*အရှင်ဘုရားတို့၊ အရှင်တို့ဟာ ဘုရင်မင်းမြတ်ရဲ့ အလှူတော်ကို ခံယူပြီး နေထိုင်ခဲ့ကြပါသည်၊ ဘုရင်မင်းမြတ်မှာ ယခုလို ပြည်ရေးရွာမှု ကြုံလာသည့်အခါ အကြံကောင်း ဉာဏ်ကောင်းများ ပေးကြဖို့ သင့်ပါသည်၊ မှူးမတ်တွေကလည်း ဒီလို တိတ်ဆိတ်နေလို့ သင့်လျော်ပါမည်လား၊* "

ထိုအခါ မထေရ်ကြီးတို့က "*ရာဇာဓိရာဇ် ပြန်သွားအောင် ငါတို့ မစွမ်းဆောင်နိုင်ကြပါ၊ စကြိုကိုယ်တော်လေး စွမ်းနိုင်လျှင် ဆောင်ရွက်ပါ၊* "ဟု ဆိုကြသည်။

ထိုအချိန်တွင် အားလုံးက စကြိုကိုယ်တော်လေးကို သတိထားလာကြသည်။ ဘုရင်မင်းခေါင်ကိုယ်တိုင် စကြိုသူမြတ်ကို ဤသို့ လျှောက်ထား၏။

"*စကြို ရဟန်းတော်လေး၊ ရာဇာဓိရာဇ် ပြန်သွားအောင် အရှင်ဘုရား စွမ်းနိုင်မည်လား၊*"

"*ဒကာတော် တရားမင်းမြတ်၊ ရာဇာဓိရာဇ်ကို မဆိုထားနှင့် ဇမ္ဗူဒိပ်မြေအပြင်မှာ ရှိသည့် မင်းအပေါင်းတို့ကိုသော်လည်း နှုတ်ရေးဖြင့် ပြန်သွားအောင် စွမ်းဆောင်နိုင်ပါသည်၊* "

"*ဝမ်းသာလှပါသည်၊ အရှင်ရဲ့ နှုတ်ရေးစကားဖြင့် ပြန်သွားအောင် ဆောင်ရွက်တော်*

*မူပါ၊* ”ဟု ဘုရင်မင်းခေါင်က လျှောက်ထားသည်။

စကြိုသူမြတ်သည် ရာဇာဓိရာဇ်ထံသို့ အောက်ပါ မေတ္တာစာကို ရေးသား၍ ပေးပို့လိုက်လေသည်။

## စကြိုသူမြတ် မေတ္တာစာ

**စကြိုသူမြတ် နေ့ညဥ့်မပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနဒါယကာဖြစ်တော်မူသော ဆင်ဖြူသခင် မဟာဓမ္မရာဇ် တရားမင်းမြတ်၊ ငါ၏အသက်သည် သုံးဆယ့်တစ်၊ ပဥ္စင်းဝါ တစ်ဆယ့်တစ်ဝါ ရှိပြီ။ နေ့ညဥ့်မပြတ် ပရိယတ္တိ ပဋိပတ္တိ ဖြည့်သည့် ကုသိုလ်အကျိုးလည်း ခံတော်မူပါ။ သာသနဒါယကာ မင်းမြတ်မျက်နှာတော်ကို မြင်ချင်၍ ဟံသာဝတီရွှေမြို့တော်တိုင် အောင် စုန်ရောက်ပါမည် အကြံရှိသော်လည်း လေ့တက်လုပ်ဆောင်သည် မပြီးသေးသောကြောင့် မရောက်ပါရ ရှိလေသည်။ မဟာဓမ္မရာဇ်တရားမင်းမြတ်သည် သာသနာတော်မြတ် စီးပွားကို ရှုက်ဆောင်တော်မူသော မင်းဖြစ်တော်မူသည်။ မျက်နှာတော်ကို မြင်၍ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ်နှင့် ယှဉ်သော စကားကို မဟောပြောရဘဲ အနိစ္စရောက်လေသော်လည်း ဒုဂ္ဂတိသို့သာ လားရာသည်။ မျက်နှာတော်ကိုမြင်၍ ဒါနကထာ၊ သီလကထာ အစရှိသော စကားတို့ကို ဟောပြောရမူ သေရခြင်းသည်ကား ကောင်းသော သုဂတိဘဝသို့ ဖြစ်လေရာသည်။ ။**

### မေတ္တာစိတ်ဖြူ မှာတော်မူ

ရာဇာဓိရာဇ်သည် စကြိုသူမြတ်၏ မေတ္တာစာကို ဖတ်ရှုရသဖြင့် များစွာ နှစ်ထောင်းအားရ ဖြစ်သွားသည်။ ရာဇာဓိရာဇ်က “ *ငါ အထက်အညာသို့ ဆန်တက်လာရာမှာ ဘယ်မြို့ ဘယ်ရွာတွင်မှ ရဟန်းတစ်ပါးကိုမျှ မဖူးမြင်ခဲ့ရဘူး၊ ယခု ငါ့ကို တွေ့မြင်လိုသည့် ရဟန်းတစ်ပါး ပေါ်လာပြီ၊ ဒီရဟန်းတော်ကို မပင့်ခေါ်ဘဲနေလျှင် သံဃာရတနာကို မျက်ကွယ်ပြုရာ ရောက်တော့မည်၊* ”ဟု ကြံမိ၏။

ထို့ကြောင့် “ *ငါ ဆရာတော်ရဟန်းကို ဖူးတွေ့ချင်ပါသည်၊ ကြွရောက်ပါရန် ပင့်ဖိတ်လိုက်ပါသည်၊* ”ဟု မင်းချင်းတို့အား မှာကြားလိုက်လေသည်။

စကြိုသူမြတ်သည် ရာဇာဓိရာဇ်နှင့် တွေ့ဆုံရမည့်အကြောင်းကို ဘုရင်မင်းခေါင်အား ပြောကြားသည်။ ဘုရင်မင်းခေါင်သည် ရာဇာဓိရာဇ်နှင့် စကြိုသူမြတ်တို့ တွေ့ဆုံနိုင်ရေးကို စီစဉ်ပေးသည်။ တွေ့ဆုံရာတွင် ရဟန်းတော် တစ်ပါးတည်း ကြွ၍ မသင့်တော်ပေ။ အခြွေအရံများနှင့် လက်ဆောင်တော်များကို ယူ၍ တွေ့ဆုံပါမှ တင့်တယ်ခန့်ငြားမည် ဖြစ်ပေသည်။

ထို့ကြောင့် တရုတ်ပုဆိုး၊ အောင်း၊ တင်ရမ်း၊ ခင်းနီး၊ လက်ဖက်ချောင်း၊ ပခန်းတကောင်း၊ သစ်သီးဖလံ၊ ထန်းလျက် သကာစသည်တို့ကို လူ ၃၀၀–ခန့် ကိုင်ဆောင်နိုင်အောင် စီစဉ်ပေးသည်။

တွေ့ဆုံမည့်နေ့တွင် စကြိုသူမြတ်က ဆင်တော်ပေါ်တွင် ရွှေကာတင်၍ စီးသည်။ ဆင်တော်ရှေ့မှ သီတင်းသည် ၃၀၀–တို့ တန်းစီလိုက်ပါရသည်။ ဆင်တော်နောက်က လက်ဆောင်ကိုင်သူ လူ ၃၀၀–တို့ လိုက်ပါကြသည်။

လက်ဆောင်ကိုင်သူတို့မှာလည်း ငယ်ရွယ်သူများ မဟုတ်ကြ။ လူကြီးများကိုသာ ရွေးချယ်ထား၏။ ဤသို့ စီစဉ်ထားသည်မှာ စစ်ရေးနှင့် မသက်ဆိုင်ဘဲ သာသနာရေးနှင့်သာ သက်ဆိုင်သော အခင်းအကျင်းမျိုး ဖြစ်စေရန် စကြိုသူမြတ်ကိုယ်တိုင် စီစဉ်ပေးခြင်း ဖြစ်ပေသည်။

### ရွှေဖောင်ပေါ်က တရားပွဲ

စကြိုသူမြတ်နှင့် အဖွဲ့သည် အင်းဝမြို့တော်မှ ထွက်၍ ရွှေကြက်ယက်မြောက် အိုး

ထိန်းမော်သို့ ရောက်လျှင် ရာဇာဓိရာဇ်က ရွှေလောင်းဖြင့် ကြိုဆိုလာ၏။ စကြိုသူမြတ်သည် ရွှေဖောင်ပေါ်သို့ ကူး၍ ရာဇာဓိရာဇ်နှင့် သွားရောက် တွေ့ဆုံသည်။ လက်ဆောင်ပစ္စည်းတို့ကို ပေးအပ်သည်။ သူမြတ်နှင့် အတူပါလာသော သီတင်းသည် ၃၀၀–နှင့် လက်ဆောင်ကိုင် ၃၀၀–တို့က စိပ်ပုတီးကိုယ်စီ ကိုင်ဆောင်၍ ငြိမ်ဝပ်စွာ ခစားနေကြသည်။

ရာဇာဓိရာဇ်သည် စကြိုသူမြတ်အား ရိုသေဝပ်တွားလျက် ဟောကြားမည့် တရားဓမ္မကို ငံ့လင့် စောင့်စားနေ၏။ စကြိုသူမြတ်သည် နှုတ်ခွန်းဆက် စကားဖြင့် မေးမြန်းသည်။

*"ဒကာတော် မဟာဓမ္မရာဇ်၊ ပင်လယ်ရေ မျက်နှာပြင်နှင့်တွက်လျှင် ပုဂံပြည်ဟာ ၁၇၅–တောင် မြင့်တယ်လို့ ပြောကြပါသည်၊ အင်းဝနေပြည်တော်ဟာ ပို၍ မြင့်မောက်ပါလိမ့်မည်၊ မြေမြင့်သည့် အင်းဝနေပြည်တော်သို့ ဘာအကျိုးအတွက် လှေဖောင်များစွာနှင့် ချီလာခဲ့ရပါသနည်း၊ "*

*"တပည့်တော် အထက်အညာကို ဆန်တက်လာရမှာ အကြောင်းလေးပါး ရှိပါသည်၊ ရန်သူတစ်ပါးမင်းကို နှိပ်စက်လိုခြင်း၊ နယ်မြေ ချဲ့ထွင်လိုခြင်း၊ တန်ခိုးအာနုဘော်ကို ပြလိုခြင်း၊ ပုဂံ အင်းဝတို့မှ ဘုရားပုထိုး ဓာတ်တော် မွေတော်တို့ကို ရှိခိုး ပူဇော်လိုခြင်းဆိုတဲ့ အကြောင်းများကြောင့် လာရောက်ခြင်း ဖြစ်ပါသည်၊ "*ဟု မင်းတရားက ဖြေသည်။

စကြိုသူမြတ်သည် ရာဇာဓိရာဇ်ကို ကြည့်၍ ပြုံးတော်မူ၏။ ရာဇာဓိရာဇ်သည် သူမြတ်၏ အပြုံးကို ကြည့်၍ အဓိပ္ပာယ်မသိ ဖြစ်သွားရသည်။ ထိုအပြုံး၏ နောက်ကွယ်တွင် နက်ရှိုင်းသော အဓိပ္ပာယ်များ ရှိနေမည်ဟု သိလိုက်သည်။

*"အရှင်မြတ် ဘာဖြစ်လို့ ပြုံးတော်မူရပါသနည်း ဘုရား ။"*

*"တခြားကြောင့် ပြုံးတာ မဟုတ်ပါ၊ မဟာဓမ္မရာဇ်မှာ ရဟန်းပညာရှိနှင့် မှူးမတ် သေနာပတိကောင်းများ မရှိသည့်အတွက် ဒီအကြောင်းလေးမျိုးကို ကြံစည်မိတာပါလားလို့ ပြုံးမိခြင်း ဖြစ်ပါသည်ဒကာတော်၊ "*

*" အရှင်ရဲ့စကားကို တပည့်တော် နားမလည်တတ်သေးပါ၊ အကျယ်ဖွင့်၍ ရှင်းစေချင်ပါဘိ၊ "*

*" မဟာဓမ္မရာဇ် ကိုးကွယ်သည့် ဆရာတော်တွေထဲမှာ ပညာရှိသောသူ ရှိခဲ့ပါလျှင် ဒီကိစ္စကို အပြစ်ပြပြီး ဟောကြားကြပါလိမ့်မည်၊ ဒကာတော် ဆန်တက်လာသည့် ကိစ္စမှာ ဘုရားဖူးလိုသော စိတ်ဓာတ်တစ်ခုသာလျှင် ကုသိုလ်တရား ဖြစ်ပွားစေပါသည်၊ ဘုရားရှင် ချီးမွမ်းတော်မူပါသည်၊ ကျန်အကြောင်း သုံးပါးမှာ လောဘ ဒေါသကို အခြေခံနေသဖြင့် အကုသိုလ်တရားများ ဖြစ်ပါသည်၊ ဒကာတော်ရဲ့ ခရီးစဉ်မှာ အကုသိုလ်လုပ်ငန်းက အင်အားကြီးနေပါသည်၊ ဒုစရိုက်အလုပ်က ဦးစီးနေပါသည်၊ ဒီလို ဒုစရိုက်ခရီးစဉ်မျိုးကို မသွားသင့်ကြောင်း ဟောပြသည့် ပညာရှိများ မရှိခဲ့ဘူး၊ ဒါကြောင့် ဒကာတော်ဟာ ယခုလို ဆန်တက်လာခဲ့ခြင်း မဟုတ်ပါလား ဒကာတော်၊"*

ရာဇာဓိရာဇ်သည် သူမြတ်၏ စကားကို နားစိုက်ထောင်နေ၏၊ ခဏကြာမှ ထပ်၍ လျှောက်ပြန်သည်။

*" တပည့်တော်မှာ မှူးမတ်သေနာပတိတွေ များစွာရှိပါလျက် ဘာ့ကြောင့် သေနာပတိ မရှိဘူးလို့ ပြောရပါသနည်း၊ "*

*" ဒီလိုပါ ဒကာတော်၊ ရှေးမင်းတွေဟာ မိမိနိုင်ငံနှင့် တစ်ပါးနိုင်ငံကို မီးမသေ ရေမနောက်ဘဲ ရွှေလမ်း ငွေလမ်းဖြစ်အောင် တမန်တော်လွှတ်ပြီး မိတ်ဆွေဖွဲ့ကြပါသည်၊ ငြိမ်းချမ်းစွာ အတူနေထိုင်ရေးမူကို ဆောင်ရွက်ခဲ့ကြပါသည်၊ ဒီလိုချစ်ကြည်ရေး ပြုခဲ့သည့်အတွက် ရဟန်းရှင်လူ အများပြည်သူတို့ဟာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးတရားကို ဆောင်ရွက်နိုင်ကြပါသည်၊ ဒီလိုနည်းလမ်းပြ လျှောက်တင်ကြသော မှူးမတ်တွေ မရှိသောကြောင့်သာ ဒကာတော်မင်းကြီးဟာ အပင်ပန်းခံပြီး ဆန်တက်လာတာ မဟုတ်ပါလား၊ "*

စကြိုသူမြတ်က မင်းကြီးအား ဟောပြရင်း မေးမြန်းလေသည်။

## ရာဇာဓိရာဇ် အကျွတ်တရား

ရာဇာဓိရာဇ်သည် စကြိုသူမြတ်၏ တရားကို နာကြားရသဖြင့် ဂွမ်းဆီထိသလို ရွှမ်းပီတိဖြာဝေသွားရသည်။ စစ်ဆင်နွှဲမည့် အကုသိုလ်အလုပ်ကိုလည်း စက်ဆုတ်ရွံရှာသွားမိသည်။

*"ငါဟာ အထက်အညာကို ဆန်တက်လာရာမှာ ကြက်တစ်ဖမ့်ျ ဆက်သမည့်သူ မရှိဘူး၊ ရောက်လေရာမှာ မြို့တံခါးတွေကိုသာ ပိတ်ပြီး နေကြသည်၊ ယခု အင်းဝမြို့တော်ဟာလည်း တံခါးတွေပိတ်၍ တိတ်ဆိတ်နေကြသည်၊ ဒီအချိန်မှာ ထိုးစစ်ဆင် တိုက်ခိုက်မည်ဆိုလျှင် လူအားလုံး ဒုက္ခရောက်ကြတော့မည်၊ အကယ်၍သာ စကြိုသူမြတ် မရောက်လာလျှင် စစ်ပွဲကို ဆင်နွှဲဖြစ်တော့မည်၊ သွေးချောင်းစီးတော့မည်၊ ယခုတော့ စကြိုသူမြတ်ရဲ့ တရားကို နာကြားရလို့ စစ်ပွဲကို ရှောင်ရှားလိုက်ပါပြီ၊ စကြိုသူမြတ်ရဲ့ ကျေးဇူးက ကြီးမားလှပါသည်၊ "*ဟု ချီးမွမ်းစကား ပြောကြားလေသည်။

## အင်းဝရွှေပြည် ငြိမ်းချမ်းပြီ

ရာဇာဓိရာဇ်သည် စကြိုသူမြတ်အား ကြည်ညိုလှသဖြင့် ပိတ်အုပ်၊ ကော်ဇောစသည့် လှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်သည်။ ပြီးနောက် စကြိုသူမြတ်နှင့် အခြွေအရံအဖွဲ့ကို အင်းဝသို့ ရောက်အောင် ရွှေဖောင်ဖြင့် ပို့တော်မူသည်။

စကြိုသူမြတ်သည် အင်းဝဘုရင်မင်းခေါင်အား အကျိုးအကြောင်းကို တင်ပြမိန့်ကြားသည်။ ဘုရင်မင်းခေါင်သည် ဝမ်းမြောက်ဝမ်းသာစွာ **"နှလုံးရည်က လက်ရုံးရည်ထက် မြင့်မြတ်ပါပေသည်၊ "**ဟု ချီးမွမ်းထောမနာ ပြုလေသည်။

ရာဇာဓိရာဇ်သည် အောက်ပြည်သို့ မစုန်သေးဘဲ မိမိရွှေဖောင်တော် ငါးဆက်ကို ဖြုတ်၍ ရွှေကြက်ယက် ရင်ပြင်တော်၌ ဇရပ်ကြီး ဆောက်လုပ်သည်။ ထိုနောက် စကြိုသူမြတ်နှင့် သံဃာ ၁၀၀–တို့ကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးကာ ရေစက်သွန်းချ အမှျပေးဝေလေသည်။ သံဃာတော်တို့အား ပိတ်အုပ်စသော လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းသည်။ အလှူပွဲအပြီးတွင် ဘုရင်ရာဇာဓိရာဇ်က စကြိုသူမြတ်အား လျှောက်ထားသည်။

*"နက်ဖြန်နံနက်တွင် တပည့်တော်တို့ အောက်ပြည်ကို စုန်၍ ပြန်ပါတော့မည်၊ စကြိုသူမြတ် ပုဂံအထိ လိုက်ပြီး ပို့တော်မူပါဦး၊ "*

စကြိုသူမြတ်လည်း *"ကောင်းပါပြီ ဒကာတော် ပို့ပါမည်၊ "*ဟု ဝန်ခံသည်။

နောက်တစ်နေ့ နံနက်တွင် ရွှေလှေပေါ်၌ ရွှေပြာသာဒ်တင်၍ စကြိုသူမြတ်ကို ပင့်ဆောင်ပြီးလျှင် ရာဇာဓိရာဇ်မင်းနှင့် စစ်သည်ဗိုလ်ပါတို့သည် အောက်ပြည်သို့ စုန်ဆင်းခဲ့ကြလေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။ ။** (၁) ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း ၊
(၂) မဟာရာဇဝင်တော်ကြီး (ပထမအုပ်) ၊
(၃) မှန်နန်းရာဇဝင် (ပထမတွဲ) ၊
(၄) မြန်မာရာဇဝင်သံခိပ်ကျမ်း
(၅) သာသနာလင်္ကာရစာတမ်း ၊

( ၁၉၉၇–ခု၊ ဇန်နဝါရီလထုတ် ဓမ္မရပ်စုံမဂ္ဂဇင်းမှ)

# စာဆိုတော် ရှင်တေဇောသာရ

## အင်းဝနန်းတွင်း အခြေအနေ

ဒုတိယဘုရင်မင်းခေါင်မှာ မိဖုရားကြီး အတုလသီရိ မဟာဓမ္မဒေဝီမှ မွေးဖွားထားသော သားတော်နှစ်ပါးရှိပေသည်။ မင်းခေါင်နန်းတက်သောအခါ သားတော်ကြီးက ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။ မင်းခေါင်သည် ထိုသားတော်ကို မဟာသီဟသူရ အမည်ဖြင့် အိမ်ရှေ့စံပေးထားသည်။

မဟာသီဟသူရသည် ၁၂-နှစ်အရွယ် ရောက်လျှင် မင်းခေါင်က အင်းဝမြို့နန်းကို မိမိနှင့်အတူ မင်းပြိုင်ပြုစေသည်။ အင်းဝမြို့နန်းတစ်ခုတည်းတွင် ထီးဖြူဆောင်းသော မင်းနှစ်ပါးတို့ တစ်ပြိုင်နက် မင်းပြုသည်မှာ မြန်မာ့သမိုင်းတွင် ထူးခြားသော ဖြစ်ရပ်ဖြစ်ပေသည်။

ဘုရင်မင်းခေါင်သည် မင်းနှစ်ပါးအုပ်ချုပ်ရေးစနစ်၊ ဝါ-သားအဘအုပ်ချုပ်ရေးစနစ်ကို တီထွင်အုပ်ချုပ်ခဲ့သည်မှာ ၁၅-နှစ်ကြာမျှ တည်တံ့နေခဲ့သည်။ သက္ကရာဇ် ၈၆၂-ခုနှစ်တွင် တပေါင်းလတွင် သားမင်းဖြစ်သူ မဟာသီဟသူရသည် အနိစ္စရောက်သွား၏။ အဘဖြစ်သူ မင်းခေါင်သာ ကျန်ရစ်တော့သည်။ မဟာသီဟသူရမင်းမှာ ဥမမည် စာမမြောက်သော ၁၀-နှစ်သားအရွယ် ရွှေနော်ရထာဆိုသည့် သားတော်တစ်ပါး ကျန်ရစ်သည်။

သားတော်မင်း အနိစ္စရောက်၍ မကြာလှသေး။ သက္ကရာဇ် ၈၆၃-ခု၊တန်ခူးလတွင် ဘုရင်မင်းခေါင်လည်း အနိစ္စရောက်သွားပြန်သည်။ မင်းပြိုင်နှစ်ပါး၏ ကံတရားဟုဆိုရမည်။ မင်းနှစ်ပါးလုံး ကုန်ဆုံးသွားသည်။

ထိုအချိန်တွင် မင်းခေါင်၏ သားတော်အငယ်ဖြစ်သူ နရပတိခေါ် မင်းဆွေက အင်းဝမြို့နန်းကို သိမ်းပိုက်၍ မင်းပြုသည်။

## နန်းတွင်း အရေးတော်ပုံ

နရပတိနန်းတက်သည်ကို မလိုလားသော အုပ်စုတစ်ခု ရှိသည်။ ထိုအုပ်စုမှာ မင်းပြိုင်ပြုခဲ့သူ မဟာသီဟသူရ၏ အုပ်စုဖြစ်သည်။ နရပတိမင်းပြုချိန်တွင် မဟာသီဟသူရ ကွယ်လွန်သည်လည်း မကြာလှသေး။ ယင်းကိုလိုလားသော အုပ်စုကလည်း အင်းအားရှိနေသေးသည်။ ထိုမဟာသီဟသူရကို လိုလားသောအုပ်စုက သူ၏သားတော် ရွှေနော်ရထာကို နန်းတင်လိုကြသည်။ ၁၀-နှစ်အရွယ် မင်းငယ်ကလေးကို ပလ္လင်ပေါ်တင်၍ အုပ်ချုပ်မှု ယန္တယားကို ချုပ်ကိုင်လိုကြသည်။

ထို့ကြောင့် ရွှေနော်ရထာကို လိုလားသော အုပ်စုက နရပတိကို လုပ်ကြံရန် စိုင်းပြင်းလျက်ရှိကြ၏။ အတွင်းကြိတ်စည်းရုံး လှုံ့ဆော်လျက် ရှိကြ၏။ အခွင့်အရေးပေးသည်နှင့် တစ်ပြိုင်နက် နရပတိကို လုပ်ကြံမည်။ လုပ်ကြံရေးအတွက် အဓိကတာဝန်ယူထားရသူမှာ ရွှေနော်ရထာ၏ ကျေးကျွန်ဖြစ်သော ငသောကြာဆိုသူဖြစ်လေသည်။

နရပတိနန်းတက်၍ ရှစ်လမျှအကြာ ထိုသက္ကရာဇ် နတ်တော်တွင် နန်းတွင်းပြဿနာ ပေါ်လာတော့သည်။

နရပတိမင်းသည် ထီးဖြူတော်အောက်တွင် အမှတ်မဲ့ နေတော်မူခိုက် ရွှေနော်ရထာ၏ကျွန် ငသောကြာသည် အပိုင်ကြံကာ ဓားဖြင့် ခုတ်ပိုင်းလိုက်လေသည်။ ဘုရင်ကို မခုတ်မိဘဲ ထီးဖြူရိုးကို ခုတ်မိသည်။ ထိုအချိန်တွင် အထိန်းတော်သားဖြစ်သူ ငရွှေကျိုင်းက ရုတ်တရက် ထပြီး ငသောကြာကို သိမ်းဖက်ထားလိုက်သည်။ ငသောကြာက ရုန်းကန်နေသည်။

*" အရှင်မင်းမြတ်၊ ငသောကြာလွတ်ထွက်သွားလျှင် အရေးတော် ပျက်ပါလိမ့်မည်၊ ကျွန်တော်မျိုးကိုပါ ရောပြီး ကွပ်မျက်လိုက်ပါ၊ "*

နရပတိမင်း၏ သစ္စာတော်ခံ ငရွှေကျိုင်းက အော်၍ လျှောက်သည်။ ဘုရင်နရပတိလည်း ချက်ချင်းပင် ထ၍ ငသောကြာကို ရွှေးပြီး ဓားဖြင့်ခုတ်လိုက်သည်။ ငသောကြာသည် နေရာတွင် လဲကျသွားတော့သည်။

ဤလုပ်ကြံမှုမှာ မအောင်မြင်သဖြင့် ပြိုကွဲသွားရ၏။ သို့သော်လည်း ပြဿနာကို ခြေရာခံ၍ လိုက်တော့သည်။ ဤကိစ္စနှင့် ပတ်သက်၍ အခြေခံကျသူ ရွှေနော်ရထာကို ဖမ်း၍ ရေချကွပ်မျက်လိုက်သည်။

လုပ်ကြံမှုနှင့် ပတ်သက်သမျှ နန်းတွင်းရှိ အမှုထမ်း အရာထမ်းတို့ကို စစ်ဆေးပြီ။ ကြံရာပါ လူမှန်သမျှကို စစ်ဆေး၍ ကွပ်မျက်ပစ်သည်။ နန်းတွင်းအရေးတော်ပုံနှင့် ပတ်သက်မိသူများ၊ သံသယမကင်းသူများမှာ ထွက်ပြေးတိမ်းရှောင်ကုန်ကြသည်။ ထိုအထဲတွင် စာဆိုတော် နာဂသိန်ဘွဲ့ခံ ရှင်ထွေး၊ ရဲမြတ်လှ၊ ပင်းတလဲစား၊ မင်းတရားကျွန်သီးမှူး၊ ရွှေလှေမှူးစသော အမှုထမ်း ၇၀၀–ကျော်တို့မှာ တောင်ငူသို့ ပြေး၍ ခိုလှုံကြလေတော့သည်။

ထိုအချိန်မှစ၍ အင်းဝမြို့နန်းတွင် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်နေခဲ့၏။ မှူးကောင်း မတ်ကောင်းတို့လည်း ဝါးအစည်းပြေသလို ဖြစ်ကုန်ကြသည်။ ဤကဲ့သို့ စည်းလုံးမှု မရှိသော နေပြည်တော်၌ ငြိမ်းချမ်းမှုလည်း အားပျော့နေတော့သည်။

## ပြည်ထဲရေး ခြားနားမှုများ

ထိုအတောအတွင်း မိုညှင်းစလုံက မြေဒူးမြို့ကို ထိပါးတိုက်ခိုက်လာသည်။ တောင်လက်က ပြည်ဘုရင် သတိုးမင်းစော၊ တောင်ငူမင်းကြီးညိုတို့က ခြားနားလျက် ရှိကြ၏။ သူတို့သည် နိုင်ငံတော် အတွင်းရှိ မြို့ရွာများကိုပင် ထိပါး နှောင့်ယှက်လာကြသည်။

သက္ကရာဇ် ၈၆၇–ခုနှစ်တွင် ယင်းတော်စား၊ ရှိရှားစား ငတုံးတာ ငပြည့်ဝတို့သည် တောင်ငူမင်း၊ ပြည်မင်းတို့နှင့် ပူပေါင်း၍ စလေကို လုပ်ကြံတိုက်ခိုက်လာကြသည်။ ထို့ပြင် ပခန်းစား၊ စကုစားတို့ကလည်း ပုန်ကန်ခြားနားကြပြန်သည်။

ထိုအချိန်တွင် အင်းဝမြို့နန်း၏ အုပ်ချုပ်ရေးသည် တစ်နေ့တခြား ငြိမ်းချမ်းမှု နည်းပါးလာနေသည်။ ပို၍ဆိုးသည်မှာ ဘိုးတော် ညီတော်စသော မင်းဆွေ စိုးမျိုးအထဲကပင် ဘုရင့်သစ္စာတော်ကို စောင့်သိရိုသေခြင်း မရှိကြပေ။ အင်းဝအုပ်ချုပ်ရေးအောက်မှ နိုင်ငံတော်သည် စည်းလုံးမှု ပြိုကွဲနေပြီ။ ဤသို့ သစ္စာမဲ့နေကြလျှင် နိုင်ငံတော်၏ ငြိမ်းချမ်းမှုလည်း ပြိုကွဲရပေတော့မည်။ ဤကဲ့သို့ အနာဂတ်ငြိမ်းချမ်းရေးကို မထိပါးစေရန်အတွက် နိုင်ငံသား အချင်းချင်း၊ နန်းတွင်းသားအချင်းချင်း ဘုရင့်သစ္စာကို စောင့်သိလျက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ကို ကာကွယ်ကြရန် လိုအပ်နေပေသည်။ ဤအရေးကို တွေးတောမိသော စာဆိုတော် ရှင်တေဇောသာရအရှင်မြတ်က ‘ရွှေဟင်္သာမင်းပျို့’ ကို ရေးစပ်၍ ပြည်သူတို့အား ညွှန်ကြားပြသခဲ့ပါသည်။

ဆရာတော်ရှင်တေဇောသာရသည် အသီတိနိပါတ်၊ မဟာဟံသဇာတ်တော်မှ ထုတ်နုတ်၍ ဤပျို့ကို ရေးစပ်ခြင်း ဖြစ်သည်။ မဟာဟံသဇာတ်တော်တွင် တိရစ္ဆာန်ပင် ဖြစ်သော်လည်း အရှင်သခင်၏ သစ္စာတော်ကို စောင့်သိ၍ သေတတ်ကြ၏။ လူတို့သည်ကား ပို၍ပင် သစ္စာတရားကို စောင့်စည်းသင့်ကြသည်ဟူသော အဓိပ္ပာယ်ကို ဖော်ကျူးသည့် ဇာတ်လမ်းဖြစ်သည်။ ဇာတ်တော်အကျဉ်းကား ဤသို့တည်း။

## ရွှေဟင်္သာမင်းဇာတ်

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဟင်္သာမင်း၏ တရားတော်ကို နာယူလိုသည်။ ရွှေဟင်္သာမင်း ရောက်လာစေရန် ပုဏ္ဏားများထံ အကြံဉာဏ်

တောင်းခံ၏။ ပုဏ္ဏားတို့၏ အကြံပေးချက်အရ ရေကန်ကြီးတစ်ကန်ကို ဖန်တီးပြီး ထိုကန်ကြီး၌ ငှက်သတ္တဝါများကို အစားကျွေး၍ ပျော်ပါးစေသည်။

ဓတရဋ္ဌရွှေဟသ်ာမင်း ဦးဆောင်သော ဟသ်ာကိုးသောင်းတို့သည်လည်း ထိုကန်ကြီးသို့ လာရောက်ကျက်စားကြသည်။ ထိုအချိန်တွင် ရွှေဟသ်ာမင်းမှာ မုဆိုးထောင်သော ကျော့ကွင်း၌ ခြေကို စွပ်၍ ဖမ်းမိသွားသည်။ ရွှေဟသ်ာမင်းသည် ကျော့ကွင်းမိပြီဟု သိသဖြင့် ကျော့ကွင်း ပြတ်စေရန် အဟုန်ဖြင့် ရုန်းကန်၏။ အရေပြား ပြတ်သွားသည်။ ဒုတိယအကြိမ် ရုန်းပြန်သည်။ အသားများ ပွန်းပြတ်ကုန်သည်။ တတိယအကြိမ် ရုန်းပြန်သည်။ အကြောများပါ ပြတ်သွားသည်။ ရွှေဟသ်ာမင်းသည် ရုန်းကန်နိုင်စွမ်း မရှိတော့ပြီ။

ရွှေဟသ်ာမင်းသည် မိမိကျော့ကွင်းမိနေသည်ကို အခြားဟသ်ာများအား ရုတ်တရက် အသိမပေး။ အစာဝအောင် စားစေရန် ငြိမ်သက်နေလိုက်၏။ အခြားသော တပည့်ဟသ်ာများ အစာဝချိန်ရောက်မှ နာကျင်မှုဝေဒနာကို ပြ၍ ပြင်းထန်စွာ အော်မည်လိုက်သည်။

ရွှေဟသ်ာအော်မည်သံကြောင့် အခြားဟသ်ာကိုးသောင်းတို့မှာ အထိတ်တလန့်ဖြစ်ပြီး ကောင်းကင်သို့ ပျံတက်ကုန်ကြသည်။

## သစ္စာရှင် ဟသ်ာစစ်သူကြီး

ရွှေဟသ်ာမင်း၏ အော်သံကို ကြားလျှင် သုမုခမည်သော ဟသ်ာစစ်သူကြီးသည် ရုတ်တရက် ပျံတက်သွားရာမှ *"ဒီအသံဟာ ရွှေဟသ်ာမင်းရဲ့ အသံဖြစ်သည်၊ ရွှေဟသ်ာမင်းဟာ ဘေးဒုက္ခတစ်ခုနှင့် ကျန်ရစ်နေဟန်ရှိသည်၊"* ဟု တွေးကာ ရေကန်ဆီသို့ ပြန်လည် ဆင်းသက်လာခဲ့သည်။

ထိုအခါ ကျော့ကွင်းမိသဖြင့် သွေးအလိမ်းလိမ်း ဖြစ်နေသော ရွှေဟသ်ာမင်းကို တွေ့လိုက်ရသည်။ အနီးသို့ ကပ်၍ ရပ်နားလိုက်သည်။ ထိုအခါ ရွှေဟသ်ာမင်းက *"အသင်သုမုခ၊ အခြားဟသ်ာကိုးသောင်းတို့လည်း ပျံသွားကြပြီ၊ သင်လည်း ပျံပါတော့လား၊"* ဟု ဆို၏။

*"အရှင်ဟသ်ာမင်း၊ ကျွန်ုပ်သေလိုက သေပါစေ၊ အရှင့်ကို စွန့်ခွာ မသွားပါ၊ ကျွန်ုပ်ဟာ သာသောအခါမှာ လာ၍ နာသောအခါမှာ ခွာသွားတတ်သော အယုတ်မာမျိုး မဟုတ်ပါ၊ အရှင်မပါဘဲ ကျွန်ုပ်မပြန်ပါ၊ ကျွန်ုပ်ဟာ အရှင့်ရှေ့မှ ရန်သူကို ကာဆီးလိုသော စစ်သူကြီး ဖြစ်ပါသည်၊ အရှင်နှင့်အတူ အသက်စွန့်၍ နေပါမည်၊"*

*"အို– သုမုခ၊ သင်ဟာသစ္စာရှိသော သူတော်ကောင်း တစ်ဦးပေပဲ၊ သင်ရဲ့သစ္စာကို သိရသည့်အတွက် ငါ မကြောက်တော့ပါ၊ သင့်ကိုမှီပြီး ငါ အသက်ရှင်ရလိမ့်မည် ထင်ပါ၏၊"*

ထိုစဉ် ကျော့ကွင်းထောင်သော မုဆိုးသည် ဟသ်ာတို့အနီး ရောက်လာပြီး ကျော့ကွင်း ထောင်ရခြင်း အကြောင်းကို ပြောကြား၏။ ထိုနောက် ဟသ်ာတို့ကို ဗာရာဏသီမင်းထံသို့ ပို့ဆက်ကြသည်။

ရွှေဟသ်ာမင်းသည် ဗာရာဏသီမင်းနှင့် မိဖုရားတို့အား တရားဓမ္မ ဟောကြားပြသသည်။ မင်းနှင့် မိဖုရားတို့သည် တရားတော်ကို နာကြားပြီးနောက် အစားအစာများကို ကောင်းမွန်စွာ ကျွေးမွေးသည်။ ဟသ်ာခြေတို့ကို နံ့သာရေတို့ဖြင့် ဆေးကြောပြီးလျှင် စိတ္တကုဋ်တောင်သို့ ပြန်လွှတ်လိုက်လေသည်။

## ဆရာတော် ရှင်တေဇောသာရ

အင်းဝရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် ထင်ပေါ်လာသော ဆရာတော် ရှင်တေဇောသာရကား အင်းဝမြို့၌ ဖွားသန့်စင်သော ရဟန်းတစ်ပါး ဖြစ်သည်။ မိဘမည်ရည်နှင့်

မွေးဖွားသက္ကရာဇ်တို့ကိုမူ အမှတ်အသား မတွေ့ရပေ။

ရှင်တေဇောသာရသည် စာဆိုအကျော် ရှင်မဟာရဋ္ဌသာရဆရာတော်၏ တပည့်ရင်း ဖြစ်သည်။ ကျောင်းသားဘဝမှစ၍ သာမဏေဘဝ၊ ရဟန်းဘဝတိုင်အောင် အခြေခံစာပေများနှင့် ပျို့၊ ကဗျာ၊ လင်္ကာ မော်ကွန်းစသော အနုစာပေများကိုလည်းကောင်း၊ ပါဠိ အဋ္ဌကထာစသော လောကုတ္တရာ စာပေများကိုလည်းကောင်း သင်ကြားတတ်မြောက်တော်မူသည်။

ရှင်တေဇာသာရဆရာတော်သည် ရှင်မဟာရဋ္ဌသာရထံမှ စာပေနည်းခံ၍ သင်ကြား တတ်မြောက်ကြောင်းကို 'ရွှေဟင်္သာမင်းပျို့' နိဂုံး၌ –

" *လေးကျွန်းမှန်ကင်း၊ တောင်ခပင်းတွင်၊ ကြီးမင်းမြင့်ခေါင်၊ မြင့်မိုတောင်၏၊ ယပ် စောင်မှီခို၊ ယုဂန္ဓိုရ်နှင့်၊ နိုင်းဆိုလိုက်လျော်၊ ကြားသိခေါ်သည်၊ တေဇော်သာရ၊ သာဝကလျှင်၊ ပုစ္ဆကဝိ၊ ကြားလွှံ့သိသား၊ ခေါင်ထိဆရာ၊ ရဋ္ဌသာမှ၊ နည်းနာရမြောက်၊ တောင်ကိုဖောက်သည်၊ စိန်ကျောက်အလား၊ အသွားထက်မြက်၊ ဉာဏ်သံလျက်ဖြင့်၊* "–

ဟူ၍ ရေးသားကာ မိမိဆရာ့ဂုဏ်ကို ဖွဲ့ဆိုပြခဲ့သည်။

ရှင်တေဇောသာရသည် နေပြည်တော်၌ မွေးဖွားခဲ့သော ရဟန်းတော် ဖြစ်သည့် အလျောက် အင်းဝနေပြည်တော်ကို ချစ်သည်။ တိုင်းပြည်ကို မြတ်နိုးသည်။ အမျိုးကို ချစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တောက်ရှန်းစေချင်သည်။ အမျိုးဂုဏ် မြင့်မားရေးမှာ နိုင်ငံသားတိုင်းက မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးရမည်။ စည်းလုံးရေးကို ဖော်ဆောင်ရမည်။ သို့မှသာ နိုင်ငံတော်လည်း ငြိမ်းချမ်းသာယာမည်။ သူတစ်လူ ငါတစ်မင်း ပြုလုပ်နေကြလျှင် ငြိမ်းချမ်း ခြင်းရသကို ခံစားရမည် မဟုတ်ချေ။

ရှင်တေဇောသာရသည် နိုင်ငံတော်ငြိမ်းချမ်းသာယာစေလိုသော ဆန္ဒဖြင့် ရွှေဟင်္သာ မင်းပျို့ကို ရေးသားခဲ့ခြင်း ဖြစ်သည်။ သတိပေးခဲ့ခြင်း ဖြစ်သည်။ ဆရာတော်က မည်မျှပင် သတိပေးစေကာမူ မင်းဆွေစိုးမျိုး မှူးမတ်တို့မှာ သတိတရား မရနိုင်ခဲ့ကြပေ။

ထို့ကြောင့် တစ်နိုင်ငံလုံး စည်းလုံးမှု ပျက်ပြားလာကာ ဝါးအစည်းပြေသကဲ့သို့ တဖြည်း ဖြည်း ကစဉ့်ကလျား ဖြစ်လာသည်။ သွေးကွဲမှုများ ဖြစ်နေကြသည်။ ခြားနားမှုများ ရှိနေကြသည်။ ဤသို့ဖြင့် သက္ကရာဇ် ၈၈၈–ခုနှစ်တွင် အင်းဝနေပြည်တော်ကြီး ပျက်စီးတိမ်းယိမ်းခဲ့ရ၏။ မိုးညှင်း စလုံနှင့် သား သိုဟန်ဘွားတို့၏ သိမ်းပိုက်မှုကို ခံခဲ့ရလေတော့သည်။

## သာသနာ ညှိုးနွမ်းချိန်

သက္ကရာဇ် ၈၈၉–ခုနှစ်တွင် မိုးညှင်းစလုံသည် သားဖြစ်သူ သိုဟန်ဘွားအား ဆင်နှစ်ရာ၊ မြင်းလေးထောင်၊ စစ်သည်ခြောက်သောင်းနှင့် အတူ အင်းဝမြို့နန်းကို အပ်၍ မင်းပြုစေသည်။ သားကို နန်းအပ်ပြီးလျှင် စလုံသည် မိမိအုပ်ချုပ်ရာ မိုးညှင်းသို့ ပြန်သွားလေသည်။

အင်းဝကို အုပ်ချုပ်သော သိုဟန်ဘွားမင်းသည် ရက်စက်ကြမ်းကြုတ်သော မင်းဖြစ်သည်။ ရတနာသုံးပါးကို ရိုသေရကောင်းမှန်း မသိပေ။ အင်းဝတစ်ခွင်ရှိ စေတီပုထိုး များကိုလည်း မြန်မာတို့ ရွှေငွေထားသော ဘဏ္ဍာတိုက်ကြီးများဟု ယူဆကာ တူးဖြို၍ ရွှေငွေများကို ယူလေသည်။

သက္ကရာဇ် ၈၉၇–ခုနှစ်တွင် တောင်ပလူ လယ်ပြင်၌ မဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်သည်။ စစ်ကိုင်း၊ အင်းဝ၊ ပင်းယရှိ ရဟန်းသံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးမည်ဟူ၍ မဏ္ဍပ်သို့ ပင့် ဆောင်၏။ သံဃာတော်တွေ စုံသည့်အချိန်တွင် ဆင်မြင်းဗိုလ်ပါ ဝန်းရံလျက် သတ်ဖြတ်လေ တော့သည်။ ဆရာတော် သံဃာတော် ၃၆၀–ကျော် အသတ်ခံရ၏။

ကျန်သော ဆရာတော်တို့မှာ အင်းဝတစ်ခွင်တွင် မနေဝံ့ကြတော့ဘဲ ကျေးလက်ဒေသသို့

ထွက်ပြေး တိမ်းရှောင်နေကြရသည်။ အများစုမှာမူ တောင်ငူသို့ ပြေးဝင်ခိုလှုံကြလေသည်။

## ပြာဠိဟာခန်းပျို့

ဤကဲ့သို့သော သိုဟန်ဘွား၏ လုပ်ရပ်ကို ပြည်သူလူထုကလည်း မကျေနပ်ကြပေ။ သို့သော်လည်း အာဏာအရှိန်အဝါ ကောင်းနေသဖြင့် မည်သူမျှ အံတုနိုင်ခြင်း မရှိကြသေး။

သိုဟန်ဘွား၏ လုပ်ရပ်ကို မကျေနပ်သူတစ်ဦးကား ကန္နီမြို့စား သီရိဇေယျနော်ရထာ ဖြစ်သည်။ ကန္နီမြို့စားသည် သာသနာတော်ကို ဖြိုဖျက်နေသော သိုဟန်ဘွား၏ မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကို စက်ဆုတ် ရွံရှာလျက် ရှိသည်။ သိုဟန်ဘွားကြောင့် သာသနာတော်လည်း မှေးမှိန်နေရသည်။ မြို့စားသည် သိုဟန်ဘွား၏ မိစ္ဆာဒိဋ္ဌိအယူနှင့် ဘုရားမှန် တရားမှန်ဖြစ်သော ဗုဒ္ဓဘာသာအယူ တို့ကို ခွဲခြားနိုင်းယှဉ်၍ ကဗျာလင်္ကာဖြင့် ကျမ်းတစ်စောင် ပြုစုပါရန် ရှင်တေဇောသာရအား တောင်းပန်လျှောက်ထားလေသည်။

ရှင်တေဇောသာရသည် ကန္နီမြို့စားတောင်းပန်မှုကို အကြောင်းပြု၍ ‘ပြာဠိဟာခန်းပျို့’ ကို သက္ကရာဇ် ၈၉၈–ခုနှစ်တွင် ရေးဖွဲ့တော်မူသည်။ ပြာဠိဟာခန်းဆိုသည်မှာ ဂေါတမမြတ်စွာ ဘုရားလက်ထက် တိတ္ထိခေါင်းဆောင်ကြီးများက မြတ်စွာဘုရားနှင့် တန်ခိုးပြိုင်မည်ဟု အုတ်အော်သောင်းတင်း ကြေညာလျက် ရှိကြသည်။ ထို့ကြောင့် ဘုရားရှင်သည် သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူကြောင်း ပျို့ကဗျာဖြင့် ဖွဲ့ဆိုရေးသား ထားခြင်းဖြစ်ပေသည်။

ဤပျို့၏ ရည်ရွယ်ချက်မှာ သိုဟန်ဘွားကို တိတ္ထိတက္ကတွန်းသဏ္ဍာန်ထား၍ ဘုရား သာသနာကို ဘယ်လိုပင် ဖျက်သော်လည်း တစ်နေ့သောအခါ ယင်းတို့ပင် ပျက်စီးရမည်။ သာသနာတော်ကား အစဉ်ထာဝရ တောက်ပနေမည်သာဖြစ်၍ ပြည်သူလူထုတို့က သာသနာ တော်ကို ယုံကြည်လေးမြတ်စွာ နေထိုင်ကြရန် ရေးသားထားလေသည်။

ဆရာတော်ရှင်တေဇာသာရ ထောက်ပြခဲ့သည်မှာ မှန်ပါသည်။ အဘယ့်ကြောင့်ဆို သော် သာသနာတော်ကို ဖျက်သော သိုဟန်ဘွားသည် မကြာမီ လုပ်ကြံခံရလေသည်။

နိုင်ငံတော် ငြိမ်းချမ်းရေး၊ သာသနာတော် ပြန့်ပွားရေးကို စာပေအတတ်ပညာဖြင့် ဆောင်ရွက်တော်မူခဲ့သော ဆရာတော်ရှင်တေဇောသာရသည် မည်သည့်ခုနှစ်တွင် ပျံလွန်တော် မူသည်ဟု အမှတ်အသား မတွေ့ရချေ။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) တွင်းသင်းရာဇဝင် ၊
(၂) စာဆိုတော်များ အတ္ထုပ္ပတ္တိ ၊
(၃) မြန်မာစာပေသမိုင်း ၊
(၄) အသီတိနိပါတ် ၊

# ရခိုင်ဆရာတော်များ

## မင်းတရားရွှေထီးနှင့် ဘုရင့်နောင်

သက္ကရာဇ် ၈၉၂–ခုနှစ်တွင် မင်းတရားရွှေထီး နန်းတက်သည်။ ထိုအချိန်၌ အင်းဝတွင် သိုဟန်ဘွား၊ ပြည်တွင် နရပတိ၊ ဟံသာဝတီတွင် ရှင်တကာရွတ်ပိတို့ အုပ်စိုးလျက်ရှိကြသည်။ မြန်မာနိုင်ငံတော်သည် ပဒေသရာဇ်တို့ အားပြိုင်လျက် ရှိနေချိန်ဖြစ်သည်။

မင်းတရားရွှေထီးသည် စည်းလုံးရေးအင်အား နည်းပါးကာ အစိတ်စိတ်ဖြစ်နေသော နိုင်ငံတော်ကို သိမ်းသွင်းစည်းလုံးရန် ကြံရွယ်လျက် စစ်သည်ရဲမက်တို့ကို စုဆောင်းလေသည်။ မင်းတရားရွှေထီးသည် မင်းပျိုမင်းလွင် ဖြစ်သည့်အလျောက် စိတ်မြန်လက်မြန်ရှိသည်။ သူရသတ္တိနှင့်လည်း ပြည့်စုံသည်။ နိုင်ငံတော် စည်းလည်းလုံးညီညွတ်ရေးအတွက် အဖက်ဖက်က စိတ်ရောကိုယ်ပါ ဆောင်ရွက် နေသည်။

မင်းတရားရွှေထီးအတွက် လက်ရုံးသဖွယ် အားထားရသော စစ်သူကြီးတစ်ဦး ရှိသည်။ သူကား ဘုရင့်နောင် ကျော်ထင်နော်ရထာဖြစ်သည်။ ဘုရင့်နောင်သည် မင်းရဲသိင်္ခသူဘွဲ့ခံမင်းကြီးဆွေ၏ သားတော် ဖြစ်သည်။ ငယ်နာမည် ရှင်ရဲထွတ် ဖြစ်၏။ မင်းတရားရွှေထီး၏ နှမတော် မင်းသမီးခင်ကြီးနှင့် စုံဖက်၍ ကျော်ထင်နော်ရထာဘွဲ့ကို ခံယူရသည်။ ထိုနောက်ဘုရင့်နောင်ဘွဲ့ကို ပေးအပ်လေသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာသည် မင်းတရားရွှေထီး၏ နိုင်ငံတော် စည်းလုံးရေးအတွက် စွမ်းစွမ်းတမန် တိုက်ပွဲဝင်ပေးခဲ့သူဖြစ်သည်။ သို့အတွက် မင်းတရားရွှေထီး၏ တန်ခိုးအာဏာလည်း ကျယ်ပြန့်လာခဲ့သည်။ နိုင်ငံတော် အဝန်းအဝိုင်းကိုလည်း တိုးမြှင့်၍ ချဲ့ဖြန့်နိုင်ခဲ့သည်။

ပုဂံခေတ်တွင် အနော်ရထာ၏ အောင်မြင်မှုသည် ကျန်စစ်သား၏ စွမ်းရည် ဖြစ်သကဲ့သို့ တောင်ငူ ဟံသာဝတီခေတ်တွင်လည်း မင်းတရားရွှေထီး၏ အောင်မြင်မှုသည် ဘုရင့်နောင်၏ စွမ်းရည်ပင်ဖြစ်လေသည်။ ကျန်စစ်သားနှင့် ဘုရင့်နောင်တို့သည် နောင်အခါတွင် မင်းဖြစ်သွားကြသူများ ဖြစ်သည်။ ထိုမင်းနှစ်ပါးကား မင်းမျိုးမှ မွေးဖွားသူများ မဟုတ်ကြပေ။

ဘုရင့်နောင်ပါဝင်ခဲ့သော စည်းလုံးရေးစစ်ပွဲများအနက် ရခိုင်ဒေသလည်းပါဝင်ပေသည်။ သို့ရာတွင် ဘုရင့်နောင်သည် ရခိုင်ဒေသစည်းလုံးရေးစစ်ကို အပြီးတိုင်အောင် မဆင်နွှဲရပေ။ ရခိုင်ဆရာတော်တို့၏ ဖျန်ဖြေပေးမှုကြောင့် ငြိမ်းချမ်းစွာ ပြီးဆုံးခဲ့လေသည်။

ဖြစ်စဉ်ကား ဤသို့တည်း။

## တူနှင့် ဘထွေး ထီးနန်းရေး

သက္ကရာဇ် ၉၀၇–ခုနှစ်တွင် ရခိုင်မင်း ကွယ်လွန်သဖြင့် သားတော်အိမ်ရှေ့ ဥပရာဇာမင်းဘင်က ရခိုင်ထီးနန်းကို ဆက်ခံသည်။ ထိုအခါ ကွယ်လွန်သူ ရခိုင်မင်း၏ ညီတော် သံတွဲစားသည် တူတော်မင်းဘင်၏ သြဇာကိုမနာခံဘဲ ခြားနားကာ သံတွဲ၌ မင်းပြုနေသည်။

တူတော် မင်းဘင်သည် မိမိသြဇာကို မခံဘဲ သီးခြားမင်းပြုနေသည်ကို မကျေနပ်သောကြောင့် သံတွဲသို့ ထိုးစစ်ဆင်တိုက်ခိုက်ရန် စီမံနေသည်။ ထို့ကြောင့် သံတွဲစားသည် အမတ်နှစ်ယောက်ကို လက်ဆောင်တော်များနှင့် မင်းတရားရွှေထီးထံ စေလွှတ်၍ စစ်ကူပေးတော်ပါရန် လျှောက်ထားလာသည်။

မင်းတရားရွှေထီးသည် သံတွဲစားကို ကူညီရန်အတွက် တပ်လေးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည် လေးသောင်းနှင့်အတူ သံတွဲသို့ စစ်ကူပေးပို့လိုက်သည်။ သို့သော်လည်း နောက်ကျခဲ့ပြီ။ စစ်ကူတို့ မရောက်မီ ရခိုင်မင်းဘင်က စစ်သည်အလုံးအရင်းဖြင့် သံတွဲကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ ယင်းထိုးစစ်ကြောင့် သံတွဲစားလည်း မင်းတရားရွှေထီးထံသို့ ပြေးဝင်ခိုလှုံလာလေသည်။

မင်းတရားရွှေထီးသည် ရခိုင်ဘုရင်၏ ညီတော်သံတွဲစားကို *"သင် မစိုးရိမ်နှင့်၊ ငါ ကိုယ်တော် မ,စ ၍ သူကောင်းပြုတော်မူမည်၊"* ဟု အမိန့်ရှိသည်။ ထိုနောက် စစ်ကူသွားသော လေးတပ်သားတို့ကို ပြန်၍ ခေါ်ယူရသည်။

မင်းတရားရွှေထီးသည် ရခိုင်ဒေသသို့ စစ်ချီရမည့်အရေးကို ဘုရင့်နောင်နှင့် တိုင်ပင်ရသည်။ ဘုရင့်နောင်က စစ်ချီရေးကိစ္စအတွက် ဤသို့ လျှောက်သည်။

*"ရခိုင်ကို စစ်ချီရာမှာ ကြည်းကြောင်းကိုချည်း အားကိုး၍ မဖြစ်ပါ၊ ရခိုင်ချီလမ်းဟာ တောတောင်ထူထပ်သဖြင့် ကြမ်းတမ်းလှပါသည်၊ အရှင်မင်းမြတ်က ရေကြောင်းချီမှ သင့်မည်၊ ရခိုင်သားတွေဟာ ရေကြောင်းကျွမ်းကျင်သူများ ဖြစ်၍ ရေတပ်လည်း အင်းအားကြီးအောင် စီရင်မှ သင့်ပါမည်၊"*

မင်းတရာရွှေထီးက *"သင့်အောင်သာ စီစဉ်ပါ၊ "အမိန့်ရှိသည်။*

## ကြည်းရေ စုန်ညီ ချီကြပြီ

ဘုရင့်နောင်သည် ရေကြောင်းချီတပ်ကို ဦးစားပေး၍ စီရင်သည်။ ရေကြောင်းချီတပ်တော်ကို မင်းတရားရွှေထီးကိုယ်တိုင် လိုက်ပါမည် ဖြစ်သည်။ ရေကြောင်းချီတပ်တွင် ရှေ့တပ်ခုနစ်တပ်၊ နောက်တပ်ခုနစ်တပ်နှင့် အလယ်မှ မင်းတရားရွှေထီးတပ်တော်က လိုက်ပါမည်။

တပ်မတော်နှင့်တကွ တပ်ပေါင်း ၁၅-တပ်တွင် ပါသည့် တိုက်လှေ ရှစ်ရာ၊ လှော်ကားသံလှေ ငါးရာ၊ ရိက္ခာတင်ကုန်လှေ တစ်ရာ၊ စစ်သူရဲပေါင်း သုံးသိန်းငါးသောင်းမျှ ရှိသည်။ ရေကြောင်းချီတပ်ကြီးသည် စည်ကြီး ခွက်ခွင်း ခရုသင်းတို့ဖြင့် မြစ်ပြင်တစ်ခုလုံး ပွဲ့တင်ထပ်မျှ ချီတော်မူလေသည်။

ကြည်းကြောင်းချီတပ်ကိုမူ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ဖြင့် ဖွဲ့စည်းထား၏။ မြင်းသည်တပ်ဖွဲ့ လေးခုအပါအဝင် တပ်ပေါင်း ၁၅-တပ်ကို ဖွဲ့စည်းထားသည်။ ထိုအထဲတွင် တိုက်ဆင် ခြောက်ရာ၊ မြင်းတပ်လေးခုနှင့် စစ်သည်လေးသောင်း ပါဝင်သည်။

ထိုကြည်းကြောင်း ခြေလျင်တပ်ကြီးကို ဘုရင့်နောင် ကျော်ထင်နော်ရထာက တပ်မပြု၍ လင်းပတေ့ကြောင်းမှ ချီတက်ခဲ့ကြလေသည်။

## ရှေးဦးတိုက်ပွဲ

မင်းတရားရွှေထီးသည် ရေကြောင်းမှ ချီလာကြောင်း ရခိုင်ဘုရင် မင်းဘင်ကြားလျှင် သံတွဲတွင် ရှိနေသော စစ်သည်ရဲမက်တို့ကို ကတ္တူလွှန်းကြင်များဖြင့် ကြို၍ တိုက်စေသည်။ ရေတပ်သားတို့ အပြင်းအထန် တိုက်ပွဲဖြစ်ကြသည်။ ထိုတိုက်ပွဲတွင် မင်းတရားရွှေထီးတပ်က အရေးသာသဖြင့် ရခိုင်စစ်သည်တို့ သံတွဲအထိ ပြန်ဆုတ်ရသည်။ လှေတော်အများအပြားလည်း မင်းတရားရွှေထီးတပ်က သိမ်းဆည်းရမိသည်။

မင်းဘင်၏ စစ်သည်တို့သည် သံတွဲမှ ခံ၍ တိုက်ရန် စီစဉ်ထားသော်လည်း နောက်ထပ် ဘုရင့်နောင်တို့ ချီလာသော ကြည်းတပ်အင်အားလည်း များပြားလှသည်ဟု ကြားသဖြင့် သံတွဲတွင် မနေတော့ဘဲ နေပြည်တော် မြောက်ဦးသို့အထိ ဆုတ်ခွာသွားကြလေသည်။

မင်းတရားရွှေထီးသည် သံတွဲကို ရတော်မူလျှင် စစ်ပြေးဒုက္ခသည်များအား သံတွဲစား၏ ကျေးကျွန်တို့ကို စာရေး၍ ခေါ်စေရသည်။ အမိန့်စာတွင် ရခိုင်ဘုရင်၏ ညီတော် သံတွဲစားသည် စစ်ချီရာမှ ပါလာကြောင်း၊ မိမိနေအိမ်များသို့ အေးချမ်းစွာ ပြန်လာကြရန် ဆင့်ခေါ်သည်။ သံတွဲနှင့် ကျေးလက်ပြည်သူတို့သည် မိမိတို့ သံတွဲမြို့စား ပါလာကြောင်း အတတ်သိသောအခါ ပြန်လည်ဝင်ရောက်လာကြလေသည်။

မင်းတရားရွှေထီးသည် ရခိုင်ဘုရင့်ညီတော် သံတွဲစားနှင့် သံလျင်စား နန္ဒကျော်ထင်တို့ကို သံတွဲမြို့၌ ထားရစ်ခဲ့သည်။ ထိုမှတစ်ဆင့် ရေကြောင်း ကြည်းကြောင်း အစုံဖြင့် ရခိုင်မြို့တော်ဆီသို့ ချီတက်ခဲ့ကြလေသည်။

## နေပြည်တော်တိုက်ပွဲ

မင်းဘင်၏ မြို့တော်သို့ မရောက်မီ စခန်းနှစ်ခု အကွာလောက်တွင် ရခိုင်မင်း၏ ရေတပ် ကြည်းတပ်များက ဆီးဆို့၍ တိုက်ခိုက်ကြသည်။

ကြည်းကြောင်းချီ လင်းပတေ့စားနှင့် မြင်းတပ်တို့သည် ရခိုင်မင်းတပ်တို့နှင့် တပ်ဦးချင်းကာ အပြင်းအထန် တိုက်ခိုက်ကြသည်။ လင်းပတေ့စား တပ်များ ဆင်ခင်း မြင်းခင်း မသာသောကြောင့် လွင်ပြင်သို့ ထွက်နေရသည်။ ထိုအချိန်တွင် စိန်ပြောင်း မြတပူနှင့် ပစ်ရာ ကျည်သင့်သဖြင့် လင်းပတေ့စား ကျဆုံးသွားသည်။ ထို့ကြောင့် လင်းပတေ့စားတပ်တို့သည် နောက်သို့ ဆုတ်ခွာသွားကြရသည်။

ယင်းသို့ ဆုတ်ခွာသွားရာ ဘုရင့်နောင်၏ တပ်မတော်နှင့် တွေ့ကြ၏။ ဘုရင့်နောင်သည် မိမိတပ်မတော်ကြီးကို အပြင်း ထိုးစစ်ဆင်စေရာ ရခိုင်မင်း စစ်သည်တို့ အမြောက်အမြား ကျဆုံးကြသည်။ ဆင် မြင်း လူသုံ့ပန်းများစွာ ရရှိသည်။

ဘုရင့်နောင်၏ ထိုးစစ်ကြောင့် ကြည်းတပ်သားတို့ ဆုတ်ခွာသွားကြသည်။ ကြည်းတပ်ပျက်သောကြောင့် ရေကြောင်းချီတပ်လည်း မခံဝံ့တော့သဖြင့် မင်းဘင်ထံသို့ ပြေးဝင် ပူးပေါင်းကြလေတော့သည်။

မင်းတရားရွှေထီး၏ ကြည်းတပ် ရေတပ်တို့သည် မင်းဘင်၏ မြို့တော်သို့ ရောက်ရှိကြပြီးနောက် ဝန်းရန်တိုက်ခိုက်ကြသည်။ မြို့သိမ်းတိုက်ပွဲကို ဆင်နွှဲကြသည်။ သို့သော်လည်း မြို့ကို သိမ်းပိုက်ရန် မလွယ်လှသေး။ ရခိုင်မြို့တော်သည် တောင်ထိပ်မှာ ဖြစ်သည်။ မြို့တည်ဆောက်မှုကလည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်ဝန်းသည်။ လက်နက်ကိရိယာလည်း ထူထပ်လှသဖြင့် အကြိမ်များစွာ တိုက်ခိုက်သော်လည်း မြို့တော်ကို သိမ်းပိုက်ရန် မလွယ်ချေ။

မင်းတရားရွှေထီး၏ တပ်တော်တို့သည် မြို့တော်ကို ကြည်းတပ် ရေတပ်များဖြင့် ဝန်းရံထားကြသည်။ မြို့တော်အနီးတွင် သစ်တပ်မြို့ရိုးတစ်ခုကို လျင်မြန်စွာ ဆောက်လုပ်၍ ပြလက်ရန်းတို့ကိုပါ ထည့်သွင်းထားသည်။ ထိုပြလက်ရန်းထဲမှနေ၍ မြို့တော်ကို စိန်ပြောင်း မြတပူတို့ဖြင့် အဆက်မပြတ် ပစ်ခတ်နေ၏။ မြို့တော်သားတို့သည် မြို့ပြင်သို့ ထွက်နိုင်ခွင့် မရှိတော့ချေ။

ထိုအခါ ဘုရင်မင်းဘင်လည်း *"ငါ မင်းဖြစ်သည်မှာ မကြာလှသေး၊ ငါ့ကို လိုလားသူလည်း ရှိမည်၊ ငါ့ဘထွေးတော်ကို လိုလားသူလည်း ရှိမည်၊ ယခု မင်းတရားရွှေထီး ချီလာသည်မှာလည်း ဆင်မြင်းဗိုလ်ပါ များလှသည်။ ကြာရှည်ခံနိုင်မည် မဟုတ်၊ အရေးတော် အမြန်ပြီးမှ သင့်မည်၊ "*ဟု အကြံဖြစ်လေသည်။

## ငြိမ်းချမ်းစေရန် စေတမန်

မင်းဘင်သည် အမတ်နှစ်ယောက်ကို လက်ဆောင်ပဏ္ဏာများဖြင့် စေလွှတ်၍ အရေးတော် ပြီးပြေပါရန် သဝဏ်စာရေးကာ မင်းတရားရွှေထီးထံ ဆက်သစေသည်။ မင်းတရားရွှေထီးသည် *“သံတွဲစားကို ငါ မစ၍ သူကောင်းပြုမည်လို့ လာခဲ့သည်၊ ငါအရေးမပေးသာ။ ”* ဟု မိန့်လိုက်သည်။

မင်းတရားရွှေထီးသည် ရခိုင်မင်း၏ သံနှစ်ဦးကို မိမိစစ်သည် ဗိုလ်ပါများ ချထားရာ စခန်းများကို လှည့်လည်ပြသသည်။ သံနှစ်ဦးသည် မင်းတရားရွှေထီး၏ စီမံချက်များနှင့် စစ်သည်အင်အားကို ကြည့်ရှုကြပြီးနောက် မင်းဘင်အား ပြန်လည်လျှောက်ထားကြသည်။ မင်းဘင်သည် ထိုအကြောင်းကို ကြားသိလျှင် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်ဘိ၏။

မင်းဘင်သည် သံတမန်တို့၏ ဆောင်ရွက်ချက် မအောင်မြင်သဖြင့် မိမိကိုးကွယ်သော မင်းဆရာတော် လေးပါးကို နန်းတော်သို့ ပင့်ဆောင်၏။ ဆရာတော်တို့အား *“အရှင်ဘုရားတို့၊ အရေးတော်ကို ပြီးပြေအောင် ဆောင်ရွက်ပေးတော်မူကြပါ၊ ”* ဟု လျှောက်သည်။

ဆရာတော်တို့သည် အရေးတော်ပြီးပြေစေရန် တာဝန်ယူကြ၏။ မင်းဘင်သည်လည်း ဆရာတော်တို့နှင့် အတူ လက်ဆောင်တော်ပစ္စည်း အများအပြားကို လူတစ်ထောင်တို့အား ကိုင်ယူစေပြီး မင်းတရားရွှေထီးထံ စေလွှတ်လိုက်၏။

## ဆရာတော်တို့၏ ငြိမ်းချမ်းရေးတရား

မင်းတရားရွှေထီးသည် ရခိုင်ဆရာတော်တို့ကို တွေ့ဆုံပြီး *“အရှင်ဘုရားတို့ ကြွရောက်လာသည့် အကြောင်းကို အမိန့်ရှိပါ၊ ”* ဟု လျှောက်သည်။

ဆရာတော်တို့က *“ဒကာတော်မင်းမြတ်၊ အကြောင်းငါးပါးရှိ၍ ဘုန်းကြီးတို့ လာရောက်ကြခြင်း ဖြစ်ပါသည်၊ ”* ဟု ဆိုကြ၏။

*“အကြောင်းငါးပါးက ဘာတွေပါလဲဘုရား၊ ”* ဟု မေးလျှောက်သည်။

*“ယခု တရားမင်းမြတ် ချီတော်မူလာရာမှာ ရခိုင်မင်း၏ သားတော်ကို နန်းချ၍ ညီတော်ကို မင်းမြှောက်ရန် ချီလာခြင်း ဖြစ်ပါသည်။ ရခိုင်မင်းတို့ ထုံးစံမှာ ခမည်းတော်မရှိလျှင် သားတော်သာ မင်းပြုရိုး ထုံးစံရှိပါသည်။ တရားမင်းမြတ်က ညီတော်ကို နန်းတင်မည်ဆိုပါလျှင် နန်းဓလေ့ထုံးစံ ပျက်ပြားပါတော့မည်၊–*

*“နောက်တစ်ကြောင်းမှာ ရခိုင်မင်းဟာ အင်အားတောင့်တင်းပါသည်။ ရုတ်တရက်တိုက်၍ ရမည်မဟုတ်ပါ၊ ကြာရှည်တိုက်နေရပါမည်၊ ရခိုင်ဘုရင်နှင့် မြို့ဘုရင်တို့ဟာ သမီးယောက်ဖများ ဖြစ်ကြပါသည်၊ ဤစစ်ပွဲကို မြို့ဘုရင်ကြားသိလျှင် လာရောက်ကူညီပါမည်၊ ဒီအခါမှာ သုံးပြည်ထောင်စစ်ပွဲ ဖြစ်ပြီး လူများစွာ သေကြေပျက်စီးရပါတော့မည်၊ လူတို့၏ ဘေးအန္တရာယ်ကို သိရှိပါလျက် ဘုန်းကြီးတို့က မေတ္တာမရပ်လျှင် သဗ္ဗညုဘုရားရှင်၏ သားတော် မပီသရာ ရောက်ပါတော့မည်၊ သို့ဖြစ်၍ ရန်စစ်ပွဲကြီးကို တားဆီးလိုသော မေတ္တာကြောင့် လာရောက်ခြင်း ဖြစ်ပါသည်၊ –*

*“နောက်တစ်ကြောင်းမှာ တရားမင်းမြတ်ဟာ ဟံသာဝတီ၊ ပုသိမ်၊ သရေခေတ္တရာ စသည့် ပြည်များကို အလိုတော်ပြည့်တာ မကြာသေးပါ၊ ပြည်ရွာသားတိုလည်း ငြိမ်သက်ခြင်း မရှိလှသေးပါ၊ ယွန်းပြည်၊ ယိုးဒယားပြည်အရေးများလည်း မပြီးမပြေ ရှိနေပါသည်။ ဒီပြည်တွေက တရားမင်းမြတ်ရဲ့ နိုင်ငံကို ထိပါးလာလျှင် အဆောတလျင် ပြန်နိုင်မည် မဟုတ်ပါ၊–*

*“တစ်ကြောင်းမှာလည်း ဝါဆို ဝါခေါင် ရောက်လျှင် လေပြင်းမုန်တိုင်းများ ကျရောက်လာပါမည်၊ အကယ်၍ အခြားစစ်ရေးတစ်စုံ တစ်ရာ ကြုံလာခဲ့လျှင် လှေတပ်တော်များ*

*နေပြည်တော်သို့ ပြန်ရန် ခက်ခဲပါတော့မည်၊ ကြည်းကြောင်းတပ်များလည်း ချောင်းမြောင်းများ ရေလျှံလျှင် ပြန်နိုင်ကြမည် မဟုတ်ပါ၊ –*

*“နောက်တစ်ကြောင်းမှာလည်း သံတွဲစား၏ စည်းစိမ်ဥစ္စာနှင့် ဆင်မြင်းဗိုလ်ပါတို့ကို သားတော်မင်းတရားက သိမ်းယူထားပါသည်။ ဤစည်းစိမ်တို့ကို ပြန်လည် ပေးအပ်ပြီး ညီတော်သံတွဲစားကို သံတွဲနှင့်တကွ တောင်စဉ် ခုနစ်ခရိုင်ကို ပေး၍ မင်းပြု အုပ်ချုပ်စေပါမည်၊ ဒီလိုပေးအပ်လိုက်လျှင် တရားမင်းမြတ်ရဲ့ အလိုတော်လည်း ပြည့်ပါသည်၊ သားနှင့် ဘထွေးတော်မင်းတို့ဟာ တရားမင်းမြတ် အမှုတော် ရှိသည့်အခါလည်း အချိန်မရွေး ကူညီမည် ဖြစ်ပါသည်၊ –*

*“တရားမင်းမြတ်၊ ဤအကြောင်းငါးပါးကို ဆင်ခြင်တော်မူ၍ ဘုန်းကြီးတို့ တင်ပြသည့်အတိုင်း လိုက်နာမည်ဆိုပါလျှင် လူအများလည်း ငြိမ်းချမ်းရေး ရကြပါမည်၊ တရားမင်းမြတ်အတွက်လည်း အကျိုးမယုတ်ပါ၊ ဘုန်းကြီးတို့ မေတ္တာရပ်ခံချက်ကို လက်ခံတော်မူပါ၊ ”*

မင်းတရားရွှေထီးသည် ဆရာတော်တို့၏ စကားကို ရုတ်တရက် အဖြေမပေးသေး။

*“ ယခု ဆရာတော်တို့ ပြောသည့်အထဲမှာ သားနှင့် ဘထွေးနှစ်ဦးဟာ တပည့်တော်ရဲ့ အမှုတော်ကို ထမ်းမည်ဆိုသည့်စကားကို မူအားဖြင့် တပည့်တော် လက်ခံပါသည်၊ သို့ပေမယ့် ယခုချက်ချင်း အဖြေမပေးသေးပါ၊ နှစ်ရက် သုံးရက်ရှိလျှင် အဖြေပေးနိုင်ပါမည်၊ တပည့်တော်ထံ ပြန်ကြွခဲ့ကြပါ၊ ”*ဟု လျှောက်တင်လိုက်သည်။ ဆရာတော်များလည်း ပြန်ကြွသွားကြသည်။

မင်းတရားရွှေထီးသည် ဆရာတော်များ တင်ပြခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ဘုရင့်နောင် အစရှိသော ပညာရှိ မှူးမတ်တို့နှင့် တိုင်ပင်ရသည်။ အမတ်တို့၏ လျှောက်တင်ချက်အရ တောင်းဆိုချက် သုံးခုကို အတည်ပြုလိုက်ကြသည်။

## ငြိမ်းချမ်းလေပြီ ရခိုင်ပြည်

နှစ်ရက် သုံးရက် ရှိသောအခါ ဆရာတော် လေးပါးတို့ ပြန်ကြွလာကြသည်။ ထိုအခါ မင်းတရားရွှေထီးက အောက်ပါ တောင်းဆိုချက် သုံးခုကို တင်ပြ၏။

(၁) သံတွဲစား၏ ဆင်မြင်း ကျေးကျွန်တို့ကို ပြန်ပေး၍ သံတွဲစားအား သံတွဲနှင့် တောင်စဉ် ခုနစ်ခရိုင်ကို မင်းပြုစေရန် ၊

(၂) ဟံသာဝတီကို တိုက်စဉ်က ရခိုင်သို့ ထွက်ပြေးတိမ်းရှောင်နေသော အမတ်နှစ်ဦးနှင့် လူသူများကို ပြန်လည်ပေးအပ်ရန် ၊

(၃) သားနှင့် ဘထွေး မင်းနှစ်ပါးသည် မင်းတရားရွှေထီး၏ အမှုတော်ရှိပါက ကျေပွန်စွာ ထမ်းရွက်ရန် ၊

မင်းတရားရွှေထီး၏ တင်ပြ တောင်းဆိုချက်ကို ဆရာတော်များက မင်းဘင်ထံ တင်ပြရာ သဘောတူသဖြင့် အရေးသုံးချက်ကို လိုက်လျောလေသည်။

ဤသို့ဖြင့် ရခိုင်စစ်ပွဲကြီးမှာ ငြိမ်းချမ်းစွာ ပြီးဆုံးခဲ့ရပါသည်။ ရခိုင်ဆရာတော်တို့၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်လည်း အောင်မြင်သည်ဟု ဆိုရပါမည်။ မင်းတရားရွှေထီးသည် လည်း အရေးတော် ပြီးပြေသဖြင့် ဟံသာဝတီ နေပြည်တော်သို့ ပြန်လည်ကြွချီတော်မူလေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) မှန်နန်းရာဇဝင် (ဒုတိယတွဲ) ၊

(၂) မြန်မာနိုင်ငံတော်သမိုင်း (ဗိုလ်မှူးဘရှင်) ၊

## ဓကျောင်းဆရာတော်

### သာလွန်မင်းတရား

ညောင်ရမ်းမင်း၏ သားတော်အလတ်ဖြစ်သော သတိုးဓမ္မရာဇာသည် သက္ကရာဇ် ၉၉၁– ခုနှစ် (အေဒီ ၁၆၂၉) တွင် မင်းပြုသည်။ အဘိသိက်ခံသောအခါ 'သီရိသုဓမ္မရာဇာ မဟာဓိပတိ' ဟူသောဘွဲ့ကို ခံယူလေသည်။

သာလွန်မင်းသည် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် တည်တံ့ခိုင်မြဲရေးကို လိုလားသူ ဖြစ်သည်။ သို့အလျောက် အရှေ့ဘက်၊ အနောက်ဘက်နိုင်ငံများနှင့် ပြေပြစ်ချောင်စွာ ဆက်ဆံသည်။

ရခိုင်မင်း သီရိသုဓမ္မရာဇာလက်ထက် သက္ကရာဇ် ၉၉၁–ခုနှစ်မှ စ၍ သံတမန်များ ပို့လွှတ်ကာ ချစ်ကြည်ရေး ပြုလုပ်သည်။ ထိုနည်းအတူ ၉၉၅–ခုနှစ်တွင် ယိုးဒယားမင်းထံသို့ သံတမန်များ စေလွှတ်သည်။ တစ်ဖန် အေဒီ ၁၀၀၃–ခုနှစ်တွင် အိန္ဒိယပြည်မှ အက္ကဘာဘုရင်၏ သံတမန်တို့သည်လည်း မြန်မာရွှေမြို့တော်သို့ ရောက်ရှိလာခဲ့သည်။

ဤသို့ ချစ်ကြည်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သဖြင့် စစ်ရေးစစ်ရာ ပြဿနာများ နည်းပါးခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်စီးပွားရေးကို ဦးမော့အောင် ဆောင်ရွက်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် သာလွန်မင်းသည် နေပြည်တော်ကို အင်းဝသို့ ပြောင်းရွှေ့ပြီးနောက် စားနပ်ရိက္ခာများ ထုပ်လုပ်ရာ ကျောက်ဆည်ဒေသ လယ်တွင်းကိုးခရိုင်သည် မြန်မာတို့အတွက် အရေးပါသော နယ်မြေ ဖြစ်လာသည်။

သာလွန်မင်းသည် လယ်တွင်းကိုးခရိုင် ဖွံ့ဖြိုးရေးကို ဦးစားပေး ဆောင်ရွက်သည်။ လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည်။ လယ်ယာထုတ်ကုန် တိုးတက် ရေးအတွက် ကျောက်ဆည် ဒေသသို့ လူသစ်များကို ပြောင်းရွှေ့နေထိုင်စေသည်။ လယ်ယာထွက်ကုန် တိုးတက်ရေးအတွက် ဆောင်ရွက်စေသည်။

သာလွန်မင်းသည် နိုင်ငံခြားသားတို့နှင့် ကုန်သွယ်မှု လုပ်ငန်းကိုလည်း ချဲ့ထွင် လုပ်ကိုင်သည်။ ဒတ်ချ်၊ အင်္ဂလိပ်တို့နှင့် ကုန်သွယ်မှု လုပ်ငန်းကိုလည်း တိုးချဲ့ လုပ်ကိုင်နိုင်လေသည်။ အခြား အုပ်ချုပ်ရေး၊ လူမှုရေးစသော ကိစ္စများ၌လည်း အမိန့်များ ထုတ်ပြန်ကာ စည်းစနစ်ကျစွာ အုပ်ချုပ်ခဲ့သည်။ သို့ဖြစ်၍ သာလွန်မင်းတရားလက်ထက် တိုင်းပြည် အေးချမ်းသာယာခဲ့သည်။ ပြည်သူ ပြည်သားတို့ နှလုံးစိတ်ဝမ်း ချမ်းသာကြလေသည်။

သာလွန်မင်းဟူသော အမည်မှာ နောင်းလူတို့က ခေါ်ဝေါ်ထားသော အမည်ဖြစ်ပါသည်။ ထိုမင်း မရှိသည့်နောက်မှ "*တိုင်းကားပြည်ရွာ သာလွန်သောကြောင့်လည်းကောင်း၊ ရွှေနန်းတော်ထက်တွင် သာယာစွာ လွန်ရသောကြောင့်လည်းကောင်း သာလွန်မင်းတရားဟူ၍ ခေါ်ဝေါ်ရေးသားကြကုန်သည်။* "*ဟု မဟာရာဇဝင်ကြီးတို့က ရေးသားကြလေသည်။*

သာလွန်မင်းလက်ထက်တွင် စစ်မက်အရေးအခင်း ကြီးကြီးကျယ်ကျယ် မရှိလှသော်လည်း ထီးနန်းအမွေ ဆက်ခံရေးကိစ္စနှင့် ပတ်သက်၍ကား အရေးတော်ပုံတစ်ရပ် ဖြစ်ပွားခဲ့ရလေသည်။

### အင်းဝနန်းတွင်း အရေး

သာလွန်မင်းသည် ပြည်သူလူထု ငြိမ်းချမ်းမှုကို ဦးစားပေး၍ ဆောင်ရွက်ခဲ့သော်လည်း မိမိဘဝအတွက်မူ ငြိမ်းချမ်းမှုကို ထိပါးစေသူ တစ်ဦး ရှိခဲ့ပါသည်။ ထိုသူကား သားတော် အမြင့်မြို့စား ရှင်တလုပ် ပင်တည်း။

သာလွန်မင်းသည် ထီးနန်းမရမီက မိမိနှင့်အတူ စစ်ချီတိုက်ခိုက်ရာတွင် ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့သူဖြစ်သော ညီတော်မင်းရဲကျော်စွာကို အိမ်ရှေ့အရာပေးထားသည်။ သာလွန်မင်းသည် ညီတော်ကို သားတော်များထက် အားကိုးသည်။ ညီတော်ကလည်း နောင်တော်၏ ဩဇာကို နာခံသည်။ နန်းတွင်းရေးရာ၌လည်း စေ့စပ်သေချာ ရှိလှသည်။ ဤကိစ္စကို သားတော်အချို့က ကျေနပ်ဟန် မတူပေ။ သို့သော်လည်း ဘထွေးတော် အိမ်ရှေ့မင်းအား အံတုဝံ့ခြင်း မရှိကြပေ။

အိမ်ရှေ့မင်း မင်းရဲကျော်စွာသည် သက္ကရာဇ် ၁၀၀၉–ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂– ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်သွားသည်။

သာလွန်မင်းတရားသည် အိမ်ရှေ့စံက အလျင်အနိစ္စရောက်သွားသဖြင့် အိမ်ရှေ့စံ တင်မြှောက်ရေး ပြဿနာ ရှိလာသည်။ သားတော်ထဲက တစ်ပါးကို အိမ်ရှေ့စံ အပ်နှင်းရမည်။ ဤသို့ဆိုလျှင် သားတော်ကြီးကသာ အိမ်ရှေ့စံ ဖြစ်လာမည်။ အမြိတ်အစွန်သားတော်ကား နန်းလျာနှင့် မဆိုင်ပေ။

ဤအခြေအနေကို သိနေသော ရှင်တလုပ်သည် မိမိထီးနန်း ရရှိရေးအတွက် အကောက်ကြံလေတော့သည်။

## နန်းလုတိုက်ပွဲ ဆင်နွှဲပြီ

သားတော် ရှင်တလုပ်သည် မိသားစုငယ်တစ်ဦးမှ မွေးဖွားသော အမြိတ်အစွန်သားတော် ဖြစ်သည်။ သာလွန်မင်းတရားက အမြင့်မြို့ကို အပိုင်စား ပေးထားသောကြောင့် ‘အမြင့်မြို့စား’ဟု ခေါ်ကြသည်။

အမြင့်မြို့စား ရှင်တလုပ်သည် အိမ်ရှေ့စံမင်း မရှိတော့ပြီဆိုလျှင် အတွင်းကြိတ်အကြံဖြင့် လက်နက်ကိရိယာတို့ကို စုဆောင်းနေသည်။ ဒိုင်းလွှားတို့ကို ပြုလုပ်သည်။ ဤသို့ လက်နက်များ စုဆောင်းနေသည်ကို အခြားမှူးမတ်တို့က သိကြသည်။ ထိုအကြောင်းကို သာလွန်မင်းထံ လျှောက်တင်ကြသည်။

ထိုအခါ သာလွန်မင်းက “*မင်းညီ မင်းသားပေပဲ၊ လက်နက်ကိရိယာ ဒိုင်းလွှားလုပ်တာ မဆန်းပေဘူး၊* ”ဟုဆိုသည်။ သာလွန်မင်းသည် နိုင်ငံတော် အနေအထားကို စေ့စပ်စွာ ဆောင်ရွက်နိုင်သော်လည်း သားတော်တို့ စိတ်ထားကိုမူ နားမလည်ခဲ့ပေ။

အမြင့်မြို့စား ရှင်တလုပ်သည် လက်နက်ကိရိယာတွေ ပြုလုပ်နေသည်မှာ အကြောင်းမဲ့မဟုတ်။ ထီးနန်းကို လုယူရန် အကြံဖြင့် စီမံစုဆောင်းနေခြင်း ဖြစ်သည်။ ဤကိစ္စ ဖြစ်မြောက်ရေးကို အားပေးအားမြှောက် ပြုနေသူများလည်း ရှိသည်။ ယင်းတို့ကား ထားဝယ်သား ဆင်စာရိတ်တို့နှင့် ကျီဝန် မနောသာရီ၊ ဘယဓေယတို့ အတွင်းသား တစ်သိုက်ဖြစ်သည်။

ရှင်တလုပ်၏ ကျွန်ယုံတို့က “*အရှင့်သား၊ ခုချိန်မှာ မင်းရဲကျော်စွာလည်း မရှိတော့ပါ၊ လုပ်ကြံလျှင် လွယ်လွယ်နှင့် ရနိုင်ပါပြီ၊ ကြံတော်မူပါ၊ ကျွန်တော်တို့ အရှင့်သား အမှုတော်ကို ကြိုးစား ထမ်းရွက်ပါမည်၊* ”ဟု ဆိုကြသည်။

ရှင်တလုပ်သည် ကျွန်ယုံတို့၏ အားပေးမှုကို နောက်ခံပြုကာ ထိုနှစ် တော်သလင်းလပြည့်ကျော် ၅–ရက်နေ့ နံနက် လေးချက်တီးချိန်တွင် နန်းလုတိုက်ပွဲကို ဆင်နွှဲလေတော့သည်။

## လေးထပ်ကျောင်းဆီ ပြေးရပြီ

ရှင်တလုပ်နှင့် အဖွဲ့သည် နန်းတော်လမ်းမအတိုင်း ချီတက်လာကြသည်။ နန်းတော်အဝင်ရောက်လျှင် သေနတ်သံပေး၍ တိုက်စည်ကြီးကို တီးသည်။ နန်းတော်ဆီသို့ ဦးတည်တိုက်ခိုက်လာကြပြီ။

သာလွန်မင်းသည် သေနတ်သံ တိုက်စည်သံများကို ကြားရသဖြင့် အပါးတော်မြဲဖြစ်သော ရာဇယော်ခာကို *"ဟဲ့– ရာဇယော်ခာ၊ တိုက်စည်သံ ကြားရသည်၊ အမြန်ထွက်ကြည့်၊"* စေခိုင်းသည်။

ရာဇယော်ခာသည် အပြင်ထွက်၍ ရုတ်တရက် လှေ့လာသည်။ ချက်ချင်းပင် အဖြေမှန်ကို သိရပြီ။ အကျိုးအကြောင်းကို သာလွန်မင်းတရားထံ ပြေး၍ လျှောက်တင်ရသည်။

*"အရှင်မင်းမြတ်၊ သားတော်ရှင်တလုပ်ရဲ့ အကြံဖြစ်ပါသည်၊ အရင်က သားတော်ရဲ့ အကြံကို မသင်္ကာ၍ လျှောက်ထားခဲ့ပါသည်၊ အရှင်မင်းမြတ်က အရေးတော် မယူခဲ့ပါ၊ ယခုတော့ ဘယ်လိုမှ မကြံတတ်တော့ပါ၊ အရှင်မင်းမြတ်အတွက် အသက်အန္တရာယ် ကြီးလှပါသည်၊ နန်းတွင်းက အမြန်ထွက်ပြီး လေးထပ်ကျောင်းကို ဝင်ပြီးမှ လူသူစုရုံးပြီး အခြေအနေကို ထိန်းသိမ်းရပါမည်၊ ယခုအချိန်မှာ အရှင်မင်းကြီးအတွက် ဘာမျှ အသင့်ပြင်ဆင်မှု မရှိပါ၊ ထွက်တော်မူပါ၊ နန်းတွင်းက အမြန်ထွက်တော်မူပါ၊"*

ထိုအချိန်တွင် အတွင်းဝန် နန္ဒဗေယျကလည်း အမြန်ထွက်တော်မူရန် လျှောက်ထားသည်။ သာလွန်မင်းသည် ရုတ်တရက် ဘာမျှ မကြံတတ်တော့ဘဲ တမုတ်ကြိုးငါးသွယ်နှင့် သီထားသော အဖိုးထိုက်တန်သည့် လက်ဝတ်တော်ရတနာများကို ယူ၍ ထွက်ခဲ့ရသည်။ မင်းတရားသည် နန္ဒဗေယျနှင့် ရာဇယော်ခာတို့ကို လက်တစ်ဖက်စီ တွဲကိုင်လျက် အနောက်တံခါးဆီသို့ ပြေးထွက်ခဲ့ရသည်။

သာလွန်မင်းသည် နန်းတော်အနောက် ဝင်းမနားတံခါးရောက်လျှင် အမှုထမ်းတို့ကို ပြန်လွှတ်လိုက်၏။ သားတော်များနှင့် ခြွေရံသင်းပင်းတို့ကို အမြန်ခေါ်ယူ၍ လေးထပ်ကျောင်းသို့ လိုက်ခဲ့ကြရန် မှာကြားလိုက်သည်။ ထို့နောက် မင်းတရား တစ်ပါးတည်းသာ လေးထပ်ကျောင်းဆီသို့ ပြေးထွက်လာခဲ့လေသည်။

## ကူးတို့ရှင် သာမဏေ

မင်းတရားသည် ငွေစင်ချောင်းသို့ ရောက်လျှင် ရေစီးနေသည်ကို တွေ့လိုက်ရသည်။ ရှေ့ဆက်သွားရန် အခက်ကြုံနေပြီ။ ယခုအချိန်တွင် ရှင်တလုပ်ကို လိုလားသော ကျေးကျွန်နှင့် တွေ့ပါက အန္တရာယ် ကြီးတော့မည်။ မင်းတရားသည် နောက်ကြောင်းကို တွေး၍ ဒူးများပင် တုန်ယင်လျက် ရှိနေတော့သည်။

ထိုအချိန်တွင် သာမဏေတစ်ပါးသည် လှေငယ်တစ်စင်းကို လှော်ခတ်၍ မိမိဘက်ဆီသို့ လာနေ၏။ မင်းတရားလည်း အတိုင်းမသိ ဝမ်းသာသွားရသည်။ မကြာမီ လှေကလေး ကမ်းဘက်သို့ ကပ်ရောက်လာသည်။ မင်းတရားသည် သာမဏေထံသို့ ပြေးသွားလိုက်သည်။

*"ကိုရင်လေး၊ တပည့်တော်ကို ဟိုဘက်ကမ်း ပို့ပေးစမ်းပါ၊"* ဟု ပြောသည်။

သာမဏေသည် ခဏမျှ စဉ်းစားပြီးနောက် *"အဘိုးကို ပို့နေလို့ ဖြစ်မှာ မဟုတ်ဘူး၊ ကိုရင်က ဆွမ်းအုပ်သွားယူရဦးမှာ၊ ဆွမ်းအုပ်ယူတာ နောက်ကျနေရင် ဆရာတော်က ဆူခံရမည်၊"* ဟု ပြောသည်။

*"အဘိုးကိစ္စက အရေးကြီးပါသည်၊ ကိုရင့်ဆရာတော်ကို တပည့်တော် ရောက်လျှင် လျှောက်ထားပေးပါမည်၊ အမြန်ပို့ပေးစမ်းပါ၊"*

*ရှင်သာမဏေသည် စကားမပြန်ဘဲ တွေဝေ ငေးငိုင်နေ၏။ မင်းတရားကို ကြည့်၍ အကဲခတ်နေသည်။*

မင်းတရားသည် စိတ်မရှည်တော့သဖြင့် *"ကဲ– ကိုရင် ၊ စဉ်းစားမနေပါနှင့်၊ ဟောဒီလက်စွပ်တစ်ကွင်း ပေးမည်၊ အမြန် ပို့ပေးစမ်းပါ၊"* ဟု ထပ်ပြောသည်။

သာလွန်မင်းက အတန်တန်ပြောမှ သာမဏေက လက်ခံပြီး တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးသည်။ လှေပေါ်တွင်လည်း သာမဏေက မင်းတရား၏ အမူအရာကို ကြည့်၍ မေးပြန်သည်။

"*အဘိုး တစ်ကိုယ်လုံး တုန်ယင်နေပါသည်၊ ချမ်းနေသလား၊* "

မင်းတရားက သာမဏေ၏ စကားကို မကြားသယောင်ပြုနေလိုက်သည်။ မိမိသည် လှေပေါ်သို့ ရောက်သည့်တိုင်အောင် တုန်ယင်နေသည်ကို သတိပြုလိုက်မိသည်။

မင်းတရားသည် တစ်ဖက်ကမ်းသို့ ရောက်လျှင် ရောက်ချင်း လေးထပ်ကျောင်းဆီသို့ အသော့နှင်ခဲ့လေသည်။

## စံကျောင်းဆရာတော်နှင့် ရဟန်းများ

မင်းတရားသည် လေးထပ်ကျောင်းသို့ ရောက်ရှိသွားလျှင် ဆရာတော်နှင့် တွေ့ဆုံ၍ အကျိုးအကြောင်းကို လျှောက်ထားသည်။ ထိုနောက် "*လူဆိုး လူသွမ်းတွေ မဝင်နိုင်အောင် ထီးရိုးကိုင်ပြီး တပည့်တော်ရဲ့ အန္တရာယ်ကို တားဆီးပေးပါ၊* "ဟု လျှောက်သည်။

လေးထပ်ကျောင်း၏ဆရာတော်သည် မင်းတရား၏ လျှောက်ထားချက်ကို တာဝန်မယူ၊ ခဏမျှ စဉ်းစားပြီးနောက် "*ဘုန်းကြီးတို့က ရဟန်းသား ဖြစ်ပါသည်၊ ဘာမျှ မကြံတတ်ပါ၊ သို့ပေမယ့် စံကျောင်းဆရာတော်တို့ ရှိပါသေးသည်၊ သူ့ကို ပင့်ခေါ်ပါမည်၊* "ဟုဆိုကာ စံကျောင်းဆရာတော်ကို ပင့်ခေါ်ရလေသည်။

မင်းတရားအား စံကျောင်းဆရာတော်က "*မင်းကြီး၊ ဘာမျှ မစိုးရိမ်ပါနှင့်၊ သားဆိုးပုန်ကန်သည့် ရန်က ဘုန်းကြီးတို့ တတ်နိုင်သရွေ့ ကာကွယ်ပေးပါမည်၊ ကျက်သရေခန်းထဲကို ဝင်ပြီး နေပါ၊* "ဟု အမိန့်ရှိသည်။

ထိုအချိန်တွင် သံဃာတော်များ ဆွမ်းခံချိန် ဖြစ်နေ၍ အစုံအလင် မရှိကြသေး။ စံကျောင်းဆရာတော်သည် ဆွမ်းခံ မကြွသော သံဃာတို့ကို ခေါ်၍ထီးရိုး တောင်ဝှေးတို့ကို ကိုင်ကာ ကျောင်းတိုက်အရာမ်ကို ဝိုင်း၍ စောင့်ရှောက်စေသည်။ ကျောင်းတိုက်အတွင်းသို့လည်း လူတစ်ဦး တစ်ယောက်မျှ မဝင်ရန် တားဆီးထား၏။

စံကျောင်းဆရာတော်သည် ငါးဆူ၊ လယ်ကြီး၊ တောင်ပလူစသော ပင်းယ၊ တံတားဦး ရဟန်းတို့ကိုလည်း အမြန်အကြောင်းကြား ခေါ်ယူရသည်။ ရောက်သမျှ ရဟန်း ၄-၅ ရာတို့ကို ထီး တောင်ဝှေးစသည်တို့ဖြင့် စောင့်ကြပ်စေလေသည်။

နောက်ပိုင်းတွင် နေပြည်တော် ဝန်းကျင်မှ သံဃာတော် တစ်ထောင်ခန့် စုရုံး ရောက်ရှိလာကြသည်။ သံဃာတစ်ထောင်တို့သည် ရန်သူများ ရောက်လာနိုင်သော ညောင်စင်လမ်းဆီသို့ သွားရောက် စောင့်ကြပ်နေကြသည်။

## အရေးတော်ပုံ ပြီးဆုံးခြင်း

သားတော်ကြီး ပင်းတလဲမင်းသားနှင့် အခြားသားတော်တို့သည်လည်း ရှင်တလုပ်၏ ရန်ကို တိမ်းရှောင်ပြီး နန်းမြို့တော် ပြင်ဘက်သို့ ဆင်စီး၍ ထွက်လာကြသည်။ သားတော်နှင့် အဖွဲ့သည် ရသမျှ ရဲမက်တို့ကို စုစည်းလျက် မဟာမုနိမြောက်တွင် တပ်တည်၍ ထားရသည်။ နောက်ထပ်လည်း မှူးတော် မတ်တော်တို့ နန်းတွင်းမှ ထွက်ရောက်လာကြသည်။ မှူးကောင်း မတ်ကောင်းမှန်သမျှ နန်းတော်တွင်း၌ မရှိကြပြီ။

ရှင်တလုပ်သည် အင်းဝနန်းတော်ကို တစ်လကြာမျှ သိမ်းပိုက်ထားခဲ့သည်။ သို့သော်လည်း သူ၏ လက်အောက်၌ အမှုထမ်းရဲမက် များစွာမရှိပေ။ ကောက်ရိုးမီးသဖွယ် ထ၍ လုပ်ကြံခြင်းသာ ဖြစ်သည်။

ထိုအချိန်၌ နန်းမြို့တွင်းရှိ မင်းညီ မင်းသား မှူးတော် မတ်တော်တို့သည် ရှင်တလုပ်ကို ဖမ်းဆီးမှ သင့်တော်တော့မည်ဟု လူသူစုရုံး၍ ညဥ့် ၃–ချက်တီးကျော် အချိန်တွင် အရှေ့နန်းမြို့ တံခါးက ဆင်စီး၍ နေကြသည်။

ရှင်တလုပ်သည် နန်းမြို့တော် အတွင်း၌ မိမိကို တော်လှန်မည့် တန်ပြန်တော်လှန်ရေး အင်အားစု ရှိနေပြီဟု သိရှိသွား၏။ ထို့ကြောင့် တန်ပြန်တော်လှန်ရေး အင်အားစုကို တိုက်ခိုက်ရန်အတွက် ဆင်စီးပြီး ထွက်လာသည်။

ထိုအချိန်တွင် တန်ပြန်တော်လှန်ရေး အင်အားစုမှ အဖွဲ့ဝင် သေနတ်လုလင် တစ်ဦးသည် တာဝန်ကျရာ နန်းမြို့ထက်က အသင့်စောင့်နေသည်။ ရှင်တလုပ်သည် ထိုသေနတ်လုလင် အနီးသို့ ရောက်ရှိသွားရာ သေနတ်လုလင်က ပစ်ခတ်လိုက်သဖြင့် ဆင်ပေါ်မှကျကာ အနိစ္စ ရောက်ရလေသည်။

အရေးတော်ပုံကား ပြီးလေပြီ။

သာလွန်မင်းတရားသည် စံကျောင်းဆရာတော်၏ ကူညီကယ်မမှုဖြင့် ကျောင်းတိုက်တွင်းဝယ် တစ်လကျော်မျှ ခိုလှုံနေခဲ့ရသည်။ နန်းတွင်း အရေးအခင်းများ ငြိမ်းသောအခါ အင်းဝမြို့ နန်းသို့ ပြန်၍ စိုးစံတော်မူလေသည်။

ထိုနှစ် သီတင်းကျွတ်လဆုတ် ၁၄–ရက်နေ့တွင် လေးထပ်ဆရာတော် ၊ စံကျောင်းဆရာတော်နှင့် ဆရာတော်အပေါင်းတို့ကို နန်းတော်သို့ ပင့်၍ ဆွမ်းကျွေးပွဲပြုလုပ်သည်။ တရားတော်ကိုလည်း နာကြားတော်မူသည်။

ဆွမ်းကျွေးပွဲတွင် သာလွန်မင်းတရားက “ *စံကျောင်းဆရာတော်ဟာ တပည့်တော်အတွက် ပစ္စုပ္ပန်ကျေးဇူးကိုပြုခဲ့သော ဆရာတော် ဖြစ်ပါသည်။ စစ်သူကြီးကဲ့သို့ အားကိုးရသော ဆရာတော် ဖြစ်ပါပေသည်၊* ”ဟု နန်းရင်ပြင်၌ ချီးမွမ်း လျှောက်ထားလေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။**　။ (၁) အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း ၊
(၂) မှန်နန်းရာဇဝင် (တတိယတွဲ) ၊
(၃) သာသနဝံသဒီပနီ ၊
(၄) ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း ၊

( ၁၉၉၇–ခု၊ ဧပြီလထုတ် ဓမ္မရုပ်စုံမဂ္ဂဇင်း မှ)

# ဟံသာဝတီဆရာတော်များ

## နိုင်ငံတော် စည်းလုံးရေး

မြန်မာသက္ကရာဇ် ၁၁၁၃–ခု၊ (အေဒီ ၁၇၅၁)တွင် အင်းဝနေပြည်တော်ကြီး ပျက်စီးတိမ်းယိမ်းခဲ့ရသည်။ ထိုအချိန်တွင် နိုင်ငံတော် စည်းလုံးရေးလည်း ပျက်ပြားကာ ပဒေသရာဇ်အုပ်ချုပ်ရေး အသီးသီး ဖြစ်လာသည်။ နိုင်ငံတော်အတွင်းရှိ ဟံသာဝတီ၊ ပုဂံ၊ ပုသိမ်၊ သရေခေတ္တရာ၊ ကေတုမတီ၊ မုတ္တမစသော မြို့ပြဒေသများမှာ ကိုယ့်မင်း ကိုယ့်ချင်းဖြစ်၍ အသီးသီး ခြားနားနေကြလေသည်။

ထိုအချိန်တွင် နိုင်ငံတော်ကို ပြန်လည်စည်းလုံးအောင် စည်းရုံးသူတစ်ဦး ပေါ်ပေါက်လာသည်။ ထိုသူကား ဦးအောင်ဇေယျအမည်ရှိသော အလောင်းမင်းတရားပင်တည်း။

အလောင်းမင်းတရားသည် ရတနာသိင်္ခေါ ရွှေဘိုကို အခြေပြု၍ နိုင်ငံတော်သစ်ကို စည်းရုံးထူထောင်လိုက်သည်။ မင်းဆက်သစ်ကို အစပျိုးလိုက်သည်။ အလောင်းမင်းတရားသည် ပြိုကွဲနေသော နိုင်ငံတော် အစိတ်အပိုင်းများကို ပြန်လည် စုစည်းခဲ့သည်။ ၁၈၁၅–ခုနှစ်တွင် အင်းဝမြို့တော်ကို ဟံသာဝတီမင်းလက်မှ သိမ်းယူနိုင်ခဲ့သည်။

သက္ကရာဇ် ၁၁၁၆–ခုနှစ်တွင် ပြည်မြို့ကို သိမ်းပိုက်စည်းလုံးနိုင်ခဲ့သည်။ ထို့နောက် ဂူထွတ်ခေါ် လွန်သေးကို ဆက်လက် သိမ်းပိုက်နိုင်ပြန်သည်။ ယင်း ဂူထွတ်ကို ‘ မြန်အောင် ’ဟု နာမည်သစ် သမုတ်လေသည်။

သက္ကရာဇ် ၁၁၁၇–ခုနှစ်တွင် ဒဂုံမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ မြို့ဟောင်းရာတွင် မြို့သစ်တည်၍ ‘ ရန်ကုန် ’ဟု အမည်သစ် သမုတ်သည်။

ရန်ကုန်ကို အောင်မြင်ပြီးနောက် အနီးဝန်းကျင်မှ ဟံသာဝတီမင်း၏ စစ်သည်တို့ကို ဆက်လက်နှိမ်နင်းရသည်။ ဟံသာဝတီမင်း၏ စစ်သည်တို့မှာ အလောင်းမင်းတရား၏ တိုက်ခိုက်မှုကို မခံနိုင်သဖြင့် သန်လျင်တွင် စုပေါင်းကာ အခိုင်အမာ တပ်စွဲနေကြလေသည်။

## သန်လျင်မြို့သိမ်းတိုက်ပွဲ

အလောင်းမင်းတရား၏ တပ်တော်များသည် ရန်ကုန်၊ ဒေါပုံတို့ကို သိမ်းပိုက်ပြီးနောက် သန်လျင်ကို အလိုတော်ပြည့်ရန် ကျန်ရှိနေပေသေးသည်။ သန်လျင်သည် ခံတပ်အင်အား ကောင်းမွန်အောင် ဆောက်ရွက်ထားသဖြင့် ရုတ်တရက် တိုက်ခိုက်ရန် မလွယ်လှပေ။

အလောင်းမင်းတရားသည် သန်လျင်ကို သိမ်းပိုက်နိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းသော်လည်း မအောင်မြင်ဘဲ ရှိနေ၏။ သန်လျင်မြို့ကို ဖောက်ထွင်းနိုင်ရန်အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်။ နောက်ဆုံး၌ အလောင်းမင်းတရားသည် မိမိတပ်တော်ထဲမှ သူရဲကောင်း အသေခံတပ်သား ၉၃–ယောက်ကို ရွေးထုတ်လိုက်သည်။ ယင်း ၉၃–ယောက်တို့က သန်လျင်မြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်ကြရမည် ဖြစ်ပေသည်။

သူရဲကောင်းတို့သည် မြို့ရိုးပေါ် တက်စဉ် မြို့ထိပ်က ချိတ်ရည်၊ ပွဲ့လျက်ရည်၊ ရေနွေး၊ ကျောက် အုတ် သစ်တုံးစသည်တို့ဖြင့် ပစ်ခတ်လျှင် ခံနိုင်ရည် ရှိစေရန် သားရေအုပ်ဆောင်းများ ပြုလုပ်၍ သားရိုးနှင့် ဒိုင်းချွန်များ ပြုလုပ်ပေးသည်။ မြို့ရိုးကို တက်စဉ် ထိုအုပ်ဆောင်းကြီးများကို ဆောင်းမိုး၍ တက်ကြရသည်။

အလောင်းမင်းတရား၏ သူရဲကောင်း ၉၃–ယောက်တို့သည် သက္ကရာဇ် ၁၁၁၈–ခုဝါဆိုလပြည့်ကျော် ၁၄–ရက် စနေနေ့တွင် လက်နက်ကိုယ်စီ ကိုင်ဆောင်၍ သန်လျင်ဘက်သို့

ကူးခဲ့ကြသည်။ ညလေးချက်တီးအချိန်တွင် မြို့အနောက်မြောက်ထောင့်မှ နေ၍ မြို့ရိုးပေါ်သို့ တက်ကြ၏။

သန်လျင်မြို့စောင့်တပ်ကလည်း ပွဲလျက်ရည်၊ အုတ်ကျောက်တို့ဖြင့် မိုးရွာသကဲ့သို့ ပစ်ခတ်ကြသည်။ သို့သော်လည်း သူရဲကောင်းတို့မှာ ဒိုင်းချွန်းများ ဆောင်းမိုးထားသဖြင့် အထိအခိုက် မရှိ။ အကြောက်အရွံ့ မရှိဘဲ မြို့ရိုးပေါ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

သူရဲကောင်းတို့သည် မြို့တွင်းသို့ ဝင်မိပြီဆိုလျှင် မြို့တွင်းရှိ စခန်းအိမ်ရာများကို မီးတင်ရှို့ကြသည်။ မြို့တွင်းသားတို့ အကွဲအပြားဖြစ်၍ ပြေးလွှားကုန်ကြသည်။ မြို့ပြင်သို့ ထွက်ပြေးသူတွေလည်း ရှိသည်။ ထိုအချိန်တွင် မြို့ပြင်မှ ဝန်းရံနေသော တပ်တို့ကလည်း မြို့တွင်းသားတို့၏ တပ်များကို လုပ်ကြံတိုက်ခိုက်ကြသည်။ ဤသို့ဖြင့် သန်လျင်မြို့ကို သိမ်းပိုက်နိုင်လေသည်။

## အားပျော့လေပြီ ဟံသာဝတီ

သန်လျင်မြို့ ကျသောအခါ ဟံသာဝတီစစ်သူကြီး ဒေါစွယ်ယစက်သည် အလောင်းမင်းတရားထံသို့ ခိုလှုံလာသည်။ ထို့ပြင် နိုင်ငံခြားသား ပြင်သစ်၊ အင်္ဂလိပ်နှင့် ကုလားလူမျိုး အမြောက်အမြားကို လက်နက်များနှင့် ဖမ်းဆီးရမိသည်။ အထူးသဖြင့် ပြင်သစ်ဗိုလ်မှူး ဗရူနိုင်ကိုလည်း လက်နက်တင်သင်္ဘောနှစ်စီးနှင့် အတူ ဖမ်းဆီးရမိလိုက်သည်။

သန်လျင်ကျဆုံးသွားသဖြင့် ဟံသာဝတီအုပ်ချုပ်ရေးလည်း အာပျော့သွားရပြီ။ အလောင်းမင်းတရားသည် ဟံသာဝတီဦးအောင်လှ၏ သစ္စာတော်ခံ မြို့အများအပြားကို သိမ်းပိုက်စည်းလုံးမိပြီ။ အရေးကြီးသော မြို့များမှာ အလောင်းမင်တရား၏ သစ္စာတော်ခံအဖြစ် ရောက်ရှိနေကြပြီ။

အလောင်းမင်းတရားအတွက် အဓိကကျသော မြို့တစ်မြို့သာ ကျန်တော့သည်။ ထိုမြို့ကား ဟံသာဝတီမင်း နန်းစိုက်ရာ ပဲခူးမြို့ပင်တည်း။ ထိုအချိန်တွင် ဟံသာဝတီပဲခူး၌ ထီးနန်းစိုက်၍ အုပ်ချုပ်နေသူမှာ ဗညားဒလဘွဲ့ခံ ဦးအောင်လှဖြစ်သည်။ ဦးအောင်လှသည် အထက်အညာမှ သွားရောက်အမှုထမ်းနေသော ဆင်ဝန်တစ်ဦး ဖြစ်သည်။ နောက်ပိုင်းတွင် ပဲခူးဟံသာဝတီသားတို့က မင်းမြှောက်ထားသဖြင့် မင်းလုပ်နေသူ ဖြစ်သည်။

ဦးအောင်လှသည် ဟံသာဝတီကို ဗဟိုပြု၍ အင်အားကို ချဲ့ထွင်ခဲ့သည်။ အင်းဝနေပြည်တော်ကိုလည်း ဖျက်ဆီး၍ အင်းဝမင်းကို ဟံသာဝတီသို့ ခေါ်ဆောင်ကာ ကွပ်မျက်ပစ်ခဲ့သူလည်း ဖြစ်သည်။

ဟံသာဝတီဦးအောင်လှသည် အထက်မြန်မာနိုင်ငံကို သိမ်းယူခဲ့သော်လည်း ရတနာသိင်္ခေါ် ရွှေဘိုကိုမူ သိမ်းယူနိုင်ခြင်း မရှိပေ။ ဦးအောင်ဇေယျသည် ရွှေဘိုကို နောက်ခံပြု၍ ခြားနားနေခဲ့သည်။ ဟံသာဝတီ၏ သစ္စာကို မခံဘဲ နိုင်ငံတော်သစ်ကို ထူထောင်ရန် ကြိုးပမ်းနေခဲ့သူ ဖြစ်သည်။

ဟံသာဝတီမင်းသည် ဦးအောင်ဇေယျ၏ ဦးဆောင်လှုပ်ရှားမှုကို စောစောပိုင်းက အလေးထားသူ မဟုတ်ပေ။ အလေးမထားလောက်သော သူပုန်ထမှုလေးမျှသာဟု သဘောထားနေခဲ့သည်။

နောက်ပိုင်းတွင် ဦးအောင်ဇေယျသည် အဘက်ဘက်မှ အင်အားတောင့်တင်းလာပြီး နိုင်ငံတော်စည်းလုံးရေးကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ တစ်လူ တစ်မင်း ဖြစ်နေမှုကို ပေါင်းစည်းနိုင်ခဲ့သည်။ ယခုအချိန်တွင် နိုင်ငံတွင်းရှိ နယ်မြေများစွာတို့သည် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ စည်းလုံးမှုအောက်သို့ ခိုရောက်ကုန်ကြပြီ။ ဟံသာဝတီတစ်မြို့တည်းသာ ထီးထီးကျန်နေလေတော့သည်။

## သစ္စာခံဖို့ သဝဏ်ပို့

အလောင်းမင်းတရားသည် သန်လျင်ကို သိမ်းပိုက်ပြီးနောက် ဟံသာဝတီကို တိုက်ယူလျှင် ရရှိတော့မည်ဟု သိရှိနေပါသည်။ သို့သော်လည်း အသက်များစွာ သေဆုံးရမည့် စစ်ပွဲကို မတိုက်လိုတော့ပါ။ ဟံသာဝတီမင်းသည် မိမိသစ္စာတော်ကို ခံယူလိုက်မည်ဆိုလျှင် မီးမသေ ရေမနောက်ဘဲ ငြိမ်းမြောက်သွားမည် ဖြစ်၏။ ထို့ကြောင့် ဟံသာဝတီမင်းထံသို့ ရာဇသံသဝဏ်စာ တစ်စောင်ကို ရေးသားပေးပို့လိုက်လေသည်။ ယင်းသဝဏ်စာတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

*" ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရှမ်းပြည်၊ ယွန်းပြည်၊ မြန်မာပြည်၊ ရာမညတိုင်းမှစ၍ သရေခေတ္တရာ၊ ပေါက္ကံရာမ၊ ကေတုမတီတောင်ငူ၊ မက္ခရာ၊ မြင်စိုင်း၊ ပင်းယ၊ ပင်လယ်၊ စကိုင်း၊ အဝမှ စ၍ ထီးနန်းစိုက်ရာ ရာဇဌာနီ ပြည်ကြီးတိုင်းကြီး ထီးဆောင်းစော်ဘွား မြို့စားအပေါင်းတို့နှင့်တကွ အယုဇ္ဈပူရမည်သော ရတနာသိင်္ဃကုန်းဘောင်ရွှေပြည်ကြီးကို အစိုးရတော်မူသော အရိန္ဒမာစကြာ ရွှေလှံရတနာ ဆင်ဖြူများသခင် အကြည်တော် အလောင်းမင်းတရားကြီး ကြားအပ်သော ဟံသာဝတီမြို့ကို အစိုးရသော အကြည်တော်၊ ၊ ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်တော်တွင် စိတ္တိတံပိ ဝိနဿတိ၊ အစိတ္တိတံပိ ဘဝိဿတိ ဟူသော ဂါထာကို လောကဥ ဖြစ်ခြင်း ပျက်ခြင်းလောကဓံတရား ရှစ်ပါးကို နှလုံးသွင်း၍ ငါလုပ်ရည် ကြံရည် ပညာ သီလ သမာဓိစသော မင်းကျင့်တရား အပေါင်းများနှင့် အကြည်တော် ဘုန်းလက်ရုံး အရည်ပညာ အင်အား မြို့၏ အစာလေးပါးများနှင့် ကိုယ်နှုတ်နှလုံး အတိုင်းအရှည်ကို ထောက်ထား၍ ပညာနှင့် လုပ်ရေးကြံရေးကို လုပ်ကြံမှ သတ္တဝါအပေါင်းတို့၏ အသက်စည်းစိမ် ကိုယ့်သားသမီးတို့၏ အသက်စည်းစိမ် ဆိုရမည်။ အတ္တနောမတိအယူကို ယူ၍ ငါမင်းကိုကား မာနကိုမသတ်လျှင် ဥပါဒ်ကြီးစွာ ဖြစ်မည်။ +++++ ငါ့ဘုန်းတော်ကို ခန့်ညားကြောက်ရွံ့၍ +++++ ပညာရှိတို့၏ ရှုံးခြင်းကို နှလုံးထား၍ ထိုက်လျောက်သည် အရာနှင့် လာရောက်လျှင် စည်းစိမ်မပျက် အသက်မသေ နေရာမနိမ့် ချမ်းသာရမည့်အကြောင်းကို ချစ်ကြည်စွာ မေတ္တာနှင့် ကြားရောက်သည် ။ "*

(အလောင်းမင်တရား အမိန့်တော်တမ်းများ၊ စာ ၆၇ )

ဟံသာဝတီမင်း ဗညားဒလဘွဲ့ခံ ဦးအောင်လှသည် အလောင်းမင်းတရား၏ သဝဏ်စာကို အရေးမပြု လျစ်လျူရှုထားခဲ့သည်။ သစ္စာခံ၍ အရှုံးပေးရန်လည်း အလိုမရှိချေ။ ထို့ကြောင့် အလောင်းမင်းတရား၏ တပ်တော်ကြီးသည် ဟံသာဝတီပဲခူးကို သိမ်းပိုက်နိုင်ရန်အတွက် အင်အားအလုံးအရင်းဖြင့် ချီတက်လာလေသည်။

တပ်တော်ကြီးသည် စစ်ခရီးလမ်းရှိ ဟံသာဝတီစစ်စခန်းများကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ ဟံသာဝတီဝန်းကျင်ရှိ ဒေသအားလုံးတို့မှာ အလောင်းမင်းတရား၏ လက်အောက်သို့ ရောက်ရှိကုန်ကြပြီ။ တပ်တော်ကြီးသည် ဟံသာဝတီပဲခူးမြို့အနီး၌ တပ်စွဲနေကြလေသည်။

## ငြိမ်းချမ်းရေး ဆရာတော်များ

ထိုအချိန်တွင် ဟံသာဝတီမြို့တော်မှ ရဟန်းရှင် ပြည်သူ ပြည်သားအများမှာ ကျီးလန့်စာစား ဖြစ်နေကြပြီ။ စစ်ဘေးနှင့် တွေ့ကြုံရမည့် အန္တရာယ်ကို ကြောက်ရွံ့ကာ တုန်လှုပ်ချောက်ချားနေကြလေပြီ၊

ထိုအခါ ဟံသာဝတီမြို့မှ ရဟန်းတော်များက အလောင်းမင်းတရားနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးစကား ပြောဆိုရန် ဆန္ဒဖြစ်လာကြသည်။ ထိုပုဂ္ဂိုလ်များကား မြန်မာဆရာတော် ရှင်သီရီသဒ္ဓမ္မ၊ မွန်ဆရာတော် ရှင်ပညာဒီပ၊ ယွန်းဆရာတော် ရှင်ခေမာစာရတို့ ဖြစ်ကြသည်။

ဆရာတော်သုံးပါးတို့သည် ဟံသာဝတီ နန်းတော်သို့ ကြွရောက်ကြပြီး ဗညားဒလနှင့် တွေ့ဆုံ၍ အကျိုးအကြောင်းကို မိန့်ဆိုကြသည်။ ရဟန်းတို့က " *ယခု အလောင်းမင်းတရား တပ်တွေဟာ ဟံသာဝတီခြေရင်းအထိ ရောက်နေကြပါပြီ။ ရှေးအခါက ရာဇာဓိရာဇ် ချီလာရာတွင် စကြိုသူမြတ်က တရားဓမ္မဖြင့် တားဆီးသကဲ့သို့လည်းကောင်း၊ မင်းတရားရွှေထီး ချီလေရာမှာ ရခိုင်ဆရာတော်တို့က တရားဓမ္မဖြင့် ငြိမ်းချမ်းအောင် ဆောင်ရွက်သကဲ့သို့လည်းကောင်း ဆရာတော်တို့လည်း အလောင်းမင်းတရားနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးစကား ဆိုလိုပါသည်။* "ဟု ပြောဆိုကြသည်။

ဗညားဒလမှစ၍ အမတ်ဒေါဗညား အမှူးပြုသော မှူးမတ်များကလည်း ဆရာတော်တို့၏ စကားကို တညွှတ်တည်း လက်ခံကြသည်။ ထို့ကြောင့် ဗညားဒလက "*အရှင်ဘုရားတို့ ဆန္ဒအတိုင်း အလောင်းမင်းတရား ပြန်လေအောင် ဆောင်ရွက်တော်မူပါ၊* "ဟု လျှောက်သည်။

ဆရာတော်တို့လည်း ဟံသာဝတီမင်းထံမှ အခွင့်ရလျှင် အလောင်းမင်းတရားနှင့် တွေ့ဆုံရေးကို ဆွေးနွေးကြသည်။ ပြင်ဆင်ကြသည်။ အလောင်းမင်းတရားနှင့် တွေ့ဆုံလျှင် ပေးအပ်နိုင်ရန် မေတ္တာစာ တစ်စောင်ကို ရေးသားကြသည်။ ထိုနောက် ဆရာတော် သုံးပါးတို့သည် အခြားရဟန်းတော်များနှင့် ရှင်သာမဏေအချို့ကို ခေါ်ယူကာ အလောင်းမင်းတရားနှင့် တွေ့ဆုံရန် ပဲခူးမြို့မှ ထွက်ခဲ့ကြသည်။

## အလောင်းမင်းတရားနှင့် ဆရာတော်များ

ဆရာတော်တို့ အဖွဲ့သည် ရှေးဦးစွာ မင်းလှမင်းခေါင်တပ်သို့ ရောက်လာကြသည်။ မင်းလှမင်းခေါင်အား အလောင်းမင်းတရားထံသို့ သွားရောက်လိုကြောင်း ပြောပြကြ၏။ ထို့ကြောင့် မင်းလှမင်းခေါင်က သားတော် ဒီပဲယင်းမင်းသား သီရိသုဓမ္မရာဇာတပ်သို့ ပို့ပေးလိုက်သည်။

သားတော် ဒီပဲယင်းမင်းသားက ဆရာတော်တို့ကို မေးမြန်း စုံစမ်းပြီး ခမည်းတော်မင်းတရားထံသို့ သတင်းပို့သည်။ အလောင်းမင်းတရားသည် ဆရာတော်တို့ကို လက်ခံ၍ လှေတော်ပေါ်၌ အလုပ်အကျွေးတို့ဖြင့် ပြုစုထားသည်။ ဆရာတော်တို့သည် မိမိတို့ ရေးသားလာခဲ့သည့် ငြိမ်းချမ်းရေး သဝဏ်စာကို အလောင်းမင်းတရားအား ပေးအပ်ကြလေသည်။

## ငြိမ်းချမ်းရေး မေတ္တာစာ

"*မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော်တို့ မေတ္တာရည်မှတ် ပို့ရောက်အပ်သော အညာတိုင်းကြီးများ အပေါင်းကို အစိုးရတော်မူသော သာသနဒါယကာတော် မဟာဓမ္မရာဇ် တရားမင်းမြတ်နှင့် ယခု ဟံသာဝတီပြည်ကြီးကို အစိုးရတော်မူသော သာသနဒါယကာတော် မဟာဓမ္မရာဇ် တရားမင်းမြတ် နှစ်ပါးတို့သည် ဝေနေယျသတ္တဝါတို့၏ ချမ်းသာကို ဆောင်ရွက်တော်မူကြပါမှ မင်းမြတ်နှစ်ပါးကို မှီ၍ ချမ်းသာကြပါမည်။ နှလုံးတော်မြတ် ဆင်ခြင်တော်မူ၍ အကြည်အသာ ရာဇမဟာမိတ် သဟာယအားဖြင့် မင်းမြတ်နှစ်ပါး ဖြစ်ကြပါမှ ကာယသုခ စိတ္တသုခ နှစ်ပါးသော ချမ်းသာကို ရရှိကြပါမည်။ သူမြတ်နှစ်ယောက်တို့သည် သူတော်ကောင်းတို့၏ စကားကို နားထောင်၍ ညီနှင့် အစ်ကိုကဲ့သို့ ရှိကြပါလျှင် ညီနောင်နှစ်ပါးတို့ တောင်းဆုပန်ဆင်ထားသော ဘုရားဆုလည်း ပြည့်စုံလိမ့်မည် ဖြစ်ပါကြောင်း ။* "

(ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး မှ ကောက်နုတ်ချက်)

အလောင်းမင်းတရားသည် ဆရာတော်တို့ တင်ပြလာသော မေတ္တာစာနှင့် ပတ်သက်၍ မှူးတော် မတ်တော်တို့နှင့် ညှိနိုင်းဆွေးနွေးသည်။ ယခုအချိန်တွင် ဟံသာဝတီမင်းသည် ဟံသာဝတီနေပြည်တော် တစ်ခုတည်းကိုသာလျှင် အုပ်ချုပ်ခွင့် ရှိနေတော့သည်။ ထိုအချိန်မျိုးတွင်

သီးခြားအုပ်ချုပ်ခွင့်ကို ပေးအပ်လိုက်လျှင် တစ်ချိန်ချိန်၌ နိုင်ငံတော် ပြိုကွဲမှုကို ဖန်တီးပေလိမ့်မည်။ ဤသို့ကား အဖြစ်မခံနိုင်ပေ။

ဆရာတော်တို့ကလည်း ပြည်သူပြည်သားတွေ ဒုက္ခရောက်မည်ကို စိုးရိမ်နေကြသည်။ ဤပြဿနာကို ဖြေရှင်းရန်မှာ ဟံသာဝတီမင်း ဗညားဒလက သစ္စာခံလိုက်လျှင် ငြိမ်းချမ်းစွာ ပြီးဆုံးသွားမည် ဖြစ်သည်။ ထို့ကြောင့် သစ္စာခံရန်သာ ရာဇသံပြန်ဖို့ လိုအပ်သည်ဟု ဆုံးဖြတ်ကြသည်။ ရာဇသံပြန်ကြားစာကို ဆရာတော်တို့အား ပေးအပ်ရန် လက်ဝဲသုန္ဒရကို စီကုံးစေရသည်။

## ရာဇသံ ပြန်ကြားစာ

*“ ရတနာသိင်္ဃ ကုန်းဘောင်ပြည်ကြီးကို အစိုးရတော်မူသော သာသနဒါယကာတော် အလောင်းမင်းတရားကြီးဘုရား ငါးရာနှစ်ဆယ်ရှစ်ပါးသော မေတ္တာဖြင့် လျှောက်အပ်သော ဆရာတော်တို့၊ ၊ ဆရာတော်တို့ လောကီစိတ်ဖြင့် တုန်လှုပ်သင့်ပါသည်။ မည်သည်ကိုမျှ ကြောင့်ကြ စိုးရိမ်မှု မရှိကုန်လင့်။ ကျွန်ုပ်သည် သာသနာပြု ဘုန်းပါရမီရှင် ဖြစ်တော်မူသည်။ ပြည်ထောင်ရာဇာ မင်းအပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ၍ ရှမ်းပြည်၊ ယွန်းပြည်၊ ကသည်း၊ ကချင်၊ ကုလား၊ ချင်းစသော လူမျိုးအပေါင်းတို့ ဘုန်းပါရမီတော်ကို သိမြင်ကြလျှင် ကျိုးနွံကြ၍ ကာယသုခ စိတ္တသုခနှစ်ပါးကို ရကြကုန်သည်လည်း မျက်မြင်ထုံးစံ များစွာ ရှိသည်။ မကျိုးမနွံချင်သည်ဟူ၍ နေရမည် မဟုတ်ကြောင်းကိုလည်း ဟံသာဝတီမင်းမှစ၍ အများအသိပင် ဖြစ်သည်။ ဒကာတော်က မည်သို့ အထူးလျှောက်ထားခွင့် မရှိကြောင်းကို မေတ္တာနှင့် ကြားရောက်ပါသည်။ ”*

(ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးမှ)

ဆရာတော်တို့သည် အလောင်းမင်းတရား၏ ရာဇသံသဝဏ်စာကို ယူ၍ ဟံသာဝတီသို့ ပြန်သွားကြရ၏။ ဤတွေ့ဆုံပွဲတွင် ဆရာတော်တို့ တင်ပြသော ငြိမ်းချမ်းရေးမှုနှင့် အလောင်းမင်းတရားတင်ပြသော ငြိမ်းချမ်းရေးမှုတို့ တူညီခြင်း မရှိခဲ့ချေ။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး ၊
(၂) အလောင်းမင်တရား အမိန့်တော်တမ်းများ ၊
(၃) အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း ၊
(၄) အလောင်းမင်းတရားကြီး အရေးတော်ပုံ ၊

( ၁၉၉၇–ခု၊ မေလထုတ်၊ ဓမ္မရပ်စုံ မဂ္ဂဇင်းမှ)

# ဂစ်ထောင့်ကျောင်းဆရာတော်

## ငြိမ်းချမ်းရေး မူနှစ်ရပ်

ဟံသာဝတီဆရာတော်တို့ အဖွဲ့သည် အလောင်းမင်းတရား၏ တပ်တော်သို့သွားရောက်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မူနှစ်ခု ခြားနားနေခဲ့သည်။ ဆရာတော်တို့ အဖွဲ့က “ မဟာမိတ်အဖြစ် ငြိမ်းချမ်းစွာ နေထိုင်ရေး ” မူကို တင်ပြကြသည်။ အလောင်းမင်းတရားဘက်ကမူ “ သစ္စာခံအဖြစ် ငြိမ်းချမ်းစွာ နေထိုင်ရေး ” မူကို လက်ခံတင်ပြခဲ့သည်။

ဟံသာဝတီဆရာတော်တို့သည် ငြိမ်းချမ်းရေးမူ သဝဏ်စာကို ဆောင်ယူ၍ ဟံသာဝတီ ပဲခူးသို့ ပြန်လာကြသည်။ သဝဏ်စာကို ပဲခူးမင်းထံ ဝင်ရောက် တင်ပြကြသည်။

## ငြိမ်းချမ်းရေးမူ ပယ်ချသူ

အလောင်းမင်တရား၏ တင်ပြချက်ကို ကြားသိရသောအခါ ပဲခူးမင်း စစ်သူကြီး တလပန်းက ဤသို့ လျှောက်တင်သည်။

“ *သစ္စာတော်ခံ ငြိမ်းချမ်းရေးမူကို ကျွန်ုပ်တို မနှစ်သက်နိုင်ပါ၊ အလောင်းမင်းတရားသာ ယောကျ်ား မဟုတ်ပါ၊ ကျွန်ုပ်တို့လည်း ယောကျ်ားများ ဖြစ်ပါသည်။* ရှမ်းနှင့် ရှင် လယ်ပြင်မှာ *တွေ့ကြမည်၊ အရှင်မင်းမြတ် မစိုးရိမ်နှင့်၊ နန်းတော်မှာ အေးချမ်းစံနေတော်မူပါ၊ ကျွန်ုပ်တို့က ဓားကို ဓားချင်း ယှဉ်ပြိုင်တိုက်ခိုက်ပြီး အရှင့်ကျေးဇူးကို ဆပ်ပါမည်၊* ”ဟု လျှောက်သည်။

ပဲခူးမင်းသည် စစ်သူကြီး တလပန်း၏ လျှောက်ချက်ကို သဘောကျသဖြင့် စစ်သည် ဗိုလ်ပါတို့ကို ရွှေ၊ ငွေ၊ ပုဆိုး၊ ဝတ်လုံတို့ကို ဆုလာဘ်အဖြစ် ပေးသည်။ စစ်သည်တို့ကို မြို့ထိပ်၌ အမြောက်စိန်ပြောင်း အပြည့်အစုံဖြင့် ချထား၏။ မြို့ဝန်းကျင်တွင်လည်း ဆင်ခလုတ် ခံတုတ် ဆူးငြောင့်များ ချထားစေပြီး စစ်လမ်းကြောင်းများကိုလည်း စစ်သည်များ ဆို့ပိတ်ချထားစေသည်။

အလောင်းမင်းတရားသည် စစ်သူကြီးတလပန်း၏ စကားကိုကြားလျှင် “ *တိုက်ပွဲမှာ စစ်သူကြီးတလပန်းကို တွေ့လျှင် မသေစေနှင့်၊ အရှင်ရအောင် ဖမ်းရမည်၊* ”ဟု အမိန့်ပေးသည်။

ထိုနောက် အလောင်းမင်းတရား၏ စစ်သည်တပ်ဖွဲ့များသည် ပဲခူးမြို့တော်ဝန်းကျင်၌ ဝန်းရံတပ်စွဲထားလိုက်ကြသည်။ တလပန်း၏ စစ်သည်တို့က လာရောက်တိုက်ခိုက်ကြသည်။ တလပန်းစစ်သည်တို့ အရှုံးနှင့်သာ ရင်ဆိုင်ကြရသည်။

အလောင်းမင်းတရား တပ်တို့သည် မြို့ပြင် အရံတပ်ကိုလည်း ထိုးဖောက်တိုက်ခိုက်ကြသည်။ အရံတပ်ကြီးလည်း ကျိုးပေါက်သွားပြီး စစ်သည်တို့သည် အုတ်မြို့ရိုးအတွင်းသို့ ပြေးဝင်ကုန်ကြတော့သည်။ အလောင်းမင်းတရား၏ တပ်တော်မှ သုံ့ပန်း လူသူ တစ်သောင်းကျော် ဖမ်းမိခဲ့လေသည်။

## တလပန်း၏ ပရိယာယ်

ထိုအချိန်တွင် လက်ရုံးအာကိုးဖြင့် ကြုံးဝါး၍ စစ်ပြုခဲ့သော စစ်သူကြီးတလပန်းမှာ ကြောက်လန့်နေပြီ။ ခုခံ၍ ရနိုင်တော့မည် မဟုတ်တော့သောကြောင့် ဟံသာဝတီမှ ထွက်ပြေးရန် ကြံစည်လေတော့သည်။ တလပန်းသည် ပဲခူးမင်းအား ဤသို့ ပြောသည်။

" *ယခု တပ်ပေါက်သည်မှာ အပြင်တပ် ဖြစ်ပါသည်၊ အတွင်းအုတ်မြို့ရိုးကြီး မပေါက်သေးပါ၊ အုတ်မြို့ရိုးကြီးမှာ ၁၀–နှစ်ပင် ရံသော်လည်း မပေါက်နိုင်ပါ၊ မျိုး ရိက္ခာ အစုံအလင်နှင့် မြို့တွင်းကို ထိန်းထားပါမည်၊ မိုးကျလျှင် သူတို့ နေနိုင်မည် မဟုတ်ပါ၊ အုတ်မြို့ရိုးကြီး လုံခြုံရေးအတွက် ကျွန်ုပ်ကြိုက်သော သူရဲသူခက်နှင့် ဆင်မြင်းတွေကိုသာ ပေးသနားပါ၊ အလောင်းမင်းတရား တပ်တွေကို ကျွန်ုပ်တိုက်ဖျက်ပါမည်၊* "

ပဲခူးမင်းသည် တလပန်းစိတ်တိုင်းကျ စစ်သည်ရဲမက်နှင့် ဆင်မြင်းတို့ကို ပေးအပ်သည်။ တလပန်းသည် ဆင် ၁၀–စီး၊ မြင်း ၂၀၀–နှင့် စစ်သည်သူရဲ ငါးထောင်တို့ကို ယူ၍ ပဲခူးမြို့မှ ထွက်ပြေးလေတော့သည်။ တလပန်းနှင့် အဖွဲ့သည် အရှေ့ဘက်ဆီသို့ ထွက်ပြေးပြီး ကော့ကွန်းအရပ်၌ ခိုလှုံနေလေသည်။

အလောင်းမင်းတရား၏ တပ်တော်တို့သည် ပဲခူးမြို့တော်၏ အပြင်ရံတပ်ကိုချိုးဖောက်နိုင်ခဲ့ပြီ။ အတွင်းအုတ်မြို့ရိုးကြီးသာ ကျန်တော့သည်။ အုတ်မြို့ရိုးကြီးလည်း ကြာရှည်ခံနိုင်တော့မည်မဟုတ်။ မြို့တွင်းသားတို့အတွက် အခက်ကြုံနေကြရသည်။ မြို့ပြင်သို့လည်း မည်သူမျှ မထွက်ဝံ့ကြတော့။ မြို့တွင်းမှာပင် မြှုံးမိသော ငါးကဲ့သို့ ရှိနေကြလေပြီ။

## ရှစ်ထောင့်ထေရ်မှောက် လျှောက်ကြပြီ

ဤအခြေအနေဆိုးကို ကျော်လွှားနိုင်ရန်အတွက် ဥပရာဇာအမှူးပြုသော ဟံသာဝတီ မှူးမတ်တို့က မြို့တွင်း၌ သီတင်းသုံးသော အင်းဝရှစ်ထောင့်ကျောင်းဆရာတော်ထံသို့ သွား၍ လျှောက်ထားကြသည်။

'' *အရှင်ဘုရား၊ ယခု ပြည်ထဲရေး အခြေအနေဟာ အလွန်ဆိုးရွားနေပါပြီ၊ အလောင်းမင်းတရား စစ်ချီလာကတည်းက ဆင်ကောင်း မြင်းကောင်းတွေကို သုံးပြီး ခုခံကာကွယ်ပါသော်လည်း အရေးတော်မလှ ဖြစ်နေရပါသည်၊ ယခုဆိုလျှင် အလောင်းမင်းတရား တပ်တော်တွေဟာ ဟံသာဝတီမြို့တော် အခြေမှာ ရောက်ရှိပြီး တပ်စွဲနေပါပြီ၊ ဟံသာဝတီသားတို့မှာ မြှုံးမိသည့် ငါးလို အလွန်ကျဉ်းမြောင်းနေပါပြီ။ ယခုချိန်မှာ လက်ရုံးရည်ကို အားကိုးပြီး တိုက်ခိုက်၍ အကျိုးမရှိနိုင်တော့ပါ၊ တိုက်ခိုက်နေမည် ဆိုလျှင်လည်း မင်းနှင့်တကွ ပြည်သူအများ သေဆုံးကုန်ကြပါတော့မည်၊ အညွှန့်ခံ၍ အရှုံးပေးလိုက်ပါရန် အရှင်ဘုရားက ပဲခူးမင်းကို မေတ္တာရပ်တော်မူပါ၊* '

ရှစ်ထောင့်ကျောင်းဆရာတော်သည် ဥပရာဇာ၊ ဒေါဗညား တို့၏ လျှောက်တင်ချက်အရ ပဲခူမင်းထံ သွားရောက်၍ မေတ္တာရပ်ခံသည်။

"*ဒကာတော်၊ ယခု ပြည်ထဲရေးကို ကြည့်လျှင် အကျပ်အတည်းများစွာ ဖြစ်ပေါ်နေပါပြီ၊ ညီတော် ဆွေတော် မျိုးတော် မှူးမတ်တို့မှစ၍ မြို့သူ မြို့သားတို့မှာ ထိတ်လန့် ကြောက်ရွံ့နေကြပါပြီ။ သစ္စာခံ၍ အရေးတော်ပြီးပြေမှသာ သင့်ပါတော့မည်၊ သို့ဖြစ်၍ အရေးတော် ပြီးပြေအောင် အသာအယာစီရင်တော်မူရန် မေတ္တာရပ်ခံပါသည်၊ ဘုန်းကြီးရဲ့ မေတ္တာရပ်ခံချက်အတိုင်း ဆောင်ရွက်စေချင်ပါသည်။* "

## ငြိမ်းချမ်းစေရန် ညီလာခံ

ပဲခူမင်းသည် ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ညီတော် ဥပရာဇာ၊ အမတ်ကြီး ဒေါဗညားအစရှိသော မှူးမတ်တို့ကို နန်းရင်ပြင်သို့ ခေါ်၍ " *ဥပရာဇာနှင့် မှူးမတ်တို့၊ ရှစ်ထောင့်ကျောင်း၏ဆရာတော်က နန်းတော်ကို လာရောက်ပြီး အရေးတော် ပြီးပြေအောင် ဆောင်ရွက်ဖို့ မေတ္တာရပ်ခံသည်။ ယခု ငါတို့မှာ ပြင်တပ်ကြီးလည်း ပေါက်သွားပြီ၊ မြို့တွင်းမှာသာ ငါတို့ တပ်များရှိတော့သည်၊ မြို့ပြင်မှာလည်း စစ်သည် အမြောက်အမြား ဝန်းရံထားကြပြီ၊ မိုးကျလို့လည်း အရံ*

*တပ်တွေကို ဖြုတ်မည့်ပုံ မပေါ်ဘူး၊ ဘယ်လိုကြံကြမည်နည်း၊ "*ဟု မေးသည်။

ထိုအခါ ဥပရာဇာက ထ၍ လျှောက်သည်။

*"ရှစ်ထောင့်ကျောင်းဆရာတော်ရဲ့ မေတ္တာရပ်ခံချက်ကို လက်ခံသင့်ပါသည်၊ ယခုချိန်မှာ မြို့ဝန်းကျင် တပ်များလည်း မရှိတော့ပါ၊ မြို့တွင်းရှိ တပ်တော်အားနှင့်လည်း တိုက်ခိုက်နိုင်မည် မဟုတ်တော့ပါ၊ စစ်ပွဲရဲ့ အဖြေက ထွက်ရှိနေပါပြီ။ ပြည်သူပြည်သားတို့ အသက်စည်းစိမ်ကို မပျက်စေဘဲ ငြိမ်းချမ်းစွာ ပြီးဆုံးသင့်ပါပြီ။ တိုင်းပြည်သာယာရေး၊ ပြည်သူတို့ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းရေးကို မျှော်ရှု၍ ချစ်ခင်လေးမြတ်သော ပင်တိုင်စံ သမီးတော်ကို ဆက်သပြီး သာယာစွာ အညံ့ခံတော်မူသင့်ပါသည်၊ ဒါမှသာ ကိုယ်တော်ရဲ့ အကျိုး၊ ဆွေတော်မျိုးတော်တို့နှင့်တကွ ပြည်သူပြည်သားတို့ အကျိုးကို ဆောင်ရွက်ရာ ရောက်ပါလိမ့်မည်၊ "*

ဥပရာဇာ၏ လျှောက်တင်ချက်ကို အမတ်ကြီးဒေါဗညားစသော မှူးမတ်တိုကလည်း တစ်ညီတစ်ညွတ်တည်း ထောက်ခံ လျှောက်ထားကြသည်။

*"ကောင်းပြီ၊ သံဃာအား ဘုရားမဆန်သာ ဆိုသလို ဆရာတော်နှင့်တကွ မှူးမတ်တို့ရဲ့ဆန္ဒကို လိုက်လျှာပါမည်၊ ပြည်သူ သတ္တဝါအပေါင်းတို့ ချမ်းသာငြိမ်ဝပ်၍ အရေးတော်သာယာစွာ ပြီးအောင် ရှစ်ထောင့်ကျောင်းဆရာတော်နှင့် တိုင်ပင်ပြီး အလိုရှိသလို စီရင်ကြပါတော့၊ "*ဟု ပဲခူးမင်းက အခွင့်ပြုလေသည်။

ပဲခူမင်းက ခွင့်ပြုလျှင် ရှစ်ထောင့်ကျောင်းဆရာတော်နှင့် ဥပရာဇာစသော မှူးမတ်တို့ ညှိနှိုင်း တိုင်ပင်ကြသည်။ အလောင်းမင်းတရားထံ ပေးပို့ရန် ငြိမ်းချမ်းရေး သဝဏ်စာတစ်စောင်ကို ရေးသားကြသည်။

## ငြိမ်းချမ်းရေး စာသဝဏ်

*"ရာမညတိုင်း ဟံသာဝတီပြည်ကို အုပ်စိုးတော်မူသော မင်းတရားကြီး ချစ်ကြည်စွာ ကြားရောက်အပ်သော တိုင်းကြီးအပေါင်းနှင့် ရတနာသဃ်ကုန်းဘောင်ပြည်ကြီးကို စိုးအုပ်တော်မူသော အကြည်တော် မင်းတရားကြီး ရွှေစက်တော် ချီလာတော်မူကြောင်းကို ကြားသည်မှစ၍ ယခုတိုင် ရောက်တော်မူလျှင် ဆီးကြိုတိုက်ခံမည် အကြံရှိ၍ မြို့ပြ ကျုံးမြောင်း ပြည်ကြီး၏ အင်္ဂါအလုံးစုံကို ညှဉ့်နေ့ ဝန်ရံနေပါသည်။ ရှေးပုဗ္ဗကမ္မအကြောင်းအားဖြင့် ဘုန်းတန်ခိုးတော် အကြံအစည်တော်တို့သည် တစ်နေ့တစ်ပါး တိုးပွား၍ ကြီးမြတ်တော်မူလှသောကြောင့် အကြည်တော်တို့က ကြိုးစားကြံစည်ပါသမျှသည် မဖြစ်နိုင် ရှိနေခဲ့သည်။ သဗ္ဗညုဆုကို တောင်းတော်မူသည်နှင့်အညီ သည်းခံတော်မူခြင်း ပါရမီကို ဖြည့်စေချင်ပါသည်။ ဘူရိဒတ်ဇာတ်တော်မှာ မဟာမိတ်ဖြစ်သကဲ့သို့ ရာဇမဟာမိတ်ဖြစ်၍ ရာမညတိုင်းတွင် အမှုအခင်းရှိလျှင်လည်း ဘုန်းတော် ကျေးဇူးတော်ကို မှီခို၍ သာသနာတော်အစည်းအပွားကို ဆောင်ရွက်ပါမည့်အကြောင်း ရှစ်ထောင့်ကျောင်း ဘုန်းတော်ကြီးနှင့် မင်းရာဇာတို့ကို လာပါစေကြောင်းကို အတိုင်းထက်အလွန် ချစ်ကြည်စွာ ကြားရောက်ပါသည်။ "*

(ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး၊ စာ– ၂၂၂)

အထက်ပါ ရာဇသံ သဝဏ်စာကို ဟင်္သာတံဆိပ်ရိုက်နှိပ်၍ ရှစ်ထောင့်ကျောင်း ဆရာတော်နှင့် အင်းဝအမတ် စာဆိုတော် မင်းရာဇာတို့ကို ပေးအပ်ကြသည်။

ဆရာတော်တို့သည် သက္ကရာဇ် ၁၁၁၈–ခု၊ နတ်တော်လပြည့်ကျော် ၇–ရက်နေ့တွင် သဝဏ်စာကို ယူပြီးလျှင် ဒီပဲယင်းမင်းသား သီရိသုဓမ္မရာဇာတပ်တော်သို့ သွားကြသည်။ ဒီပဲယင်းမင်းသားက " *ဆရာတော်တို့ ဘာကိစ္စ ကြွလာကြပါသလဲ ဘုရား၊ "*ဟု ဆီး၍ မေးသည်။

*"ခမည်းတော် မင်းတရားနှင့် တွေ့ဆုံလို၍ လာခဲ့ပါသည်၊ ဘုန်းကြီးတို့ကို မင်းကြီးနှင့် တွေ့ဆုံခွင့် ပြုပါ၊ "*ဟု ဆို၏။

ဒီပဲယင်းမင်းသားက ရှစ်ထောင့်ကျောင်း ဆရာတော်နှင့် အဖွဲ့ကို ခမည်းတော် မင်းတရားထံ ပို့ပေးသည်။

## ဆရာတော်၏ မိန့်ကြားချက်

ရှစ်ထောင့်ကျောင်းဆရာတော်သည် အလောင်းမင်းတရားနှင့် တွေ့ဆုံခွင့်ရသွားသည်။ အလောင်း မင်းတရားသည် ဆရာတော်နှင့် အဖွဲ့ကို ကောင်းမွန်စွာ နေရာချထားပေးသည်။

ထိုနောက် *" အရှင်ဘုရားတို့ကြွရောက်လာသည့် အကြောင်းကို အမိန့်ရှိပါ၊"* ဟု လျှောက်ထားသည်။

ဆရာတော်က မိမိတို့လာရောက်ရသည့် ကိစ္စကို ရှင်းလင်း ပြောကြားသည်။

*" မင်းတရားကြီးဟာ လွန်လေပြီးသော ဘဝများစွာက ဖြည့်ဆည်းခဲ့ဖူးသည့် ပါရမီတော်တို့ကြောင့် တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ရဲ့ အရှင်သခင်၊ သာသနာတော် ထွန်းတောက်ရေး၊ သတ္တဝါတို့ ချမ်းသာမည့်အရေးကို ဆောင်ရွက်ဆော်မူသည့် မင်းကောင်း မင်းမြတ်ဖြစ်ကြောင်း ဘုန်းကြီးတို့ ယုံကြည်ပါသည်၊ ယခုလည်း ဟံသာဝတီပြည်မှာ ရှိနေကြသည့် သတ္တဝါတွေကို ကယ်ဆယ် မ,စစေလိုသည့်အတွက် တရားမင်းမြတ်ထံကို လာရောက်ရခြင်း ဖြစ်ပါသည်၊ "*ဟု ပြောပြသည်။

ထိုနောက် ဆရာတော်က မိမိနှင့် အတူပါအလာသော ဟံသာဝတီမင်း၏ သဝဏ်စာကို ဖတ်လျှောက်ပြစေသည်။ အလောင်းမင်းတရားသည် ရာဇသံသဝဏ်စာကို ကြားနာပြီးနောက် ဤသို့ အမိန့်ရှိလေသည်။

*"ယခင် ကျိုက်ပကစ်တပ်တော်မှာ နေတုန်းကလည်း မြန်မာဆရာ၊ မွန်ဆရာ၊ ယွန်းဆရာသုံးပါးတို့က သဝဏ်စာနှင့် မေတ္တာရပ်ခံခဲ့ကြပြီ၊ အခွင့်အရေး မသာခဲ့ကြဘူး၊ ယခုတစ်ဖန် ရှစ်ထောင့်ကျောင်းဆရာတော်က လာရောက်မေတ္တာရပ်ပြန်ပြီ၊ ယခုတစ်ခါလည်း အရေးမသာ ဖြစ်မည်ဆိုလျှင် ရတနာသုံးပါးထဲက သံဃာရတနာကို မျက်ကွယ်ပြုရာ ရောက်ပေတော့မည်၊ –*

*" အာဠဝကဘီလူးဟာ လက်ဦးက ကြမ်းကြုတ်ခဲ့သော်လည်း နောက်ပိုင်းမှာ စိတ်ထားနူးညံ့ပြီး အရိယာဖြစ်ခဲ့သည့် ထုံးလည်း ရှိသည်၊–*

*" တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့က စိတ်ထားနူးညံ့စွာ ဆင်ကြီး မြင်းကြီးနှင့်တကွ သားသမီး ဆက်သ၍ ဝင်ရောက်လာသမျှကို ကျွန်ုပ်ဟာ ဘုရားဆုကို ပန်ယူတော်မူသည့်အားလျော်စွာ သူတို့ စည်းစိမ်ကို မဖျက်ဆီးဘဲ ချမ်းသာပေးခဲ့ပါသည်၊–*

*" ယခုလည်း ဆရာတော်မှာ ပါသည့် သဝဏ်စာအတိုင်း ပဲခူးမင်းဟာ စိတ်နှလုံး နူးညံ့လိုတာမှန်လျှင် ပဥ္စာလရာဇ်မင်းနှင့် ဝိဒေဟရာဇ်မင်းတို့ဟာ ရန်စစ်ကြီး ဖြစ်ခဲ့ကြသော်လည်း ပဥ္စာလရာဇ်မင်းရဲ့ သမီးတော် ပဥ္စာလစန္ဒီဟာ ဝိဒေဟရာဇ်မင်း လက်ကို ရောက်သည်မှ စ၍ နှစ်ပြည်ထောင် ရန်စစ်မဖြစ်တော့ဘဲ ခိုက်ရန် စဲခဲ့ဖူးကြောင်း ဇာတ်နိပါတ်တော်မှာ အထင်အရှား ရှိပါသည်၊ "*

ရှစ်ထောင့်ကျောင်းဆရာတော်တို့အဖွဲ့သည် အလောင်းမင်းတရား၏ သဘောထားကို သိရပြီ။ ပြဿနာအားလုံး ပြေရှင်းပြီဟု သဘောရသည်။ ပဲခူးမင်းကလည်း သမီးကညာဆက်သ၍ သစ္စာတော်ကို စောင့်သိရိုသေမည့်အကြောင်း နန်းတွင်းမှာ အတိအလင်း ပြောကြားပြီး ဖြစ်သည်။

ယခု အလောင်းမင်းတရားကည်း သမီးကညာဆက်သ၍ သစ္စာခံလျှင် ရန်စစ်ကို ငြိမ်းစေပြီး မူလအခွင့်အရေးများကို ပြန်လည်ပေးအပ်မည်ဟု အာမခံချက် ပေးနေပြီ။ ဟံသာဝတီ

ပဲခူးမြို့အတွက် ငြိမ်းချမ်းရေးခရီးကား အောင်မြင်ပြီဟု ဆိုရတော့မည်။

အလောင်းမင်းတရားသည် ရှစ်ထောင့်ကျောင်းဆရာတော်တို့ ပဲခူးသို့ အပြန်တွင် ချစ်ကြည်ရေးရာဇသံ ပြန်ကြားစာ တစ်စောင်နှင့် သဇင်ပန်းနှစ်ခြင်းကို ပေးလိုက်သည်။

## အလောင်းမင်းတရား၏ ပြန်ကြားစာ

*"အလောင်းမင်းတရားကြီး ချစ်ကြည်စွာ ကြားရောက်အပ်သော ပဲခူးမင်း၊ လူ့အဖြစ်ကို အလွန်ရခဲသည်ဟု သုံးလူ့အထွတ် ဘုရားသခင် ဟောတော်မူသည်။ တရားတော်ကို ထောက်၍ ပြည်မြို့ကပင် တပ်များကို စာဆွဲပြခဲ့သည်။ သတ္တဝါအပေါင်း၏ အသက်အိုးအိမ် စည်းစိမ်ကို ထောက်၍ ယခုလည်း တစ်နေ့မပြတ်ပင် အောက်မေ့တော်မူသည်။ ပဲခူးမင်းလည်း ဤစည်းစိမ်နှင့် ကမ္ဘာပတ်လုံး တည်မည်မဟုတ်။ ငါလည်း ၎င်းနည်းပင်။ ပျက်စီးချိန်ကျက မြင့်မိုရ်စကြဝဠာသော်မှလည်း ပျက်စီးရသည်။-*

*ပဲခူးမင်းသည် သတ္တဝါအပေါင်း၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်။ ငါလည်း ပြည်သူသတ္တဝါ သာသနာတော်အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်။ ငါ့ကို စီးပွားဖြစ်စေဟူ၍ အစွဲမရှိ။ နိဗ္ဗာန်သာလျှင် အမြဲတည်သည်ကို ထောက်၍ အောက်မေ့လျက်ပင် နေတော်မူသည်။ တစ်ယောက်က ဖြေးညင်းသာယာလိုသော်လည်း တစ်ယောက်ခက်ထန်နေက တခြားအမှု အခင်းကဲ့သို့မဟုတ်။ သာသနာတော် စီးပွားမှု ဖြစ်သည်။ ဘူရိဒတ်ဇာတ်ကို နှလုံးသွင်းသင့်သည်။ ရာဇသံစာတွင် ပါသည့်အတိုင်း သဘောမှန်လျှင် သင့်တော့သည်။ တရားစောင့်သော မင်းတို့၏ အလုပ်အသံသည်ကား ဝရဇိန်မိုးကြိုးစက်ကဲ့သို့ တစ်ချက်ပြင် နှစ်ချက်ထပ်၍ ဆိုမည်မဟုတ် ကြောင်းကို ချစ်ကြည်စွာ မေတ္တာနှင့် ကြားရောက်သည်။ "*

( အလောင်းမင်းတရားအမိန့်တော်များ၊ စာ-၉၀ )

ရှစ်ထောင့်ကျောင်းဆရာတော်နှင့်အဖွဲ့သည် အလောင်းမင်းတရား ပေးလိုက်သော သဝဏ်စာနှင့် သဇင်ပန်းခြင်းတိုကို ပဲခူးမင်းအား ပေးအပ်ကြသည်။ ပဲခူးမင်းသည် သဇင်ပန်းတစ်ခြင်းကို ရွှေမော်ဓောဘုရားမှာ တင်စေ၍ ကျန်တစ်ခြင်းကို သမီးတော်၏ ပင်တိုင်နန်းကို ဆင်ယင်စေသည်။

ပဲခူးမင်းသည် မိမိကတိစကားအတိုင်း သမီးတော်ကို ဆက်သရန်အတွက် စစ်သူကြီး ဗညားဦးအမှူးပြုသော လူ ၆၀-ပါသည့် အဖွဲ့ကို အလောင်းမင်းတရားထံ စေလွှတ်၍ အကြောင်းကြားသည်။

ထိုနောက် အလောင်းမင်းတရားသည် ပြာသိုလနန်း ၂-ရက်နေ့ကို ရွေးချယ်လျက် သမီးတော်ပင်တိုင်စံမင်းသမီးကို ဆက်သခံပြီးလျှင် ငြိမ်းချမ်းရေးကို ရယူခဲ့လေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး ၊
(၂) အလောင်းမင်းတရား အမိန့်တော်များ ၊
(၃) အလောင်းမင်းတရား အရေးတော်ပုံ ၊

( ၁၉၉၇-ခု၊ ဇွန်လထုတ် ဓမ္မရပ်စုံ မဂ္ဂဇင်းမှ )

# ဘကြီးတော်လက်ထက် ဆရာတော်များ

## ဘကြီးတော်မင်း၏ နိဂုံးနေ့များ

ဘကြီးတော်မင်းတရားသည် ကုန်းဘောင် (၁၁) ဆက်တွင် ခုနစ်ဆက်မြောက်အုပ်စိုးသော မင်းတစ်ပါး ဖြစ်သည်။ မင်းတရား၏ နာမည်တော်ကို စစ်ကိုင်းမင်း၊ ဖန်နန်းရှင်ဟူ၍လည်း အမျိုးမျိုး ခေါ်ဝေါ်ရေးသားကြသည်။

ဘကြီးတော်မင်းတရား လက်ထက်တွင် မြန်မာနိုင်ငံ နယ်မြေအချို့မှာ အင်္ဂလိပ်ကိုလိုနီတို့ သိမ်းပိုက်မှုကို ခံခဲ့ရသည်။ ကိုလိုနီဝါဒကို လက်ကိုင်ထားသော အင်္ဂလိပ်တို့သည် ကမ္ဘာမြေအဝန်းကို အငမ်းမရ တိုက်ခိုက်သိမ်းပိုက်နေချိန် ဖြစ်သည်။ နယ်မြေသစ်ရရှိရေးအတွက် အကြောင်းအမျိုးမျိုးပြကာ ရန်စသိမ်းပိုက်နေကြသည်။ ထိုအထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင် ဖြစ်ပေသည်။

ဘကြီးတော်မင်းသည် နယ်မြေအချို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားသဖြင့် စိတ်လက်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ထိုအထဲတွင် နန်းတွင်းရေးပြဿနာကလည်း ငြိမ်းချမ်းမှု မရှိလှ။ ရှုပ်ထွေးနေချိန် ဖြစ်သည်။

ထိုအချိန်တွင် ကိန်းခန်းဆရာ၊ ယတြာဆရာလုပ်သူတို့က ယာယီစံနန်းတော်ဆောက်၍ စံနေပါရန် လျှောက်တင်ကြသည်။ ထို့ကြောင့် ရွှေနန်းတော်အတွင်း မြောက်ဥယျာဉ်တော်တွင် ယာယီစံနန်းတော်ကို သာယာစွာ ဆောက်လုပ်သည်။ စံနန်းတော်ကို 'မြတ်နန်းစံကျော် 'ဟု ကမ္ပည်းတပ်၍ ပြောင်းရွှေ့စံနေတော်မူသည်။

ထိုစဉ် ဘကြီးတော်မင်းမှာ ကျန်းမာခြင်း မရှိပေ။ တိုင်းရေးပြည်ရေး ကိစ္စရပ်များကို နန်းမတော် မယ်နုနှင့် သီရိသုမဟာဓမ္မရာဇာဘွဲ့ခံ စလင်းမင်းသား မောင်အိုတို့က စီမံခန့်ခွဲနေကြသည်။

နန်းမတော် မယ်နုနှင့် စလင်းမင်းသား မောင်အိုတို့သည် ဘကြီးတော်မင်း၏ ညီတော်ဖြစ်သူ သာယာဝတီမင်းသားကို အယုံအကြည် မရှိကြပေ။ သာယာဝတီမင်းသားသည် နန်းတွင်း၌ အရေးပါသူ ဖြစ်သည်။ အင်းအားရှိသော မင်းသားကြီးလည်း ဖြစ်သည်။

နန်းမတော်မယ်နုနှင့် စလင်းမင်သားတို့သည် ဘကြီးတော် မကျန်းမာဖြစ်နေစဉ် ပုန်ကန်ထကြွမည်ကို စိုးရိမ်နေကြဟန်တူသည်။ ထို့ကြောင့် မိမိနှင့် သဘောတူရာ မှူးမတ်တို့နှင့် တိုင်ပင်၍ သာယာဝတီမင်းသား၏ အခြေအနေကို စောင့်ကြည့်နေကြသည်။

## ပြဿနာ အစ

သာယာဝတီမင်းသားကလည်း စလင်းမင်းသားနှင့် အဖွဲ့က မိမိအား မယုံမကြည်ရှိနေသည်ကို သိရှိနေ၏။ မိမိအိမ်တော်တွင် သားတော် သမီးတော်များနှင့် အမှုထမ်းများကို သတိမပျက် စောင့်ကြပ်နေစေရသည်။

ဤသို တစ်ဦးနှင့် တစ်ဦး မယုံမကြည် ရှိနေရာမှ စလင်းမင်းသားတို့ အဖွဲ့က သာယာဝတီမင်းသားအား အရေးယူနိုင်ရန် ပြဿနာတစ်ခုကို ဖန်တီးလာကြသည်။

ပုဂံမြို့စီရင်စု စေဉ့်ကူအုံမြို့သူကြီး ငရေးဆိုသူသည် လူဆိုးလူသွမ်းတို့ကို ပူးပေါင်းလက်ခံစည်းကြပ်ပြီးလျှင် သာယာဝတီမင်းသား အိမ်တော်မှာ ဝင်ထွက်နေကြောင်း၊ သာယာဝတီမင်းအိမ်တော်မှာလည်း ညီတော်သာယာဝတီမင်းနှင့် နှမတော် ပုဂံမင်းသမီးတို့ ကျေးကျွန်အမှုထမ်း

တို့ကို ဖွဲ့စည်းတိုင်ပင်၍ အကြံအစည်ရှိနေကြောင်း၊ သူကြီးငရေးကို စစ်မေးရန်ရှိ၍ တောင်းခေါ်ရာ သာယာဝတီမင်း အိမ်တော်ဝင်းအတွင်း ကပ်ခိုနေသည်ကို လက်ခံသိမ်းပိုက်ထားပြီး ဝန်စာရေးတို့က မပေးအပ်ဘဲ ရှိနေကြောင်းဖြင့် စလင်းမင်းသားက ဘကြီးတော်မင်းတရားထံ တိုင်ကြား လျှောက်ထားလေသည်။

ဘကြီးတော်မင်းတရားက *"ညီတော်သယာဝတီမင်းနှင့် နှမတော် ပုဂံမင်းမီး ဝန်စာရေးကြီးတို့ထံမှာ ငရေးကို ရအောင် တောင်းရမည်၊ "*ဟု အမိန့်ပေးသည်။

အမိန့်တော်အရ သက္ကရာဇ် ၁၁၉၈–ခု၊ တပေါင်းလဆုတ်ကျော် ၃–ရက်နေ့တွင် မြဲတိုက်သံတော်ဆင့် သီရိကျော်ထင်နော်ရထာကို သာယာဝတီမင်းအိမ်တော်သို့ သွားရောက် တောင်းခံစေသည်။ သာယာဝတီမင်းသားက *" စေဥ္စကူအုံမြို့သူကြီး ငရေးဟာ အိမ်တော်မှာ ထမ်းရွက်ခြင်း မရှိပါ၊ လာရောက်ခြင်းလည်း မရှိပါ၊ "*ဟု ဆို၏။

သံတော်ဆင့်လည်း အကျိုးအကြောင်းကို ပြန်၍ တင်ပြသည်။

## ကြီးထွားလာရာ ပြဿနာ

ထိုကိစ္စနှင့် ပတ်သက်၍ လပြည့်ကျော် ၄–ရက်နေ့တွင် စလင်းမြို့စား မောင်အိုက သာယာဝတီမင်းဝန် နေမျိုးသီဟကျော်စွာ၊ အတွင်းဝန် နေမျိုးသီဟစည်သူ၊ စာရေးကြီး သီဟကျော်ထင်နော်ရထာ၊ နှမတော် ပုဂံမင်းသမီးဝန် စည်သူရာဇကျော်၊ စာရေးကြီးကျော်ထင်သူရိန်တို့ကို သူကြီးငရေးကို မပေးအပ်သည့်အတွက် ထောင်သွင်း အကျဉ်းချထားလေတော့သည်။

ပုဂံမင်းသမီးသည် ဤကိစ္စရပ်အတွက် မောင်တော် သာယာဝတီမင်းသားထံ အပူတပြင်း သွားရောက်သည်။ အခြေအနေနှင့် ပတ်သက်၍ မောင်တော်အား ပြောပြသည်။

*"စလင်းမြို့စားက သူကြီးငရေးကို ပေးအပ်ရမည်လို့ ဝန်စာရေးကြီးတို့ကို အပြင်းအထန် တောင်းနေပါသည်၊ ယခုဆိုလျှင် မပေးအပ်နိုင်လို့ ထောင်သွင်း အကျဉ်းထားလိုက်ပါပြီ၊ ဒီအမှုက ဝန်စားရေးကြီးတို့နှင့်သာ ကိစ္စပြီးမှာ မဟုတ်ပါ၊ မောင်တော့်ကိုပါ အမှုဖြစ်အောင် ရှာကြံမည့် လက္ခဏာ ဖြစ်ပါသည်၊ ဒီအမှုကို ဘဝရှင် မင်းတရားသိအောင် လျှောက်ထားဖို့ လိုပါသည်။ သို့ပေမယ့် မင်းတရားကြီးကလည်း ကိုယ်စိတ် ကျန်းမာတော်မမူလို့ တိုင်းရေးပြည်ရေးကို လျစ်လျူရှုနေပါသည်၊ ပေါက်မြောက်အောင် လျှောက်ထားဖို့ ခက်ခဲလှပါသည်၊ ဒီအမှုကို ဖြည်းဖြည်းအေးအေး ကြံစည်မနေပါနှင့်၊ အမြန်ဆောင်ရွက်မှ ဖြစ်ပါလိမ့်မည်၊ "*

သာယာဝတီမင်းသားက *" ဒီအမှုကို ဖြေရှင်းဖို့အတွက် မောင်တော် အမြန်ကြိုးစားပါမည်၊ "*ဟု ကတိပေးလိုက်သည်။

## ငြိမ်းချမ်းစေရန် လျှောက်တောင်းပန်

သာယာဝတီမင်းသားသည် အခြေအနေမှန်ကို ဘကြီးတော်မင်းတရား သိရှိရန်အတွက် ကြားဝင်ဆောင်ရွက်မည့်သူကို ရှာဖွေရသည်။ ယခုချိန်တွင် နောင်တော်မင်းတရားထံသို့ မိမိကိုယ်တိုင်သွား၍ မဖြစ်သေး။ နောင်တော်မင်းတရားက အမြင်မှန် မရဘဲ ပြဿနာရှာလိုက်လျှင် ပို၍ဆိုးရွားသွားလိမ့်မည်။

ထို့ကြောင့် မိမိအဖြစ်မှန်ကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့်သူကို စဉ်းစားရသည်။ ထိုအခါ သာသနာပိုင်ဆရာတော်ကို ပြေးမြင်လိုက်သည်။ သာသနာပိုင်ဆရာတော်ကိုယ်တိုင် ဖြေရှင်းပေးလျှင် နောင်တော်မင်းတရား ယုံကြည်မည်ဟု ခံယူမိသည်။ သို့ဖြစ်၍ သဲအင်းကျောင်းတိုက်မှ ရဟန်းတော် ရှင်ဥ္ဇေယျဓမ္မ၊ ရှင်တေဇဝန္တနှင့် ရှင်ဝိမလတို့ သုံးပါးကို မိမိအိမ်တော်သို့ ပင့်ဆောင်ရသည်။

" *အရှင်ရဟန်းတို့၊ ယခုချိန်မှာ တပည့်တော်တို့ ညီနောင်မင်းနှစ်ပါးအကြား ပြဿနာ ဖြစ်ပွားနေပါသည်၊ ဒီပြဿနာကြောင့် မငြိမ်းချမ်းဘဲ ဖြစ်နေရပါသည်၊ စစ်ကူအုံမြို့သူကြီးဟာ တပည့်တော်ရဲ့ အိမ်တော်မှာ ဘယ်တုန်းကမှ မထမ်းရွက်ဖူးပါ၊ အိမ်တော်မှာလည်း မရှိပါ၊ ဒီအဖြစ်မှန်ကို မေတ္တာရပ်ခံပေးဖို့ လိုပါသည်၊ နောင်တော်မင်းတရား ယုံကြည်အောင် ပြောပြနိုင်သူဟာ သာသနာပိုင် စလင်းဆရာတော်ဘုရားကြီး ဖြစ်ပါမည်၊ စလင်းဆရာတော်ဘုရားကြီးဟာ နောင်တော်မင်းတရား ခန့်အပ်ထားသည့် သာသနာပိုင် ဖြစ်လို့ မင်းတရား ယုံကြည်မည့် ဆရာတော် ဖြစ်ပါသည်၊ အရှင်ဘုရားတို့က တစ်ဆင့် သာသနာပိုင်ဆရာတော်ကြီးကို မေတ္တာရပ်ပေးဖို့ လျှောက်ထားပေးစေချင်ပါသည်၊ လျှောက်ထားပေးကြပါ၊* "ဟု သာယာဝတီမင်းက လျှောက်ထားလေသည်။

## ငြိမ်းချမ်းရေးမှု ငြင်းပယ်သူ

ရဟန်းတော် သုံးပါးတို့သည် သာယာဝတီမင်းသား၏ လျှောက်ထားချက်ကို 'မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သိရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု 'ဘွဲ့တော်ရ စလင်းသာသနာပိုင် ဆရာတော်ထံသို့ သွားရောက် လျှောက်ထားကြသည်။

စလင်းဆရာတော်သည် ရဟန်းတော်တို့၏ လျှောက်ထားချက်ကို " *လူမှုလူရာနှင့် ပတ်သက်သည့် စကားတွေကို ငါမပြောချင်ဘူး၊* "ဟု ငြင်းပယ်လိုက်သည်။ ရဟန်းတော်သုံးပါးတို့လည်း စလင်းဆရာတော်က ငြင်းပယ်လိုက်ကြောင်း သာယာဝတီမင်းသားထံ သွားရောက် ပြောပြကြသည်။

ထိုအခါ သာယာဝတီမင်းသားက စဉ်းစားမိပြန်သည်။ ယခုပြဿနာကို ရဟန်းငယ်များအား လျှောက်ထားစေသဖြင့် ငြင်းပယ်လိုက်ခြင်း ဖြစ်မည်ဟု သုံးသပ်မိသည်။ ဆရာတော်ကြီး တစ်ပါးက လျှောက်ထားလျှင် ငြင်းပယ်မည် မဟုတ်ဟုထင်သည်။ ထို့ကြောင့် မိမိကိုးကွယ်သော သဲအင်းဆရာတော်ကိုပင့်၍ လျှောက်ထားရန် သုံးဖြတ်ရသည်။

သဲအင်းဆရာတော်ဦးသူရိယသည် စလင်းသာသနာပိုင်နှင့် သက်တူ ရွယ်တူများ ဖြစ်သည်။ ဆရာတော်အချင်းချင်း မေတ္တာရပ်ခံလျှင် ပြေလည်မည်ဟု ယူဆသည်။ သို့ဖြစ်၍ သဲအင်းဆရာတော်ကို ပင့်၍ ဤပြဿနာကို ထပ်မံလျှောက်ထားရပြန်သည်။

"*ဆရာတော်ဘုရား၊ စစ်ကူအုံမြို့သူကြီး ငရေးကိစ္စနှင့် ပတ်သက်လို့ တပည့်တော်တို့ ညီနောင်အချင်းချင်း ပြဿနာဖြစ်နေရပါသည်၊ နောင်တော် အမြင်မှန်ရအောင် မေတ္တာရပ်ပေးဖို့ သာသနာပိုင်ဆရာတော်ကို ဆရာတော်က တစ်ဆင့် မေတ္တာရပ်ပေးစေချင်ပါသည်၊ ဒီကိစ္စက တဖြည်းဖြည်း တင်းမာနေပါပြီ၊ တပည့်တော်ရဲ့ အမှုထမ်းတွေကိုတောင် ဖမ်းဆီးချုပ်နှောင်ထားကြပါပြီ၊ ကြာလျှင် တပည့်တော်ကိုပါ အမှုပွားလာပါမည်၊ တပည့်တော်နှင့် နောင်တော်မင်းတရားအကြား သံသယမပွားဘဲ ငြိမ်းချမ်းစွာ နေနိုင်ရန် မေတ္တာရပ် ပေးတော်မူပါ၊*"

သဲအင်းဆရာတော်သည် မိမိဒကာရင်းဖြစ်သော သာယာဝတီမင်းသား၏ ပြဿနာကို ငြိမ်းချမ်းစွာ ပြီးဆုံးစေချင်သည်။ အမှိုက်ကစ၍ ပြာသာဒ်မီးလောင်မှု မဖြစ်စေချင်ပေ။ ထို့ကြောင့် လိုလိုလားလားပင် သာသနာပိုင်ဆရာတော်ထံသို့ သွားရောက်ပြီး အခြေအနေအရပ်ရပ်ကို တင်ပြပြီး ညီနောင်နှစ်ပါးတို့၏ ငြိမ်းချမ်းမှုကို ဆောင်ရွက်သင့်ကြောင်း လျှောက်ထားလေသည်။

စလင်းသာသနာပိုင်သည် သဲအင်းဆရာတော်၏ လျှောက်ထား တင်ပြချက်ကိုလည်း အရေးမမှု လျစ်လျူရှုကာ ခေါင်းရှောင်နေပြန်သည်။ ငြင်းဆန်မြဲ ငြင်းဆန်နေသည်။ စလင်းဆရာတော်၏ ခေါင်းရှောင်မှုကြောင့် နောက်ပိုင်းတွင် နိုင်ငံတော်အတွက်လည်းကောင်း၊ ထီးနန်းအတွက်လည်းကောင်း ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်ခဲ့သည်။ အနိဋ္ဌာရုံ ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့လေသည်။

## သုံးကြိမ်မြောက် ကြိုးပမ်းမှု

သာယာဝတီမင်းသားသည် စလင်းဆရာတော်က အကြိမ်ကြိမ် ငြင်းပယ်သဖြင့် လက်လျှော့လိုက်ရသည်။ နောက်ဆုံးတွင် မိဖုရားခေါင်ကြီး၏ အရီးတော်ဖြစ်သူ ပေါင်းတည်မြို့စားအား သတိရလာသည်။ ပေါင်းတည်မြို့စားထံသို့ အဖိုးထိုက်တန်သော လက်စွပ်တော်ကို လက်ဆောင်အဖြစ် ပေးအပ်၍ ပြဿနာကို ပြေအေးအောင် ဆောင်ရွက်ပေးပါရန် လူလွှတ်၍ စေခိုင်းရသည်။

ပေါင်းတည်မြို့စာကလည်း " *ယခုအချိန်မှာ မင်းတရားကြီးဟာ ညီတော် သားတော် မှူးတော် မတ်တော် ပညာရှိတို့နှင့် အတိုင်အပင် မရှိဘဲ ဖြစ်နေပါသည်၊ ဘယ်အမှုကိစ္စကိုမျှ ဆောင်ရွက်ခြင်း မရှိပါ၊ သာယာဝတီမင်းသားရဲ့ အမှုကိစ္စမှာလည်း လျှောက်ထားရန် အခွင့်မသာ ဖြစ်နေပါသည်၊ အခြားနည်းလမ်းနှင့် ကြံဆဆောင်ရွက်ပါ၊* "ဟု ပြန်ကြား ပြောဆိုလိုက်လေသည်။

သာယာဝတီမင်းသားအတွက် အခက်ကြုံလေပြီ။ မိမိတို့ ညီနောင်အကြား ငြိမ်းချမ်းအောင် ဆောင်ရွက်ပေးမည့်သူဟူ၍ မရှိတော့ပြီ။ ဤကိစ္စနှင့် ပတ်သက်၍ သားတော်များနှင့် အိမ်တော်အမှုထမ်းတို့ကို တိုင်ပင်ရတော့သည်။

## အိမ်တော် လုံခြုံရေးအဖွဲ့

အိမ်တော်အမှုထမ်းတို့က မင်းသား၏ ရှေ့ရေးကို ဤသို့ လျှောက်တင်ကြသည်။

" *ယခု အရေးတော်ဟာ မြို့သူကြီး ငရေးကို အကြောင်းပြုပြီး အရှင့်သားကို အမှုဖြစ်အောင် ရှာကြံခြင်း ဖြစ်ပါသည်။ ခုချိန်မှာ မင်းတရားကြီးလည်း ညီလာခံ မတက်နိုင်တာ ကြာပါပြီ၊ စလင်းမြို့စားနှင့် သဘောထားတူသူတို့က စီမံချယ်လှယ်နေကြပါသည်၊ နန်းတွင်းမှာ သူတို့ အင်အားစုကလည်း ကြီးမားပါသည်၊ ယခုအရေးဟာ အရှင့်သားတစ်ပါးတည်းရဲ့ အရေး မဟုတ်ပါ၊ အရှင့်မိဖုရား၊ သားတော်၊ သမီးတော်နှင့် အရှင့်အမှုတော်ထမ်းတွေရဲ့ အရေးတော် ဖြစ်နေပါပြီ။ ကျွန်တော်မျိုးတို့က စလင်းမြို့စားနှင့် သဘောတူ အပေါင်းပါတို့ကို အမိဖမ်းဆီးပြီး အရေးတော်ဖြေရှင်းမှ သင့်ပါတော့မည်၊ အရေးတော် ပြီးပြေမှ ဘဝရှင်မင်းတရား မကျန်းမာတာကို ပြုစုနိုင်ပါလိမ့်မည်၊* "

သာယာဝတီမင်းသားနှင့် အိမ်တော်အမှုထမ်းတို့သည် မိမိတို့အတွက် အန္တရာယ် ကြီးလာပြီဟု သဘောပေါက်ကြသည်။ သို့အတွက် အိမ်တော်လုံခြုံရေးကို စနစ်တကျ ဖွဲ့စည်း၍ စောင့်ရှောက်နေကြရလေသည်။

## နေပြည်တော်မှ ထွက်ကြပြီ

ထိုအတောအတွင်း စလင်းမြို့စား မောင်အိုက ငရေးကို သာယာဝတီမင်းထံ တောင်းရာ မပေးဘဲနေကြောင်း ဘကြီးတော် မင်းတရားထံ လျှောက်တင်ပြန်သည်။

ဘကြီးတော် မင်းတရားက ညီတော်သာယာဝတီမင်းနှင့် နှမတော် ပုဂံမင်းသမီးအိမ်တော်ဝင်းများသို့ သွားရောက်၍ ရှာဖွေဖမ်းဆီးရမည်ဟု အမိန့်ပေးသည်။

စလင်းမြို့စားသည် လူနှစ်ရာခန့်ကို ဓားကိုယ်စီပေး၍ သာယာဝတီမင်းနှင့် ပုဂံမင်းသမီး အိမ်တော်များသို့ သွားရောက် ဖမ်းဆီးရန် အမိန့်ပေး၏။ ရှာဖွေရေး အဖွဲ့ဝင်တို့သည် ပုဂံမင်းသမီး အိမ်တော်သို့ လူငါးဆယ်၊ သာယာဝတီမင်းအိမ်တော်သို့ လူတစ်ရာ့ငါးဆယ်တို့ကို ခွဲဝေ စေလွှတ်၍ ရှာဖွေစေသည်။

သာယာဝတီမင်းအိမ်တော်အနီးတွင် ရှာဖွေရေးအဖွဲ့ဝင်တို့နှင့် အိမ်တော်အမှုထမ်းတို့

ပဋိပက္ခဖြစ်ကြသည်။ အိမ်တော်ဝန်ထမ်းတို့က ဆီးဆို့ခုခံကြသည်။ ရှာဖွေရေး စစ်သည်များ ထွက်ပြေးကုန်ကြသည်။ အချို့လည်း ကျဆုံးကုန်ကြသည်။ ထိုအကြောင်းကို သာယာဝတီမင်းထံ သွားရောက် လျှောက်တင်ကြသည်။

သာယာဝတီမင်းသည် အခြေအနေဆိုးရွားလာပြီဟု သိလိုက်သည်။ မကြာမီ မိမိနှင့် တကွ ကျေးကျွန်အမှုထမ်းများကို အန္တရာယ်ဆိုးနှင့် ကြုံတွေ့တော့မည်ဟု သိလိုက်ပြီ။ အန္တရာယ်မှ လွတ်ကင်းရန် နေပြည်တော်မှ ထွက်ခွာသွားရမည်။ ထိုအကြောင်းကို အိမ်တော်ဝန်ထမ်းများအား ပြောပြ၏။

“ *ယခု ငါတို့အမှုဟာ ကြီးကျယ်လာပြီ၊ ငါ့အမှုထမ်းတွေကို ခေါ်ပြီး ရတနာသိင်္ဃမြို့ ကို ထွက်ခွာသွားကြမည်၊* ”ဟုဆိုကာ လိုအပ်သည်တို့ကို အလျင်အမြန် ပြင်ဆင်စေသည်။ ထို နောက် သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမများနှင့် အမှုထမ်း လူ ၇၀၀–ကျော်တို့ကို ခေါ်၍ သက္ကရာဇ် ၁၁၉၈–ခု၊ တပေါင်းလပြည့်ကျော် ၆–ရက် သောကြာနေ့တွင် ရတနာသိင်္ဃမြို့သို့ တိတ် တဆိတ် ထွက်ခွာခဲ့လေသည်။

သာယာဝတီမင်း နေပြည်တော်မှ ထွက်ခွာသွားပြီးနောက် စလင်းမြို့စားနှင့် အဖွဲ့က ထောင်သွင်း အကျဉ်းချထားသော သာယာဝတီမင်းနှင့် ပုဂံမင်းသမီးတို့၏ ဝန်များနှင့် စာရေးကြီး တို့ကို ကွပ်မျက်ပစ်လိုက်ကြသည်။ ထိုနောက် သာယာဝတီမင်းနှင့် ပတ်သက်သည့် နှမတော် ပုဂံမင်းသမီး၊ ဘိုးတော်မင်းတရား သမီးတော် ကွပ်ရွာမင်းသမီး၊ ဝန်ကြီးဟောင်း သတိုးမင်းရဲရာဇာ၊ မော်ပီမြို့စား လင်းဇင်းသေနတ်ဝန် မဟာသီဟသူရတို့ကို ဖမ်းဆီး၍ ထောင်သွင်း အကျဉ်းချ ထားလိုက်ကြသည်။

## အောင်မြင်စေမှု ဓိဋ္ဌာန်ပြု

သာယာဝတီမင်းနှင့် အဖွဲ့သည် ရတနာပူရမှ ထွက်ခွာပြီးနောက် စစ်ကိုင်းဘက်သို့ ရောက်ရှိခဲ့ကြသည်။ စစ်ကိုင်းရောက်လျှင် သာယာဝတီမင်းက “ *ငါဟာ နောင်တော်မင်းတရားကို ပုန်ကန်လိုလို့ မဟုတ်ပါ၊ နောင်တော်ဟာ ငါ့ကို အလွန်ချစ်ပါသည်၊ ငါ့အကျိုးစီးပွားကို ဖျက်ဆီးမည်လို့ မထင်ဘူး၊ သို့ပေမယ့် ငါတို့ညီနောင်အကြားမှာ ပြဿနာဖြစ်ပွားအောင် လျှောက်ထားနေသူတွေ ရှိလို့ ယခုလို အမှုတွေ ဖြစ်ပွားလာရခြင်း ဖြစ်သည်၊ ရာဇဝတ်တော် အရေးကို တွေးပြီး ယခုလို ထွက်ခွာလာခဲ့ရသော်လည်း ငါဟာ နောင်တော်မင်းတရားကို မေတ္တာမပျက် ရှိနေဆဲသာ ဖြစ်ပါသည်၊* ”ဟု ပြောကြား၏။

ထိုနောက် ငါးထပ်ကြီးဘုရား ရင်ပြင်တော် ရှေ့တွင် ထားဝယ်ဗိုလ်ကို အပါးမှာ ထား၍ ဤသို့ သစ္စာဓိဋ္ဌာန်ပြုလေသည်။

“ *ကျွန်ုပ်သည် နောင်တော်မင်းတရား မင်းအဖြစ်ကို ယူတော်မူသည့် နေ့မှစ၍ ယခု တိုင် နောင်တော်မင်းတရားကို ခမည်းတော်ကဲ့သို့ ထင်မှတ်ပြီးလျှင် ကျေးဇူးသစ္စာတော် ရှိသည့် အတိုင်း မျက်မှောက် မျက်ကွယ်မခြား အမိန့်တော် ရှိသမျှကို ကျောက်ထီးကဲ့သို့ အလေးအနက်ပြု၍ အမှုတော်ရှိရာ ရွှေစက်တော်ရင်းတွင် ခစားထမ်းရွက်ပါသည်၊ ဆံချည်ခြမ်းမျှ စိတ်နှလုံးတော် ဖောက်ပြား မကြံမစည်ပါ၊ ယင်းသည် သစ္စာဓိဋ္ဌာန်အတိုင်းမှန်လျှင် ယခု ငါချီထွက်ခဲ့ရာ နောင်တော်မင်းတရား ရာဇဝတ်တော်ရေးမှစ၍ ငါ၌ မကောင်းကြံသမျှ ဘေးရန်အပေါင်းတို့သည် လွတ်ကင်းချမ်းသာပါစေသတည်း၊ မမှန်လျှင်လည်း အလုံးစုံသော ဘေးဘယအပေါင်းတို့သည် ဖိစီး နှိပ်စက်သဖြင့် လွတ်ကင်း ချမ်းသာမရ ဖြစ်စေသတည်း၊* ”

သာယာဝတီမင်းနှင့် အဖွဲ့သည် စစ်ကိုင်းမှ တစ်ဆင့် မြင်းမွေးရွာ စသည်ဖြင့် အစဉ် အတိုင်း ထွက်ခွာလာခဲ့ရာ လမ်းခရီးတွင် သစ္စာခံသူ အများအပြား ပေါ်ထွက်လာသည်။ သာယာ

ဝတီမင်းသည် ရတနာသိဃ်မြို့သို့ ရောက်ရှိပြီးနောက် ဖိုလ်ဝင်ခံလေသည်။

သာယာဝတီမင်းသည် ရတနာသိဃ်မြို့ကို အခြေခံ၍ စစ်သည်ရဲမက်အင်အားကို စုစည်းသည်။ ရက်ပိုင်းအတွင်းမှာပင် သစ္စာခံသူ မြို့စားများ ပေါ်ပေါက်လာသည်။ စစ်သည်ရဲမက်အင်အားလည်း တဟုန်တည်း တိုးတက်လာသည်။ သာယာဝတီမင်း၏ စစ်အင်အားသည် နောင်တော်မင်းတရား၏ စစ်အင်အားကို အံတုနိုင်လေပြီ။

ထိုအတောအတွင်း နောင်တော်မင်းတရားထံမှ စစ်သည်တိုကို စေလွှတ်ပြီး တိုက်ခိုက်စေခဲ့သည်။ သို့သော်လည်း နောင်တော်၏ တပ်များမှာ အရှုံးနှင့် ရင်ဆိုင်ကြရပြီး ဆုတ်ခွာသွားကြရသည်။ နောက်ရက်များတွင် ညီနောင်မင်းနှစ်ပါးတို့၏ စစ်ပွဲများ ပို၍ တိုးမြင့်လာသည်။ ညီတော်သာယာဝတီမင်း၏ တပ်တော်တို့သည် နောင်တော်မင်းတရား၏ တပ်တို့ကို အသာစီးရနေလေသည်။

## ပဏာမစေ့စပ်ရေး

ထိုအချိန်တွင် ရတနာပူရမြို့တော်၌ လာရောက်အမှုထမ်းနေသော အင်္ဂလိပ်လူမျိုး မေဂျာဘာနေက ညီနောင်နှစ်ပါးတို့ ငြိမ်းချမ်းရေးကို စေ့စပ်ပေးလိုကြောင်း တင်ပြလာသဖြင့် ဘကြီးတော်မင်းက ခွင့်ပြုလိုက်သည်။

ဘကြီးတော်မင်း၏ ခွင့်ပြုချက်ဖြင့် မေဂျာဘာနေနှင့် စကားပြန် အက်ဒွပ်တို့သည် သာယာဝတီမင်းရှိရာ ရတနာသိဃ်ခေါ် ရွှေဘိုမြို့သို့ စေ့စပ်ရေးခရီး ထွက်လာခဲ့ရာ ၁၁၉၈–ခု၊ တန်ခူးလပြည့်ကျော် ၁–ရက်နေ့တွင် ရွှေဘိုသို့ ရောက်ရှိကြလေသည်။

သာယာဝတီမင်းသည် မေဂျာဘာနေနှင့် အဖွဲ့ကို လက်ခံတွေ့ဆုံပြီး အခြေအနေအရပ်ရပ်ကို မေးမြန်းသည်။ ဘာနေတို့က ငြိမ်းချမ်းရေးအတွက် စေ့စပ်လိုသောကြောင့် လာရောက်ရခြင်းဖြစ်ကြောင်း တင်ပြကြသည်။

ထိုအခါ သာယာဝတီမင်းက ဤသို့ ပြန်လည်ပြောပြသည်။

" *ငါတို့ ညီတော် နောင်တော် နှစ်ပါးဟာ အလွန်ချစ်ခင်ကြသူများ ဖြစ်သည်၊ ငါကလည်း နောင်တော်မင်းတရားရဲ့ ကျေးဇူးသစ္စာတော်ကို အမြဲတမ်း စောင့်သိရှိသေသည်၊ သို့ပေမယ့် ငါတို့ ညီနောင်နှစ်ပါးအကြားမှာ စိတ်ဝမ်းကွဲအောင် ပြုလုပ်နေသူတွေ ရှိနေသည်၊ သူတို့ကတော့ စလင်းမြို့စားနှင့် အပေါင်းပါတွေပဲ ဖြစ်သည်၊ သူတို့ရှိနေသမျှ ငါတို့ ညီနောင်နှစ်ပါး သင့်တင့်ဖို့ မလွယ်ဘူး၊ သူတို့ မရှိမှ သင့်တင့်နိုင်ကြမည်၊ ဘာနေတို့က အင်္ဂလိပ်လူမျိုး ဖြစ်သည်၊ ငါတို့ အကြောင်းအရာ ရာဇဓာယာ ဥပါယ်များကို သိသူမဟုတ်ဘူး၊ ဒါကြောင့် သင်တို့ စေ့စပ်ငြိမ်းချမ်းရေးကို လက်မခံနိုင်ပါ၊* "ဟု ငြင်းပယ်လိုက်သည်။

မေဂျာဘာနေနှင့် အဖွဲ့သည် အရေးကိစ္စ မပြီးပြေသောကြောင့် နေပြည်တော်သို့ ပြန်ခဲ့ကြရသည်။ နေပြည်တော်ရောက်လျှင် အခြေအနေကို ဘကြီးတော်မင်းတရားအား လျှောက်တင်ကြလေသည်။

## မှူးမတ်တို့၏ သဘောထား

ဘကြီးတော် မင်းတရားသည် ဘာနေတို့နှင့် စေ့စပ်စေရာ မအောင်မြင်သဖြင့် များစွာဝမ်းနည်းရသည်။ ဤကိစ္စနှင့် ပတ်သက်၍ မှူးမတ်တို့နှင့် ထပ်မံ ဆွေးနွေးပြန်သည်။ ထိုအခါ မှူးမတ်တိုက " *ယခု စစ်မက် ဖြစ်ပွားနေကြသော အရေးအခင်းကို ပြေငြိမ်းပြီးစီးအောင် ဆောင်ရွက်နိုင်မှ သင့်ပါမည်၊ ညီတော်သာယာဝတီမင်းသားကလည်း ငါးရက်အတွင်း အရေးတော်ပြီးပြေအောင် ပြောနိုင်မည့်သူကို စေလွှတ်ပါလို့ မှာကြားလိုက်ပါသည်၊ ယခု ငါးရက်အတွင်း*

*အတိုက်အခိုက်လည်း ရပ်စဲထားပါသည်၊ ဒီရက်အတွင်း သတင်းပြန်ကြားပြီး ငြိမ်းချမ်းအောင် ဆောင်ရွက်သင့်ပါသည်၊* ”ဟု လျှောက်တင်ကြသည်။

ဘကြီးတော် မင်းတရားက “ *သာသနာ စည်ပင်ပွင့်လင်းရေး၊ နိုင်ငံသူ နိုင်ငံသားတို့ ချမ်းသာရေးသာ အဓိကဖြစ်သည်၊ ငါတစ်ဦးတည်း ချမ်းသာပြီး သတ္တဝါတွေ မဆင်းရဲစေချင်ပါ၊ သို့ ဖြစ်၍ ဒီအရေးတော်ကို ဆရာတော် သံဃာတော် မှူးတော် မတ်တော်တို့ အလိုအတိုင်း သင့်လျော်ပြေငြိမ်းအောင် ဆောင်ရွက်ကြပါ၊* ”ဟု ဆိုလေသည်။

## စေ့စပ်ရေး ဆရာတော်များ

ထို့နောက် အရေးတော် ပြေငြိမ်းရေးအတွက် စေ့စပ်ဆွေးနွေးရန် ဆရာတော်များကို ရွေးချယ်ကြသည်။ ဦးဆောင်ကြွသွားမည့် ဆရာတော်များမှာ ပင်းဆရာတော်ကြီး၊ ပင်းဆရာ တော်ကလေးနှင့် သဲအင်းတိုက်နေ ရှင်ဥေ့ယျဓမ္မတို့ ဖြစ်ကြသည်။

ဆရာတော် သုံးပါးနှင့် အဖွဲ့သည် ကြွသွားမည့်အစီအစဉ်တို့ကို ရွှေနန်းတော် မြောက်ဥယျာဉ်စံနန်းတွင် မလွန်မင်းသား မှူးမတ်တို့နှင့်တကွ အသေးစိတ် ညှိနှိုင်းကြသည်။ ဆရာ တော်တို့ အဖွဲ့နှင့်အတူ ပေးလိုက်ရန်အတွက် သာသနာပိုင်ဆရာတော်နှင့် သဲအင်းဆရာတော်တို့၏ မေတ္တာစာများကိုလည်း ပြုသစိစစ်ကြသည်။

ထိုညှိနှိုင်းပွဲတွင် ရှင်ဥေ့ယျဓမ္မက “ *အစည်းအဝေးကို ရပ်နားသင့်ပါပြီ၊ ရတနသိင်္ဃကို ရောက်မှ အဆင်သင့်သလို ကြည့်ပြီး ဆောင်ရွက်ပါတော့မည်၊* ”ဟု ဆို၏။

ထိုနောက် ဆရာတော်တို့က မိမိတို့က ငြိမ်းချမ်းရေးအတွက် သွားရောက်ကြမည်ဖြစ် ရာ ယခု နေပြည်တော်၌ ဖမ်းဆီးချုပ်နှောင်ထားသူတို့ကိုလည်း လွှတ်ပေးသင့်ကြောင်း၊ သို့မှသာ မိမိတို့ဘက်က ငြိမ်းချမ်းမှု အစစ်အမှန်ကို လိုလားရာ ရောက်မည်ဖြစ်ကြောင်း တင်ပြကြသည်။

ဆရာတော်တို့၏ စကားအရ နေပြည်တော်၌ ဖမ်းဆီး ချုပ်နှောင်ထားသော သာယာ ဝတီမင်းနှင့် ပတ်သက်သူတို့ကို အချုပ်မှ လွှတ်ပေးကြလေသည်။

ထို့နောက် ပင်းဆရာတော်ကြီး၊ ပင်းဆရာတော်ကလေး၊ သဲအင်းတိုက် ရှင်ဥေ့ယျဓမ္မ၊ နောက်ပါသံဃာတော်သုံးပါးနှင့် အဖွဲ့သည် သက္ကရာဇ် ၁၁၉၈–ခု၊ တန်ခူးလပြည့်ကျော် ၅–ရက် နေ့တွင် နေပြည်တော်မှ ထွက်ခွာလာခဲ့ရာ တန်ခူးလပြည့်ကျော် ၇–ရက်နေ့တွင် ရတနာသိင်္ဃခေါ် ရွှေဘိုမြို့သို့ ရောက်ရှိကြလေသည်။

## သာယာဝတီမင်း၏ ပြန်ကြားချက်

ဆရာတော်တို့ အဖွဲ့သည် ရတနာသိင်္ဃသို့ ရောက်ရှိပြီးနောက် သာယာဝတီမင်းနှင့် တွေ့ဆုံကြသည်။ သာသနာပိုင်ဆရာတော်နှင့် သဲအင်းဆရာတော်တို့က ပေးအပ်လိုက်သော စစ် ပြေငြိမ်းရေး မေတ္တာစာကို ပေးအပ်ကြသည်။ ပြီးနောက် မေတ္တာစာပါ အကြောင်းအရာတို့ကို မိန့် ကြားပြောဆိုကြသည်။

ဆရာတော်တို့က “ *ယခု ညီတော် နောင်တော် နှစ်ပါးတို့ ဘက်ပြိုင်တိုက်ခိုက်နေကြ သည့် စစ်သည်ရဲမက်တို့ကို နှစ်ဖက်စလုံးက ရုပ်သိမ်းကြမည်ဆိုလျှင် သတ္တဝါအပေါင်းတို့ဟာ ဘေးအန္တရာယ်တို့မှ ကင်းဝေးကြပါမည်၊ ချမ်းချမ်းသာသာ နေနိုင်ကြပါမည်၊* ”စသည်ဖြင့် စေ့ စပ်ရေးတရားကို ဟောပြကြသည်။ ငြိမ်းချမ်းရေး နည်းလမ်းကို ညွှန်ပြကြသည်။

သာယာဝတီမင်းသည် ဆရာတော်တို့ ဟောကြ ပြောကြသော စကားတို့ကို လေးစားစွာ နားထောင်နေပါသည်။ ဆရာတော်တို့ စကားဆုံးလျှင် သာယာဝတီမင်းက ဤသို့ ပြန်လည်၍ လျှောက်ထားလေသည်။

*"ယခု ဆရာတော်တို့ နေပြည်တော်က ကြွလာရာမှာ နေပြည်တော်ရဲ့ အခြေအနေကို ကုန်စင်အောင် သိခဲ့ဟန်မတူပါ၊ ဝန်ထောက်ငပုဟာ ရှမ်းကိုးပြည်ထောင်ကို စေလွှတ်ပြီး လက်နက် လူသူတွေကို စည်းကြပ်စုဆောင်းနေဆဲ ဖြစ်ပါသည်၊ တစ်ဖက်က ဒီလို စစ်သည်အင်အားတွေကို စုဆောင်းပြီး အရှင်ဘုရားတို့ကတော့ စစ်သည်ရဲမက်တွေကို ရုပ်သိမ်းဖို့ စကားဆိုလာကြပါသည်၊ အရှင်ဘုရားတို့ရဲ့ မေတ္တာရပ်ခံချက်အရ တပည့်တော်က စစ်သည်တွေကို ရုပ်သိမ်းလိုက်မည်ဆိုလျှင် တစ်ဖက်က တိုက်ခိုက်သိမ်းပိုက်လာနိုင်ပါသည်၊ ဒီအခါမှာ တပည့်တော်ရဲ့ ဆောင်ရွက်ချက်တွေ ပျက်စီးရုံသာမက အန္တရာယ်တွေပါ ကြုံတိုးလာနိုင်ပါသည်၊ ဒီလိုအဖြစ်ဆိုးမျိုးနှင့် ကြုံလာမည်ဆိုလျှင် အရှင်ဘုရားတို့ စကားဟာ ချွတ်ယွင်းသည့်စကား မဖြစ်တော့ပါလား၊ အရှင်ဘုရားတို့ ဂုဏ်သိက္ခာကိုပါ မထိခိုက်နိုင်ပါလား၊ "*

ဆရာတော် သုံးပါးတို့မှာ သာယာဝတီမင်း၏ စကားကို နားထောင်ရင်း ဘာမျှ မပြောနိုင်ကြ။ တစ်ပါးကို တစ်ပါးကြည့်၍ နှုတ်ဆိတ်နေကြသည်။

ခဏကြာမှ " *စစ်သည်တွေ စုဆောင်းနေသည့် ကိစ္စကို မသိရိုး အမှန်ပါ၊ ဆရာတော်တို့ကတော့ နှစ်ဖက်စစ်ပြေငြိမ်းပြီး အေးချမ်းစေလိုသည့်အတွက်သာ လာရောက်ရခြင်း ဖြစ်ပါသည်၊* " ဟု မိန့်ကြားကြ၏။

" *အရှင်ဘုရားတို့နှင့် ပြောဆို၍ စစ်ပြေငြိမ်းမှု မရနိုင်သေးပါ၊ အရှင်ဘုရားတို့ကလည်း ဝန်ခံချက် မပေးနိုင်ကြပါ၊ နေပြည်တော်ကိုသာ ပြန်ကြွတော်မူကြပါ၊* " ဟု လျှောက်၏။

ဆရာတော်တို့ အဖွဲ့သည် ရတနာသိဃ်တွင် ကြာရှည်မနေကြတော့။ လပြည့်ကျော် ၈–ရက်နေ့မှာပင် ရတနာပူရနေပြည်တော်သို့ ပြန်ကြွကြလေသည်။

## ညီနောင်မင်းတို့ စစ်ခင်းမှု

သာယာဝတီမင်းသည် ဆရာတော်တို့အဖွဲ့ ပြန်သွားပြီးနောက် အရေးတော်မပြီးသေးသဖြင့် စစ်ဆင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရသည်။ စစ်သည်ရဲမက် တစ်သောင်းကျော်နှင့် မြင်းတပ်အင်အား တစ်ထောင်ကျော်ခန့်ကို ဖွဲ့စည်းပြီးလျှင် သားတော်မင်းရဲကျော်ထင်ကို သတိုးမင်းစော အမည်နှင့် ဗိုလ်မှူးခန့်သည်။ သတိုးမင်းစော၏ တပ်ဖွဲ့ကြီးသည် အနောက်ဘက်ကြောင်းမှ ချီတက်ကြသည်။

သာယာဝတီမင်းက သားတော်ဗိုလ်မှူးအား " *သားတော်တို့ တပ်ဖွဲ့က စစ်ကိုင်းမြို့မှာ တပ်ချရမည်၊ အင်းဝဘက်ကို အကူးအသန်း မရှိစေရဘူး၊ ကောက်ကျစ်သူ စလင်းစားနှင့် အဖွဲ့ကို ရအောင် တောင်းဆိုရမည်၊* " ဟု အမိန့်ပေးလိုက်သည်။

သတိုးမင်းစော၏ တပ်ဖွဲ့ကြီးသည် သက္ကရာဇ် ၁၁၉၈–ခု၊ တန်ခူးလပြည့်ကျော် ၁၀–ရက်နေ့တွင် ဟန်လင်းကြီးမြို့လမ်းမှ ချီတက်ခဲ့ကြလေသည်။

ထိုအတောအတွင်း အင်းဝဘက်မှ ပင်းတလဲမင်းသား ဦးစီးသော တပ်ဖွဲ့များမှာလည်း သရိုင်ရွာ၌ စခန်းပြု၍ တပ်စွဲထားကြသည်။ သရိုင်စခန်းမှ စစ်သည်တပ်ဖွဲ့များသည် ငါးဆယ်တစ်စု၊ ခြောက်ဆယ် တစ်စုခွဲ၍ နေ့စဉ်လိုလို သာယာဝတီမင်းတပ်တော်သို့ ပြောင်းရွှေ့သွားနေကြသည်။ ပို၍ ဆိုးသည်မှာ ပဥ္စာလမြို့ဝန်၏ တပ်တစ်ခုလုံးက သာယာဝတီမင်း၏ တပ်တော်ထဲသို့ ကူပြောင်း သွားခြင်းပင် ဖြစ်သည်။

ဤသတင်းကို အင်းဝဗိုလ်မှူး ပင်းတလဲမင်းသား ကြားလျှင် အခြေအနေကို ထိန်းသိမ်းနိုင်ခြင်း ရှိတော့မည် မဟုတ်ကြောင်း သိရှိလာသည်။ ဤကဲ့သို့ နေ့စဉ်တစ်ဖက်သို့ ကူးပြောင်းနေကြမည်ဆိုလျှင် ကြာသော် မိမိတပ်တော်အားလုံး သူ့လူတွေချည်း ဖြစ်တော့မည်ဟု သုံးသပ်မိသည်။ ထို့ကြောင့် နောက်ပါ အမှုထမ်းတို့နှင့် တိုင်ပင်ကာ မိမိတပ်တော်ကို ပြန်လည်

ဆုတ်ခွာပေးရလေသည်။

အင်းဝတပ်များ ပြန်လည် ဆုတ်ခွာရာတွင် စည်းကမ်းမရှိတော့ဘဲ ဝါးအစည်းပြေသကဲ့သို့ အကွဲကွဲအပြားပြား ဖြစ်ကုန်ကြသည်။ ဗိုလ်မှူးမင်းသား၏ အမိန့်ကိုလည်း မနာခံကြတော့။ အင်းဝတပ်ကြီး ပြိုကွဲလေပြီ။

## အဆင့်မြင့် စေ့စပ်ရေးအဖွဲ့

ထိုရက်များအတွင်း နန်းတော်တွင်းမှာလည်း စစ်ပြေငြိမ်းရေးနှင့် ပတ်သက်၍ အပူတပြင်း ဆွေးနွေးလျက် ရှိသည်။ ယခင်ဆရာတော် သုံးပါးတို့ကို လွှတ်စဉ်က အရေးတော် မပြေငြိမ်းခဲ့။ ယခုတစ်ဖန် စေလွှတ်ရန် ထပ်မံညှိနှိုင်းရသည်။ ယခုတစ်ကြိမ် ရွေးချယ်လိုက်သော ဆရာတော်များကား သာသနာပိုင် စလင်းဆရာတော်၊ သဲအင်းဆရာတော်ဦးသူရိယနှင့် သက်ကယ်ကျင်းဆရာတော်တို့ ဖြစ်သည်။

စလင်းသာသနာပိုင်သည် ယခုတစ်ခါတွင်မူ ငြင်းပယ်၍ မရတော့ပေ။ မိမိဒကာတော်ဘကြီးတော်မင်းတရား ဘက်က အခြေအနေ ဆိုးရွားနေပြီ။ မိမိကို သာသနာပိုင် တင်မြှောက်ပူဇော်ခဲ့သော မင်းတရား၏ မျက်နှာကို ထောက်ထားရတော့မည်။ သဲအင်းဆရာတော်မှာ သာယာဝတီမင်းက အဓိကထား၍ ကိုးကွယ်နေသော ဆရာတော် ဖြစ်၍ မပါလျှင် မပြီးပေ။

ဘကြီးတော်မင်းတရားသည် ဆရာတော်ကြီးသုံးပါးကို ပင့်ဆောင်၍ “*ပြည်သူပြည်သားတို့ ငြိမ်ဝပ်ခြင်းဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ဆောင်ရွက်တော်မူကြပါ၊ အရေးတော်ပြီးလွယ်အောင် ဆောင်ရွက်ပေးတော်မူကြပါ၊* ”ဟု လျှောက်ထားသည်။

ဆရာတော် သုံးပါးနှင့်အတူ မလွန်မင်းသားကိုပါ ထည့်၍ ထိုနှစ် တန်ခူးလပြည့်ကျော် ၁၀–ရက်နေ့တွင် အင်းဝနေပြည်တော်မှ ထွက်ခဲ့ကြရာ ၁၃–ရက်နေ့တွင် ရတနာသိင်္ဃမြို့သို့ ရောက်ရှိသွားကြသည်။ သာယာဝတီမင်းသည် ရတနာသိင်္ဃသို့ ရောက်ရှိလာသော ငြိမ်းချမ်းရေး ဆရာတော်တို့ အဖွဲ့ကို အတွင်းတော်သို ပင့်၍ တွေ့ဆုံသည်။

သာယာဝတီမင်းရှေ့မှောက်တွင် ဆရာတော်တို့က “ *ယခုချိန်မှာ ညီနောင်နှစ်ပါးတို့စစ်ဖြစ်နေမှုကြောင့် ပြည်သူ သတ္တဝါအပေါင်းတို့ ဆင်းရဲကြီးစွာ ခံစားနေကြရပါသည်၊* ”ဟု မိန့်ကြားကြသည်။

သာယာဝတီမင်းက “ *ယခင် အရေးအခင်းကြီး မဖြစ်မီက ခုလို သတ္တဝါတွေ ဆင်းရဲမှာစိုးသည့်အတွက် သာသနာပိုင်ဆရာတော်ကို နှစ်ကြိမ်တိုင် လျှောက်ထားခဲ့ပါသည်၊ သာသနာပိုင်ဆရာတော်က ငြင်းပယ်ခဲ့သည့်အတွက် ယခုလို ပြဿနာ ကြီးကျယ်လာရပါသည်၊* ”ဟု လျှောက်ထားသည်။

သာယာဝတီမင်းက အချက်ကျကျ ပြန်လည် လျှောက်ထားသဖြင့် သာသနာပိုင်ဆရာတော်လည်း ဘာမျှ မပြောနိုင်။ ငေးငိုင်၍သာ နေရတော့သည်။ မှန်ပေသည်။ ပြဿနာမကြီးထွားမီက သာသနာပိုင် ဆရာတော်သာ စေ့စပ်ညှိနှိုင်း ပေးလျှင် ဤသို့ အရေးတော်ပုံကြီး ဖြစ်လာလိမ့်မည် မဟုတ်ပေ။ ယခုတော့မူ သာသနာပိုင်က ခေါင်းရှောင်မှုကြောင့် နိုင်ငံတော်အရေးအခင်းကြီးအဖြစ် ရောက်ရှိနေရလေပြီ။

စလင်းသာသနာပိုင်သည် မိမိအားနည်းချက်ကြောင့် စကားဆက်၍ မပြောနိုင်ဘဲ ရှိနေ၏။ သဲအင်းဆရာတော်ကြီးကပင် စကားဖြတ်၍ ပြောရသည်။

“*ယခု ပြောနေတာတွေက လွန်ပြီးသား ကိစ္စတွေ ဖြစ်နေပါပြီ၊ လွန်ပြီးသား ကိစ္စကို အသစ်လုပ်၍ ပြောနေခြင်းဖြင့် အကျိုးမရှိနိုင်တော့ပါ၊ ရှေ့လုပ်ငန်းကိစ္စကိုသာ ပြောဖို့လိုပါသည်၊*”

“*ကောင်းပါပြီ၊ ဆရာတော်တို့ အလိုရှိရာကိုသာ အမိန့်ရှိပါ၊ ဘယ်လို ဖြစ်သင့်တယ်*

*လို့ ပြောဆိုကြပါ၊ ”ဟု လျှောက်၏။*

## ဆရာတော်တို့ တင်ပြချက်

ဆရာတော်တို့က မင်းညီနောင်တို့၏ အနာဂတ်အရေးကို ဤသို့ မိန့်ဆိုကြသည်။

*“နောင်တော်မင်းတရားကြီး နန်းစည်းစိမ် ယူတော်မူလျှင် ညီတော်ရင်းချာ ဖြစ်သည်နှင့် အညီ တိုင်းပြည်ဝန်ကို ကူညီဆောင်ရွက်သည်၊ ယင်းသို့ နောင်တော် ညီတော်နှစ်ပါး အသင့်အတင့် ရှိနေကြသည်ကို တစ်စုံတစ်ရာ စိတ်တော် နှလုံးတော် နှောင့်ယှက်ခြင်းကိစ္စ ဖြစ်၍ အလိုတော် မကုန် ကျန်သည့်အမှုနှင့် စစ်မက်ဖြစ်ပွား ဆိုင်ပြိုင် ရှိနေကြသည်မှာ နောင်တော် ညီတော် နှစ်ပါးပင်၊–*

*“ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ဆောင်ရွက်သူချည်းဖြစ်၍ သတ္တဝါအပေါင်းကို ဘေးဘယလွတ်ကင်း ချမ်းသာခြင်း အကြောင်းကိုသာ မျှော်ထောက်တော်မူ သဖြင့် ဝိဇယာပူရမည်သော ပင်းယမြို့တည် တစ်စီးရှင် သီဟသူမင်းလက်ထက် အသခ်ယာစော ယွမ်း ဧရာဝတီမြစ်မြောက်ဘက်တစ်လွှားကို ခြားနား၍ လက်နက်နိုင်ငံပြုပြီးလျှင် တီးနန်းအပြိုင် စံနေသကဲ့သို့ ယခု ညီတော်မင်းတရားမှာလည်း ဧရာဝတီမြစ်ကို နယ်နိမိတ် အပိုင်းအခြား သတ်မှတ်ပြီးလျှင် မြောက်ဘက်တစ်လွှား အရံမြို့ပြကျေးရွာများတွင် ရှိနေသော ထီးဆောင်း မင်းအပေါင်း ခြံရံလျက် ရတနာသိင်္ဃမည်သော ကုန်းဘောင်ပြည်ကြီးနှင့်တကွ သုနာပရန္တတိုင်း အလုံးကို လက် နက်နိုင်ငံ ပြု၍ နောင်တော် ညီတော်နှစ်ပါး ချစ်ကြည်စွာ တိုင်းပြည်ဝန်ကို ဆောင်ရွက်စံနေတော် မူကြသဖြင့် သာသနာတော် အတိုင်းထက်အလွန် စည်ပင်ပွင့်လင်း၍ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ ချမ်းသာစွာ လရောင်ရိပ်ဝယ် နေကြရဘိသကဲ့သို့ ရှိမည်ကိုသာ ဆရာတော် တို့ နှစ်သက်ဝမ်းမြောက်ကြောင်း၊ ”*

( ကုန်းဘောင်ဆက် ရာဇဝင် ၊ စာ– ၁၁၀၂ )

## သာယာဝတီမင်း လျှောက်ထားချက်

သာယာဝတီမင်းသည် ဆရာတော်တို့ တင်ပြသော နယ်မြေခွဲဝေ၍ အုပ်ချုပ်သည့် ငြိမ်း ချမ်းရေးမှုကို သဘောတူ လက်ခံခဲ့သည်။ သို့သော်လည်း နေပြည်တော် အရေးအခင်းနှင့် ပတ်သက် ၍ မပြီးပြတ်စရာတွေ ရှိနေသေးသောကြောင့် ပြန်လည် လျှောက်ထားရသည်။

*“ယခု နောင်တော် မင်းတရားနှင့် ချစ်ကြည်သင့်တင့် ညီညွတ်သဖြင့် သတ္တဝါအပေါင်း ကို ချမ်းသာစေခြင်း အကြောင်းများကို မျှော်ထောက်၍ ဆရာတော်တို့ မိန့်ဆိုကြသော စကားသည် သင့်လျော်သော စကားပင် ဖြစ်ပါသည်။ သို့ရာတွင် ဧရာဝတီမြစ်ကို အပိုင်းအခြား ပြု၍ စံနေရ မည် ဆိုသောစကားသည် စလင်းစားနှင့် အပေါင်းအသင်း မှူးမတ်အရာရှိတို့သည် ပြည်သူသတ္တဝါ အပေါင်းတို့ကို နှိပ်စက်ညှဉ်းပန်း ပြုကျင့်နေသောကြောင့် ချမ်းသာရာမရ ဆင်းရဲပင်ပန်းကြီးစွာ တွေ့ကြုံရသည်နှင့် ပြည်သူတို့ သဘောတွင် စိတ်ကျ နှလုံးကျ အငြိမ်အဝပ် ရှိမည်၊ မရှိမည်ကို မသိရသေးသည် တစ်ကြောင်း၊ နောင်တော်မင်းတရားကြီးလည်း စိတ်နှလုံးနှောင့်ယှက်ခြင်း မရှိ၊ သာယာသဖြင့် အလိုတော် ရှိမည်၊ မရှိမည်ကို မသိသေးသည်လည်း တစ်ကြောင်း၊ ယင်းသို့ဖြစ်၍ ပြည်သူသတ္တဝါအပေါင်းကို ငြိမ်းချမ်းသဖြင့် နောင်တော်မင်းတရား ကြည်ကြည်သာသာ စံနေတော် မူလိုက ဆရာတော်တို့ မိန့်ဆိုသော စကားအတိုင်း သင့်လျော်ပါကြောင်း၊ ”*

( ကုန်းဘောင်ဆက် ရာဇဝင် ၊ စာ ၁၁၀၃ )

ဆရာတော်တို့ အဖွဲ့က သာယာဝတီမင်း၏ အလိုဆန္ဒကို နောင်တော်မင်းတရားအား တင်ပြမည့်အကြောင်း မိန့်ကြားကြသည်။ ထိုနောက် တန်ခူးလပြည့်ကျော် ၁၃–ရက်နေ့တွင်

ရတနာသိဃ်မှ ပြန်ကြွကြလေသည်။

## အင်းဝနန်းတွင်းရေး ပြောင်းလဲမှု

ဆရာတော်တို့ ငြိမ်းချမ်းရေးအဖွဲ့ ရတနာသိဃ်သို့ ကြွသွားစဉ်မှာပင် အင်းဝနေပြည်တော်၌ အခြေအနေသစ်များ ဖြစ်ပေါ်နေခဲ့သည်။ ဆရာတော်တို့ ကြွသွားပြီဆိုလျှင် စလင်းမြို့စားနှင့် ပင်းတလဲမင်းသား အမှူးပြုသော သာယာဝတီမင်းကို အမှူးရှာသည့် မှူးမတ်အဖွဲ့တို့ တိတ်တခိုး ဆွေးနွေးကြသည်။

" *ယခု ဆရာတော်တို့အဖွဲ့ ကြွသွားရာမှာ နောင်တော် ညီတော် နှစ်ပါးတို့ အရေးတော်ကြီး ပြီးပြေသွားတော့မည်၊ ငြိမ်းချမ်းရေး ရသွားတော့မည်၊ ငါတို့မှာမူ ပြဿနာကို ဖန်တီးသူတွေ ဖြစ်လို့ သားမယား ကျေးကျွန်နှင့်တကွ အသက်အိုးအိမ် စည်းစိမ်ပါ ပျက်စီးဆုံးရှုံးရတော့မည်၊ ဒါ့ကြောင့် အခြေအနေကို အမြန်ပြောင်းလဲ ပစ်ရမည်၊ သားတော် ညောင်ရမ်းမင်းသားကို တိုင်းပြည်အပ်မည်။ ခုခံရေးစစ်ကို ဆင်နွှဲကြမည်၊ ဒါမှသာ ငါတို့ အသက်ချမ်းသာရာရတော့မည်၊* " ဟု တိုင်ပင်ကြသည်။

ထို့နောက် ညောင်ရမ်းမင်းသားကို ထီးနန်းလွှဲအပ်ကြောင်း ညောင်ရမ်းမင်းထံ အမှုထမ်းရွက်လိုက ထမ်းရွက်နိုင်ကြောင်း မင်းတရားကြီးအမိန့်တော် ဟူ၍ လက်တစ်လုံးခြားလှည့်စားပြီး ရဲမက်တို့ကို စည်းရုံးသည်။ မြို့ကို လှည့်လည်စေသည်။ သစ္စာတော်ခံ အမှုထမ်း လူ ခုနစ်ထောင်ကျော် ရရှိလေသည်။

စလင်းစား၏ အကောက်ဉာဏ်ဖြင့် သာယာဝတီမင်းကို ခုခံတော်လှန်ခဲ့ကြသည့်အတွက် ဆရာတော်ကြီးတို့ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ ပျက်ပြယ်သွားရပြန်သည်။ သာယာဝတီမင်း၏ စစ်သည်တို့သည် ဆက်လက်တိုက်ပွဲဝင်ကြရာ နောက်ဆုံးတွင် ရတနာပူရအင်းဝမြို့တော်ကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

သာယာဝတီမင်းခေါ် ရွှေဘိုမင်းသည် အရေးတော်အားလုံး ပြီးပြေအောင် ဆောက်ရွက်ပြီးနောက် သက္ကရာဇ် ၁၁၉၉–ခု၊ ကဆုန်လပြည့်ကျော် ၁၂–ရက်နေ့တွင် နောင်တော် (ဘကြီးတော်)၏ အရိုက်အရာဖြစ်သော ထီးနန်းကို သိမ်းမြန်း စိုးစံလေသည်။

သာယာဝတီမင်းသည် ထီးနန်းရရှိပြီးနောက် ထိုနှစ် နယုန်လပြည့်ကျော် ၁၃–ရက်နေ့တွင် မိမိမင်္ဂလာအိမ်တော်စံဘဝက ကိုးကွယ်ဆည်းကပ်ခဲ့သော သဲအင်းဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက်၍ ' သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။

စလင်းဆရာတော်မှာမူကား ဘကြီးတော် နန်းကျချိန်နှင့်အတူ သာသနာပိုင်အဖြစ်မှ လျှောကျသွားရလေတော့သည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး ၊
(၂) အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း ၊
(၃) သာသနဝံသဒီပနီ ၊

( ၁၉၉၇–ခု ၊ ဇူလိုင်လ နှင့် ဩဂုတ်လထုတ် ဓမ္မရပ်စုံမဂ္ဂဇင်း မှ )

# ဗားကရာဆရာတော် နှင့် အဖွဲ့

## မြန်မာ–အင်္ဂလိပ်စစ်ပွဲ

ကုန်းဘောင်ခေတ်နှောင်း ပုဂံမင်း လက်ထက်တွင် ဒုတိယအကြိမ် မြန်မာ–အင်္ဂလိပ် စစ်ပွဲကြီး ဖြစ်ပွားခဲ့ရသည်။ ထိုအချိန်က အင်္ဂလိပ်တို့သည် ကိုလိုနီစနစ်ဖြင့် ချဲ့ထွင် စိုးမိုးနေချိန် ဖြစ်သည်။ အင်္ဂလိပ်တို့သည် အခြားနိုင်ငံတို့နှင့် ပြဿနာရှာပြီးလျှင် နယ်မြေများကို သိမ်းပိုက်နေကြသည်။

မြန်မာနိုင်ငံ၌လည်း ဘကြီးတော်မင်းတရား လက်ထက်က တစ်ကြိမ် ပထမစစ်ပွဲဖြစ်ခဲ့ ရသည်။ ထိုစစ်ပွဲအတွင်းကလည်း မြန်မာတို့ နယ်မြေအချို့ကို သိမ်းပိုက် စိုးမိုးခဲ့သည်။

အင်္ဂလိပ်တို့သည် ဒုတိယအကြိမ် စစ်ပွဲကို ဖန်တီး၍ နယ်မြေချဲ့ထွင်စိုးမိုးရေးကို ကြိုး ပမ်းလာကြပြန်သည်။ အင်္ဂလိပ်တို့က ဟံသာဝတီမြို့ဝန် ဦးအုပ်၏ ဆောင်ရွက်ချက်ကို မကျေနပ်နိုင် ကြောင်း မြန်မာမင်းထံ တိုင်ကြားရာမှ ပြဿနာကို တိုးမြှင့်၍ တင်ပြလာကြသည်။ ဆင့်ပွား ပြဿနာများကို ဖန်တီးကြသည်။ မပေးနိုင်သော အခွင့်အရေးကို တောင်းဆိုလာကြသည်။

အင်္ဂလိပ်တို့၏ မတရား တောင်းဆိုချက်တို့ကို မြန်မာတို့က မလိုက်လျောနိုင်သဖြင့် သက္ကရာဇ် ၁၂၁၄–ခု၊ တန်ခူးလ (၁၈၅၂–ခု၊ ဧပြီလ) တွင် ဒုတိယအကြိမ် မြန်မာ–အင်္ဂလိပ်စစ်ပွဲ ကြီး ဖြစ်ပွားရလေသည်။

ပုဂံမင်းသည် အင်္ဂလိပ်တို့နှင့် စစ်ပွဲကြီးကို စစ်သည်ရဲမက်များစွာ စေလွှတ်၍ တိုက်ခိုက် နေရသည်။ အောက်ပိုင်း မြန်မာပြည်တွင် ကျူးကျော်သူ အင်္ဂလိပ်တို့နှင့် အပြင်းအထန် တိုက်ခိုက် နေရသဖြင့် ပုဂံမင်းမှာ စိတ်မအား လူမအား ဖြစ်နေသည်။

ဤစစ်ပွဲတွင် ကျူးကျော်သူ အင်္ဂလိပ်တို့က အသာစီးရနေပြီ။ ဧပြီလ ၅–ရက်တွင် မုတ္တမ၊ ၁၄–ရက်နေ့တွင် ရန်ကုန်၊ မေလ ၁၉–ရက်နေ့တွင် ပုသိမ်၊ အောက်တိုဘာလတွင် ပြည်မြို့အထိ တက်ရောက် သိမ်းပိုက်နေလေပြီ။

ပုဂံမင်းသည် ပြည်မြို့ကျဆုံးသော ၁၈၅၂–ခု၊ အောက်တိုဘာလ ၁၅–ရက်နေ့အထိ စစ်ပြေငြိမ်းရေးကို မစဉ်းစားသေး။ ရှိသည့်အင်အားဖြင့် ကျူးကျော်သူတို့ စစ်ပွဲကို တွန်းလှန် တိုက်ခိုက်နေဆဲသာ ဖြစ်သည်။ အကယ်၍ အင်္ဂလိပ်တို့ တိုက်ခိုက်မှုကို မခံနိုင်လျှင် ကုန်းဘောင် ရွှေဘိုသို့ ဆုတ်ခွာရင်း တိုက်ခိုက်သွားမည်ဟု ကြေညာထားသည်။ ပုဂံမင်းသည် လေ့ခွက်ချည်း ကျန်သော်လည်း အလံမလှဲသော စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ချက် ချထားလေသည်။

## မြွေပူရာ ကင်းမှောင့်

ပုဂံမင်းသည် နိုင်ငံခြားသား တိုင်းတစ်ပါး ကျူးကျော်သူတို့နှင့် တိုက်ခိုက်နေရသော ကြောင့် စစ်ပန်းကျနေပြီ။ စစ်ပွဲကလည်း အရှုံးနှင့် ရင်ဆိုင်နေရသည်။ ပုဂံမင်းအတွက် စိတ်မအေး စရာ ပြဿနာကြီးကို ခံစားနေရလေသည်။

ထိုအချိန်တွင် နန်းတော်တွင်း၌ ပြဿနာတစ်ခု ပေါ်ပေါက်လာ၏။ သက္ကရာဇ် ၁၂၁၄–ခု၊ နတ်တော်လအတွင်း ရွှေမြို့တော် အနောက်ပြင် ဓာတ်နန်းရပ်၌ အထိန်းတော် တောင်ပြုန်း ကြီးမြို့၊ ဟင်္သာတမြို့စား မိရွှေ၏ ညီမ မိဘဲအိမ်ကို ညဉ့်နှစ်ချက်တီးကျော်တွင် ဓားပြများ ဝင်ရောက် တိုက်ခိုက်ကြသည်။

ထိုသတင်းကို ပုဂံမင်းတရား ကြားသဖြင့် မြို့ဝန် ထောင်မှူး မြို့စာရေးတို့ကို ထောက်လှမ်း

ဖမ်းဆီးစေခဲ့သည်။ ရုတ်တရက် တိုက်ခိုက်သူတို့ မမိဘဲ ရှိနေ၏။ နောက်တော်ပါ မြင်းဝန် မြို့ဝန်က ဆိုးသွမ်းဖူးသူ လူဆိုးစာရင်းဝင်ဖြစ်သော မုံရွေး ရွှေကျောင်းရွာသား ငရွှေညာနှင့် ငလတ်တို့ကို ခေါ်ယူစစ်မေးသည်။ ယင်းတို့က ဓားပြမတိုက်မီက ကနောင်မင်းသား အိမ်တော် အမှုထမ်းသူ ငယောကလေး၊ ငထွန်းပွင့်၊ ငရွှေစိုင်းတို့ ဆင်းသွားသည်ကို မြင်ရကြောင်း ထွက်ဆိုသည်။

ထိုထွက်ဆိုချက်အရ သက်ဆိုင်ရာတို့က ကနောင်မင်းသား၏ အိမ်တော်အမှုထမ်းတို့ကို ခေါ်ယူ၍ မေးစစ်သည်။ ကနောင်အမှုထမ်းတိုက မိမိတို့ တိုက်ခိုက်ခြင်း မဟုတ်ကြောင်း ငြင်းဆိုကြသည်။

ပြဿနာသည် ဤမျှဖြင့် မပြီးဆုံးသေး။ ဆက်လက်စစ်မေးရန် အတွက် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ အိမ်တော်အမှုထမ်း လူ ၁၀–ကျော်ကို မေးစစ်ရန် မင်းတုန်းမင်း အကြီးတော်၏ စာရေးငပေ၊ ကနောင်မင်း အကြီးတော်၏ စာရေး ငရေးတို့ထံ တောင်းဆိုသည်။

ဤကိစ္စကို မကျေနပ်သူကား ကနောင်မင်းသား ဖြစ်သည်။ ဤကိစ္စကို ဖြေရှင်းရန် အကြီးတော် ငရန်ဝေးကို ခေါ်၍ နောင်တော် မင်းတုန်းမင်းသား၏ အိမ်တော်သို့ ထွက်လာခဲ့၏။

## ကနောင်မင်းသား၏ တိုက်တွန်းချက်

ကနောင်မင်းသားသည် နောင်တော်မင်းတုန်းမင်းသား၏ စံအိမ်တော် ဥယျာဉ်တွင်း ဝင်၍ ပြောကြားသည်။

*"နောင်တော်၊ အထိန်းတော် မိရွဲညီမ မိဘဲအိမ်ကို ဓားပြတိုက်ရာမှာ ညီတော် နောင်တော်တို့ မင်္ဂလာအိမ်တော်က ကျွန်အမှုထမ်းများ တစ်ယောက်မျှ မပါပါ၊ ဒီလိုအပါဘဲနှင့် ညီတော်တို့ မင်္ဂလာအိမ်တော်က ဖြစ်လေဟန် အမှုရှာကြံပြီး နောင်တော် ပုဂံမင်းတရားထံ မဟုတ်မမှန် လျှောက်တင်၍ တောင်းဆိုနေခြင်း ဖြစ်ပါသည်၊ ကျွန်တော်မျိုးတို့နှင့်အတူ အသက်လွတ်ရာ လွတ်ကြောင်း ထွက်သွားမှ သင့်ပါတော့မည်၊ "*

ကနောင်မင်းသားသည် ပြဿနာအသေးအဖွဲကို အကြောင်းခံ၍ ပုဂံမင်းကို တော်လှန်ပုန်ကန်ရန် အကြံပြုနေသည်။ မင်းတုန်းမင်းသားကမူ ဤကိစ္စသည် နေပြည်တော်က ထွက်ခွာရလောက်အောင် မကြီးကျယ်ဟု ယူဆသည်။

ယခုအချိန်တွင် နောင်တော်ပုဂံမင်းတရားမှာ အင်္ဂလိပ်တို့နှင့် စစ်ရေးက အလွန်အရေးကြီးနေ၏။ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရ၏။ ယခုလိုအချိန်မျိုးတွင် မိမိတို့က နေပြည်တော်ကို ကျောခိုင်း မသွားသင့်။ ပုန်ကန် ထကြွမှုကို မပြုလုပ်သင့်ဟု ထင်သည်။ အကယ်၍ မိမိတို့က နေပြည်တော်မှ ထွက်ခွာပြီး တော်လှန်ကြမည်ဆိုလျှင် မြွေပူရာ ကင်းမှောင့်ဆိုသကဲ့သို့ ဖြစ်မည်။ နိုင်ငံတော်အတွက်လည်း နစ်နာတော့မည်။ ထို့ကြောင့် ညီတော်ကနောင်မင်းသား၏ လျှောက်တင်ချက်ကို ငြင်းပယ်ရသည်။

*"ညီတော်၊ ငါတို့ဟာ ခမည်းတော် မရှိသည့်နောက် နောင်တော် ပုဂံမင်းတရားကိုပင် ခမည်းတော်အမှတ်နှင့် နေလာခဲ့ကြသည်၊ ငါတို့ ညီနောင်နှစ်ပါးကိုလည်း မြို့စားတွေ ပေးပြီး ချီးမြှောက်ထားခဲ့သည်။ နောင်တော်ပုဂံမင်းတရားရဲ့ ကျေးဇူးတွေ ငါတို့မှာ များစွာ ရှိနေပါသည်၊ ဒါကြောင့် နောင်တော် ပြုလိုရာ ပြုပါစေ၊ ငါတို့ ခံတော့မည်၊ ဘယ်ကိုမျှ မသွားလိုပါ၊"*

မင်းတုန်းမင်းသား၏ စကားကို ကနောင်မင်းသားက သဘောကျဟန် မတူပေ။

*"ကောင်းပါပြီ၊ နောင်တော်နှင့် ညီတော်တို့က နောင်တော်မင်းတရားရဲ့ ကျေးဇူးကို အသက်ပေးပြီး ဆပ်မည်ဆိုလျှင် ဆပ်ပါတော့၊ သို့ပေမယ့် ညီတော်တို့ အမှုထမ်းတွေကို ဘေးဒုက္ခ မရောက်အောင်တော့ ဆောင်ရွက်ပေးပါ၊ သူတို့ကို နေပြည်တော်နှင့် ဝေးရာကို ပို့ထားမှ သင့်ပါမည်၊ "*

## မင်းတုန်းမင်းလည်း မငြင်းတော့ပြီ

မင်းတုန်းမင်းသားသည် အိမ်တော်ကျေးကျွန် အမှုထမ်းတို့ကိစ္စကို လေ့လာမေးမြန်းသည်။ ယခုအမှုမှာ လွှတ်တော်၊ ရုံးတော်၊ ဖြတ်တိုက်တော်တို့က စစ်ဆေးသည် မဟုတ်။ တောင်ဥယျာဉ်တော်အတွင်း တောင်ထားဝယ်ဗိုလ်နှင့် ပုဏ္ဏားဝန်တို့ကသာ စစ်ဆေးနေသော အမှုဖြစ်သည်။

ထိုနောက် အနောက်အတွင်းတော်မှ မိဖုရားငယ် အပျိုတော်တို့ထံ စုံစမ်းရာတွင်လည်း မိမိတို့ ညီနောင်နှစ်ပါးသည် သူခိုးဓားပြမွေးဟန် အထင်မှားအောင် ပြုလုပ်ခြင်း ဖြစ်နိုင်ကြောင်း ထင်ကြေးပေးကြ၏။

မင်းတုန်းမင်းသားကြီးသည် မိမိတို့ အခြေအနေမှန်ကို နောင်တော်ကြီး ပုဂံမင်းတရားထံ အမြင်မှန်ရအောင် တင်ပြလျှောက်ထားသင့်ပေသည်။ သို့သော်လည်း ဤဆောင်ရွက်မှုကို မပြုလုပ်ဘဲ အရေးအခင်း အခြေအနေကို ညီတော် ကနောင်မင်းနှင့် ထပ်မံ ညှိနှိုင်းပြန်သည်။

ထိုအခါ ကနောင်မင်းသားသည် မိမိလိုချင်သော အကွက်ကို ရလာပြန်သဖြင့် ပုန်ကန်ခြားနား၍ ထီးနန်းကို လုယူရန် အပူတပြင်း စည်းရုံးတော့သည်။

*“ နောင်တော်၊ ယခုကိစ္စက နောင်တော်နှင့် ညီတော်တို့ကို အမှုပတ်အောင် စည်းရုံးလျှောက်တင်နေခြင်း ဖြစ်ပါသည်၊ မင်းတရားက ယုံကြည်မည်ဆိုလျှင် ညီတော် နောင်တော်တို့ နှစ်ပါးလုံး ချီးမြှင့်ထားတာတွေကို ရုပ်သိမ်းပြီး သားမယား ကျေးကျွန်တွေကိုပါ ဒုက္ခပေးနိုင်ပါသည်၊ ညီတော် ပြောသလိုသာ ဆောင်ရွက်ပါတော့၊ နေပြည်တော်က ထွက်ပြီး ဗိုလ်ပါအင်းအားကို စုရုံးပါ၊ နောင်တော် မင်းဖြစ်ချိန် တန်ပါပြီ၊ ဟို– ငယ်စဉ်ဘဝက မယ်တော်ဘုရား ပြောတာကို မှတ်မိသည်မဟုတ်လား၊ နောင်တော်ဟာ ရွှေနန်းစည်းစိမ် ရမည့်သူလို့ မယ်တော်က ပြောပြခဲ့ပါသည်၊ ယခုဆိုလျှင် ပြည်သူတွေကလည်း နောင်တော်ကို လိုလားနေကြပါပြီ၊ မင်းအဖြစ်ကို ရယူဖို့သာ ကြိုးစားပါ၊ နေပြည်တော်က ထွက်ပြီး သတ္တဝါတွေ အကျိုးငှာ မင်းစည်းစိမ်ကို ယူတော်မူပါ၊ ”*

မင်းတုန်းမင်းသားကြီးသည် ကနောင်မင်းသား၏ စည်းရုံးမှုကို ကျေနပ် နှစ်သက်သွားသည်။ မင်းစည်းစိမ်ကို လိုချင်သော အလိုရမ္မက်က လူပ်ကြွလာသည်။ မိမိမင်းဖြစ်မည့် အတိတ်ကောင်း နိမိတ်ကောင်းတွေကို ပြန်၍ အမှတ်ရလာသည်။ မိမိသည် မင်းဖြစ်ရမည့်သူပါလားဟု စိတ်အတွေးနှင့် သွေးမြောက်သွားလေပြီ။ ထို့ကြောင့် ညီတော် ကနောင်၏ စည်းရုံးချက်ကို သွက်သွက်ကြီး လက်ခံလိုက်လေသည်။

## ရှင်နည်းရာ အဂ္ဂလူထွက်

ထိုအတောအတွင်း မိဘဲအိမ် ဓားပြတိုက်မှုကို မြို့ဝန်ကိုယ်တိုင် အပူတပြင်း စစ်ဆေးနေရာ နောက်ဆုံးတွင် အမှုမှန် ပေါ်ပေါက်လာသည်။ ဓားပြအဖွဲ့မှာ အထိန်းတော် မိရွှဲ အဆောင်ကိုင် ခေါင်း ငလှိုင်း၊ ငရွှေသီး၊ ငပုတ်တူနှင့် အဖွဲ့က တိုက်ခိုက်ခြင်း ဖြစ်သည်။ ဓားပြအဖွဲ့ဝင် ၁၀– ကျော်ကို တိုက်ရာပါ ပစ္စည်းများနှင့် အတူ ဖမ်းမိလေသည်။

ဓားပြတိုက်မှုကို ဖော်ထုတ်နိုင်ခဲ့ပြီ။ အမှုမှန် ပေါ်ခဲ့ပြီ။ သို့ပါသော်လည်း ကနောင်မင်းသားသည် ထီးနန်းကို လုယူရန်သာ အာသီသ ပြင်းထန်နေသဖြင့် မိမိတို့ အကြံအစည်အတိုင်းသာ ဆက်လက် ဆောင်ရွက်ရန် နောင်တော် မင်းတုန်းမင်းသားအား တိုက်တွန်းသည်။

ဤသို့ဖြင့် မင်းတုန်းမင်းသားနှင့် ကနောင်တို့သည် သားတော် သမီးတော် ကိုယ်လုပ်မောင်းမ ၃၀၀–ကျော်တို့ကို ခေါ်ဆောင်၍ သက္ကရာဇ် ၁၂၁၄–ခု၊ ပြာသိုလဆန်း ၈–ရက်နေ့၊ ညဥ့်လေးချက်တီး အချိန်တွင် နေပြည်တော်မှ ထွက်ခွာသွားကြလေသည်။

ထိုအချိန်တွင် မြန်မာ–အင်္ဂလိပ်စစ်ပွဲကလည်း အရေးကြီး တင်းမာနေချိန် ဖြစ်သည်။

မြန်မာတို့ဘက်မှ အရေးနိမ့်နေချိန်လည်း ဖြစ်သည်။ ထိုအထဲတွင် မင်းတုန်းတို့ ညီနောင်က ရွှေနန်းသစ္စာတော်ကို မစောင့်သိဘဲ နေပြည်တော်ကို ပုန်ကန်သွားကြရာ စစ်သည်အင်အားများလည်း ပဲ့ပါသွား၏။ မင်းတုန်းမင်းသားတို့ အဖွဲ့သည် ရွှေဘိုကို အခြေပြု၍ အညာစခန်းစဉ်တစ်လျှောက်ကို စည်းရုံးပြီး စစ်သည်အင်အားကို စုရုံးနေကြသည်။

မင်းတုန်းမင်းသားတို့ ပုန်ကန်ရန် ထွက်သွားစဉ်က ပဲခူးမြို့သည် မြန်မာတို့လက်အောက်၌သာ ရှိသေးသည်။ မင်းတုန်းတို့ ပုန်ကန်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ပဲခူးတွင် အင်္ဂလိပ်တို့နှင့် တိုက်ပွဲဝင်နေသော မြန်မာစစ်သည်တို့အား နေပြည်တော်သို့ ပြန်ခေါ်ရသည်။

ပုဂံမင်းတရားသည် အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရသော စစ်ပွဲအပြင် မင်းတုန်းမင်းသားတို့နှင့်လည်း အိမ်ကြက်ချင်း ခွပ်သလို တိုက်ခိုက်နေရပြန်သည်။ မင်းတုန်းတို့ ပုန်ကန်မှုသည် ပုဂံမင်းအတွက် ရေနစ်ချိန်မှာ ဝါးကူထိုး ခံရသကဲ့သို့ အကျပ်အတည်းကြီးစွာ ဖြစ်ပေါ်ခဲ့လေသည်။

ဒီဇင်ဘာ ၁၄–ရက်နေ့တွင် အင်္ဂလိပ်တို့သည် ပဲခူးမြို့ကို သိမ်းပိုင်နိုင်ကြသည်။ ဒီဇင်ဘာ ၂၀–ရက်နေ့တွင်မူ အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်လေတော့သည်။

## ပုဂံမင်း၏ လျှောက်ထားချက်

ပုဂံမင်းသည် အင်္ဂလိပ်တို့နှင့်သာ စစ်ဖြစ်နေစဉ်က မာန်မချခဲ့ပေ။ နေပြည်တော်ကျဆုံးလျှင်ပင် ရွှေဘိုသို့ ပြောင်း၍ ခုခံမည်ဟု စိတ်သန်နေခဲ့သည်။ ယခုလို ပြည်တွင်းစစ်ကြီး ထပ်မံ ဖြစ်ပေါ်လာသောခါ၌မူ စိတ်ပျော့ အားလျှော့ခဲ့ရပြီ။ ပြည်တွင်းအင်အားသည် တိုင်းတစ်ပါးကျူးကျော်သူတို့အတွက် မဟုတ်ဘဲ ပြည်တွင်းသား အချင်းချင်း တိုက်ခိုက်၍ အားအင်ကုန်ခန်းကြလေသည်။

ပုဂံမင်းသည် ဘက်ပေါင်းစုံက ထိုးနက်မှုဒဏ်ကို မခံရပ်နိုင်တော့။ အုပ်ချုပ်မှု ယန္တယားကို ကိုင်တွယ်လိုစိတ်လည်း မရှိတော့ပြီ။ ပြည်တွင်းစစ်မီးကို အေးငြိမ်းအောင် ဆောင်ရွက်တော့မည်။ စစ်ရပ်စဲရေးအတွက် ခမည်းတော် သာယာဝတီမင်း လက်ထက်ထက်ကကဲ့သို့ ဆရာတော်တို့ကို စေလွှတ်၍ ငြိမ်းအေးစေရန် ဆောင်ရွက်ရတော့မည်။

ပုဂံမင်းသည် မိမိသာသနာပိုင် တင်မြှောက်ပူဇော်ထားသော ' ပညာဇောတာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု 'ဘွဲ့တံဆိပ်တော်ရ ဒုတိယဖားကရာ သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် ရွှေစေတီဆရာတော်၊ သစ်ဆိမ့်ဆရာတော်တို့ကို ရွှေနန်းတော်သို့ ပင့်ဆောင်သည်။ နန်းတော်တွင်းတွင် မင်းညီမင်းသား မှူးမတ်တို့ ရှေ့၌ ဤသို့ လျှောက်ထားသည်။

*"ဆရာတော်တို့ဘုရား၊ ယခုချိန်မှာ ညီတော် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့က မြောက်ဘက်တစ်လွှားကို စည်းရုံးသိမ်းသွင်းပြီး ခြားနားနေကြပါသည်။ တပည့်တော်တို့က တောင်ဘက်တစ်လွှားကို စည်းရုံးသိမ်းသွင်းပြီး တိုက်ခိုက်ရန်လည်း အင်အားမရှိတော့ပါ၊ စစ်သည်တို့ဟာလည်း အင်္ဂလိပ်လူမျိုးတို့နှင့် တိုက်ခိုက်နေရသဖြင့် စစ်ပန်းကျနေကြပါပြီ။ ယခုအချိန်မှာ တပည့်တော်အနေဖြင့် ပြည်တွင်းစစ် မဖြစ်သင့်ဘူးလို့ ခံယူပါသည်။ ပြည်တွင်းစစ်အောက်မှာ ပြည်သူတွေ ဒုက္ခမရောက်စေချင်တော့ပါ၊ ယခု မင်းတုန်းမင်းသားက တိုင်းပြည်အုပ်ချုပ်မင်းလုပ်လိုသည့်အတွက် အပြင်းအထန် စည်းရုံးနေခြင်း ဖြစ်ပါမည်၊ ညီတော်အလိုရှိလျှင် တိုင်းခရိုင်နိုင်ငံအလုံးကို တပည့်တော် လွှဲပြောင်း ဆောက်နှင်းပေးပါမည်၊ ပြည်တွင်းစစ်ကြီးကို ဖန်တီးနေစရာမလိုပါ၊ သို့ဖြစ်၍ စစ်သည်အမှုထမ်းတွေကို နုတ်သိမ်းပြီး ထီးနန်းကို စိုးစံလှည့်ဖို့ အရှင်ဘုရားတို့က ရတနာသိင်္ဃကို ကြွပြီး မေတ္တာရပ်ခံ ဟောပြပေးပါရန် လျှောက်ထားပါသည်။ "*

# သခင်အားရ ကျွန်တန်ဝသူ

ပုဂံမင်းသည် ဆရာတော်တို့ အဖွဲ့အား အထောက်အပံ့ ဖြစ်စေရန်အတွက် မကွေးဝန်ထောက် မဟာမင်းလှစည်သူ၊ အမှာရေး နေမျိုးသီဟသူ၊ သံတော်ခံ ငတက်ဖြိုး၊ အမိန့်တော်ရ ငဘိုးတို့ကိုပါ ထည့်သွင်းပေးလိုက်သည်။

ဒုတိယဗားကရာဆရာတော်နှင့် အဖွဲ့သည် ငြိမ်းချမ်းရေးစကားဆိုရန်အတွက် ရတနာသိင်္ခါ ရွှေဘိုသို့ ခရီးထွက်ခဲ့ကြသည်။ ဆရာတော်တို့ အဖွဲ့သည် စစ်ကိုင်းမြို့ စီရင်စု ပတူပက္ခရာရွာက စာရေးရွာလမ်းအတိုင်း ကြွသွားတော်မူကြ၏။ ခရီးအတန်ရောက်မှ ဗိုလ်ချုပ် သလုံးဝန်ကြီးက မြင်းနှင့် စေလွှတ်၍ ပင့်ခေါ်ရာ ပြန်လာကြရသည်။

သလုံးဝန်ကြီးသည် မင်းတုန်းမင်းသား၏ သစ္စာခံ တပ်တွင် ဗိုလ်ချုပ်အဖြစ် တာဝန်ယူထားရသူ ဖြစ်သည်။ ၎င်းသည် နေပြည်တော်ကို တိုက်ခိုက်ရန်အတွက် စစ်သည် အမြောက်အမြားနှင့် ချီတက်လာပြီး စခန်းချ ရပ်နားနေချိန် ဖြစ်သည်။ သလုံးဝန်ကြီးက ဆရာတော်တို့ ကြွသွားကြောင်း ကြားသိရသဖြင့် မြင်းနှင့်လွှတ်၍ ဆရာတော်တို အဖွဲ့ကို ပင့်ခေါ်တွေ့ဆုံခြင်း ဖြစ်လေသည်။

“ *ဆရာတော်တို့က ဘာကိစ္စနှင့် ရတနာသိင်္ခါကို ကြွသွားကြမှာပါလဲဘုရား၊* ”ဟု သလုံးဝန်ကြီးက မေးလျှောက်သည်။

“ *ယခု ညီနောင် နှစ်ပါး စစ်ဖြစ်နေကြသည့်အတွက် နိုင်ငံတွင်းရှိ ပြည်သူသတ္တဝါတွေ ဆင်းရဲနေကြသည်၊ သတ္တဝါတွေ ဆင်းရဲခြင်း မဖြစ်ရလေအောင် ချီတက်ဆိုက်ရောက်လာသမျှ စစ်သည်ရဲမက်တွေကို ရုပ်သိမ်းပြီး ကြေအေးစေရန် မေတ္တာရပ်ခံကြမည်၊ ညီတော် နောင်တော် နှစ်ပါးဟာ ရေ့ဆက်ပြီး သင့်တင့်ညီညွတ်စွာ နေသွားနိုင်ဖို့ မေတ္တာရပ်ခံကြမည်၊* ”ဟု ဆရာတော်တို့က ရှင်းပြကြသည်။

ဗိုလ်ချုပ်သလုံးဝန်ကြီးသည် ဆရာတော်တို့ ပြောကြားသော စကားကို အလေးအနက် နားလည်ဟန်မတူပေ။ စစ်ဝါဒီတစ်ဦး ဖြစ်သည့်အလျောက် တိုက်ခိုက်ခြင်းဖြင့်သာ အနိုင်ယူလိုသည်။ မေတ္တာဖြင့် စည်းရုံးမှုကို မလိုလားသူ ဖြစ်သည်။ ထို့ကြောင့် ဆရာတော်တို့၏ မေတ္တာစကားကို အာဏာဖြင့် တုံ့ပြန် ပြောကြားသည်။

“ *ယခု ညီတော် မင်းတုန်းမင်းတရားက တပည့်တော်ကို စစ်ကိုင်းကြောင်းချီတပ်တွေကို အုပ်ချုပ်ပြီး ချီတက်စေခဲ့ပါသည်၊ ယခု တပည့်တော်ရဲ့ တပ်တွေလည်း ရောက်ရှိနေပါပြီ၊ စစ်မက်ရေးရာ ဆိုသည်မှာ တစ်ဖက်က အင်အားကြီးလျှင် တစ်ဖက်က အလျှော့ပေး အညံ့ခံရမြဲ ဖြစ်ပါသည်၊ ယခုအချိန်မှာ ညီတော် မင်းတုန်းမင်းတရားထံကို အရှေ့ဘက် ရှမ်းကိုးပြည်ထောင်နှင့် တကွ အညာမြစ်စဉ်တစ်လျှောက် မြောက်ဘက်တစ်ခွင် တောင်ဘက်တစ်လွှားက ပျပ်ဝပ်ကျိုးနွံ နေကြပြီ၊ ဆရာတော်တို့ ပြောဟောမည့် စကားကို ပြည်သူတွေကလည်း ကြိုက်မည် မဟုတ်ပါ၊ တပည့်တော်ကလည်း ဆရာတော်တို့ကို ကြွသွားခွင့် မပေးနိုင်ပါ၊ သို့ဖြစ်၍ ဆရာတော်တို့ အလျင်အမြန် ပြန်ကြွကြပါ၊* ”ဟု တားမြစ်လေသည်။

ဒုတိယဗားကရာ ဆရာတော်တို့ အဖွဲ့သည် ဗိုလ်ချုပ်လုပ်သူ သလုံးဝန်ကြီး၏ တားမြစ်မှုကြောင့် ရတနာသိင်္ခါသို့ ကြွသွားခွင့် မရခဲ့ကြပေ။ သလုံးဝန်ကဲ့သို့ စစ်လိုလားသော သူတစ်ဦးကြောင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှု ပျက်ပြားသွားခဲ့ရသည်။ ဆရာတော်တို့ မေတ္တာငြိမ်းချမ်းရေးမှာ မအောင်မမြင် ဖြစ်သွားရလေသည်။

မင်းတုန်းမင်းလည်း နောင်တော်ပုဂံမင်းတရား၏ ဆန္ဒကို မသိနိုင်တော့ပေ။ သလုံးဝန်၏ *ကြားဖြတ် တားဆီးမှုကြောင့် နောက်ထပ် မလိုလားအပ်သော အကျိုးဆိုးများ ဖြစ်ပေါ်လာခဲ့ရလေသည်။*

ဤသို့ဖြင့် သက္ကရာဇ် ၁၂၁၄–ခု၊ တပေါင်းလဆန်း ၁၁–ရက်နေ့တွင် ပုဂံမင်းတရားသည် ညီတော် မင်းတုန်းမင်းအား ထီးနန်းကို လွှဲအပ်ခဲ့လေသည်။

**ဘုန်းနွယ် (ရေစကြို)**

**ကိုးကားစာစု။** ။ (၁) ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး ၊
(၂) အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း ၊
(၃) သာသနဝံသဒီပနီ ၊

( ၁၉၉၇–ခု၊ စက်တင်ဘာလထုတ် ဓမ္မရုပ်စုံ မဂ္ဂဇင်း မှ )

---

( ၂၀၀၁–ခု၊ ဩဂုတ်လ ၂–ရက်နေ့တွင် ကွန်ပျူတာတွင်းသို့ ထည့်သွင်း ပြီးစီးသည်။ )

အရှင်ဧသိက (ဘုန်းနွယ်)
စာပေရောင်ခြည်ကျောင်း
အောင်မြေသာယာသုဓွေးတိုက်
ရေစကြိုမြို့ ။